# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# အမျိုးသားပို့ကုန်မဟာဗျူဟာ

## ကုန်သွယ်မှုသတင်းအချက်အလက်ဝန်ဆောင်မှုကဏ္ဍ

ပို့ကုန်မဟာဗျူဟာ ၂၀၁၅-၂၀၁၉











Myanmar Ministry of Commerce
မြန်မာနိုင်ငံစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

International Trade Centre
နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာန

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# အမျိုးသားပို့ကုန်မဟာဗျူဟာ

## ကုန်သွယ်မှုသတင်းအချက်အလက်ဝန်ဆောင်မှုကဏ္ဍ

## ပို့ကုန်မဟာဗျူဟာ ၂၀၁၅-၂၀၁၉

Myanmar Ministry of Commerce

မြန်မာနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

International Trade Centre

နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာန

မြန်မာနိုင်ငံ၏ အမျိုးသားပို့ကုန်မဟာဗျူဟာသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တရားဝင်အသိအမှတ်ပြု မဟာဗျူဟာ စာတမ်းတစ်ခုဖြစ်သည်။

အမျိုးသားပို့ကုန်မဟာဗျူဟာနှင့်ပတ်သက်၍ စုံစမ်းမေးမြန်းလိုလျှင် အောက်ပါလိပ်စာသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်-


မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
ရုံးအမှတ် (၃)၊ ဇေယျာသီရိလမ်း
တယ်လီဖုန်း - +၉၅ ၆၇ ၄၀၈၄၉၅
ဖက်စ် - +၉၅ ၆၇ ၄၀၈၄၂၄
အီးမေးလ် - nesmyanmar@gmail.com



ဤမဟာဗျူဟာအား တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ အားလုံးကိုဖြစ်စေ ပုံစံတစ်မျိုးမျိုးဖြင့် သို့မဟုတ် နည်းလမ်းတစ်ခုခုဖြင့် ပြန်လည်ထုတ်ဝေခြင်း၊ ဖြန့်ချီခြင်း သို့မဟုတ် တစ်ဆင့်ပေးပို့လွှဲပြောင်းခြင်းကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်မရရှိဘဲ ဆောင်ရွက်ခွင့်မရှိပါ။


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အမျိုးသားပို့ကုန်မဟာဗျူဟာကို နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာန (ITC) ၏ လုပ်ငန်းစဉ်၊ နည်းလမ်းနှင့် နည်းပညာဆိုင်ရာအကူအညီများအပေါ်တွင် အခြေခံ၍ ပြုစုဖော်ထုတ်ထားခြင်းဖြစ်သည်။ ဤစာအုပ်တွင် ပါဝင်သောအမြင်အာဘော်များသည် ITC ၏တရားဝင်အယူအဆ၊ သုံးသပ်ချက်များကို ထင်ဟပ်ဖော်ပြထားခြင်းမရှိပါ။ ဤစာတမ်း အား ITC မှ တရားဝင်တည်းဖြတ် ပြင်ဆင်ထားခြင်းမဟုတ်ပါ။


အဆင်အပြင် - Jesus Ales – www.sputnix.es
ဓာတ်ပုံများ - © William Thatcher Dowell


နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာန (ITC) သည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့နှင့် ကုလသမဂ္ဂတို့၏ ပူးတွဲအေဂျင်စီဖြစ်သည်။


လိပ်စာ - ITC ၈၄-၆၅၊ rue de Montbrillant ၁၂၀၂ ဂျီနီဗာ၊ ဆွစ်ဇာလန်
စာတိုက်သေတ္တာ - ITC Palais des Nations ၁၂၁၁ ဂျီနီဗာ ၁၀၊ ဆွစ်ဇာလန်
တယ်လီဖုန်း - + ၄၁-၂၂ ၇၃၀ ၀၁၁၁
ဖက်စ် - + ၄၁-၂၂ ၇၃၃ ၄၄၃၉
အီးမေးလ် - itcreg@intracen.org
အင်တာနက် - http://www.intracen.org

၃

**အသိအမှတ်ပြုဖော်ပြချက်**

အောက်ပါ ကုန်သွယ်မှုသတင်းအချက်အလက်အထောက်အကူပြုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ပို့ကုန်ဆိုင်ရာ မဟာဗျူဟာ ပုံစံများသည် မြန်မာနိုင်ငံ အမျိုးသားပို့ကုန်မဟာဗျူဟာ (National Export Strategy- NES) တွင် အရေးပါသော အခန်းကဏ္ဍ တစ်ခုအနေဖြင့် ပါဝင်ဖွဲ့စည်းထားသည်။ NES သည် မြန်မာနိုင်ငံအစိုးရ၏ ပံ့ပိုးမှု၊ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီး ဌာန၏ ဦးဆောင်မှု၊ ဂျာမန်ပြည်ထောင်စုအစိုးရ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးရေး ဝန်ကြီးဌာန (BMZ) ၏ ဂျာမန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်း (GIZ) နှင့် ပူးပေါင်း၍ ဘဏ္ဍာရေး ဆိုင်ရာ ထောက်ပံ့ကူညီမှုနှင့် နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာန (International Trade Centre-ITC) တို့၏ နည်းပညာ ပိုင်းဆိုင်ရာ အကူအညီများဖြင့် ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်သည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ပူးပေါင်းညှိနှိုင်းပံ့ပိုးပေးမှု

- ဒေါက်တာမောင်မောင်အောင်၊စီးပွားရေးပညာရှင်

မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့-

- ဦးအောင်စိုး၊ ညွှန်ကြားရေးမှူးချုပ် (NES ဦးဆောင်သူ)
- ဒေါ်နော်မူတာကပေါ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်
- ဒေါ်သီတာဝင်းဌေး၊ ဒုတိယညွှန်ကြားရေးမှူး
- ဒေါ်မြမြစိန်၊ ဒုတိယညွှန်ကြားရေးမှူး

ကုန်သွယ်ရေးဦးစီးဌာန-

- ဒေါ်ရွှေစင်ကို၊ လက်ထောက်ညွှန်ကြားရေးမှူး

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် ကုန်သွယ်မှုမြှင့်တင်ရေးလုပ်ငန်းအဖွဲ့ တာဝန်ခံညှိနှိုင်းရေးမှူး

- ဦးအောင်မင်း၊ သုတေသနညွှန်ကြားရေးမှူး၊ မြန်မာ့ဈေးကွက်နှင့် သုတေသနဖွံ့ဖြိုးမှုကုမ္ပဏီလီမိတက် (MMRD)

နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာန၏ နည်းပညာပိုင်း ပံ့ပိုးကူညီဆောင်ရွက်မှု

- Mr. Paul Baker

  International consultant and author

- Mr. Darius Kurek

  Senior Officer, Export Strategy

- Mr. Charles Roberge

  Associate Advisor, Export Strategy

- Mr. Victor Deleplancque

  Research Assistant

- Mr. Prahalathan Iyer

  Exim Bank of India ( in partnership with ITC )

၄

- Ms. Karla Victoria Solis Ruiz

  Junior consultant

- Ms. Marnie McDonald

  Editor

## ပါဝင်ဆောင်ရွက်ခဲ့ကြသည့်ကုန်သွယ်မှုသတင်းအချက်အလက်ကဏ္ဍဆိုင်ရာ အဖွဲ့ဝင်များ

| | |
|---|---|
| ဦးမျိုးမြင့်မောင်၊ အထွေထွေမန်နေဂျာ၊ ပြန်ကြားရေးဝန်ကြီးဌာန | ဒေါက်တာခင်ခင်ကျော့၊ MD, Sales Marketing |
| ဦးသန်းအောင်ကျော်၊ ညွှန်ကြားရေးမှူး၊ စီးပွား/ကူးသန်း | ဦးဝင်းမြတ်ဦး၊ မန်နေဂျာ၊ Myanmar Online Co, Ltd |
| ဦးကျော်လင်းသန့်၊ ညွှန်ကြားရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန | ဦးသုတအောင်၊ MD ၊ Hamsa Hub Co, Ltd |
| ဦးကျော်ဒွန်း၊ ဒုထွေ/ဂျာ၊ သမဝါယမဝန်ကြီးဌာန | ဦးအောင်မင်း၊ သုတေသနညွှန်ကြားရေးမှူး၊ Myanmar Marketing Research & Development Co, Ltd |
| ဒေါ်လှလှ၊ ဒုတိယညွှန်ကြားရေးမှူး၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ စီမံ/စီးပွားဝန်ကြီးဌာန | ဦးမျိုးဝင်းထွန်း၊ Myanmar Marketing Research & Development Co, Ltd |
| ဦးကျော်ဇာနည်ဝင်း၊ ဒုညွှန်မှူး၊ DICA | ဦးကောင်းမြတ်ဟန်၊ Myanmar Marketing Research & Development Co, Ltd |
| ဒေါ်ခင်ဖြူဖြူသန်း၊ လ/ထ ညွှန်မှူး၊ စီမံ/စီးပွားဝန်ကြီးဌာန | ဦးကျော်လှိုင်၊ ဥက္ကဋ္ဌနှင့် သုတေသနညွှန်မှူး၊ Myanmar Survey Research |
| ဦးမောင်မောင်၊ လ/ထ ညွှန်မှူး၊ ပြန်ကြားရေးဝန်ကြီးဌာန | ဦးအောင်လင်း၊ Myanmar Survey Research |
| ဒေါ်စုစုဆက်၊ လ/ထ ညွှန်မှူး၊ ပြန်ကြားရေးဝန်ကြီးဌာန | ဒေါ်စုသက်ခင်၊ Myanmar Online Co, Ltd |
| ဒေါ်မြမြစိန်၊ ဒုတိယညွှန်ကြားရေးမှူး၊ စီးပွား/ကူးသန်း | ဒေါ်ခင်သန့်နိုင်၊ Executive Officer ၊ UMFCCI |
| ဒေါ်နှင်းပန်းဖြူ၊ ဦးစီးအရာရှိ၊ စီးပွား/ကူးသန်း | ဦးအောင်သူရ၊ Chief Strategist ၊ Ignite Marketing Communication |
| ဦးကောင်းထွဋ်အောင်၊ ဒုဦးစီးမှူး၊ စီးပွား/ကူးသန်း | ဦးကျော်မျိုးဝင်း၊ Sect oral Consultant, Asia Development Research Institute |
| မသန်းငွေ၊ အယ်ဒီတာချုပ်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း (မြန်မာ့သတင်းစဉ်) ပြည်ပ | ဦးကျော်မင်းဟန်၊ အကြံပေး၊ Mandalay Advertising |
| ဦးသန်းထူးကြည်၊ အယ်ဒီတာ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း (မြန်မာ့သတင်းစဉ်) ပြည်တွင်း | Mr. P.S Lyer ၊ Exim Bank |
| | ဒေါ်ခင်မြတ်၊ Hinrich Foundation |
| | Mr. Justin Calderon ၊ Sale Marketing |
| | ဦးနေအောင်၊ 5Network |
| | ဒေါ်မြလွင်လွင်အောင်၊ Hamsa Hub Co, Ltd |
| | ဦးညွှန့်အောင်၊ ဒု ထွေ/ဂျာ၊ 5Network |

၅

## မာတိကာ

**လုပ်ငန်းစဉ်အကျဉ်းချုပ်** ၈

**နိဒါန်း** ၁၄

**ယခုကျွန်ုပ်တို့မည်သည့်နေရာတွင် ရောက်ရှိနေသနည်း**

- မြန်မာ့ကုန်သွယ်မှုသတင်းအချက်အလက်လုပ်ငန်း၏ လက်ရှိအခြေအနေ ၁၅
- ကုန်သွယ်မှုသတင်းအချက်အလက် အဖွဲ့အစည်းဆိုင်ရာတန်ဖိုးကွင်းဆက် ၁၉
- အဖွဲ့အစည်းဆိုင်ရာ အမြင်၊ အယူအဆများ ၂၃

**ကျွန်ုပ်တို့ မည်သည့်နေရာသို့ သွားလိုပါသနည်း**

- တန်ဖိုးကွင်းဆက်တစ်လျှောက် ဆောင်ရွက်သူများသို့ အနာဂတ် ကုန်သွယ်မှု ၄၃
- သတင်းအချက်အလက် ဝန်ဆောင်မှုပေးခြင်း

**ပန်းတိုင်သို့ မည်သို့ရောက်အောင်သွားမည်နည်း**

- မဟာဗျူဟာ ဦးတည်ချက်များ ၄၆
- အတူတကွ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်မှု၏ အရေးပါပုံ ၄၇

**အသေးစိတ်လုပ်ငန်းစီမံချက်** ၄၈

**စာစုစာရင်း** ၆၇

၆

## ပုံများ

ပုံ (၁) - ကုန်သွယ်မှုသတင်းအချက်အလက်လုပ်ငန်းများ၏ လက်ရှိတန်ဖိုးကွင်းဆက်

ပုံ (၂) - အနာဂတ် ပို့ကုန်တန်ဖိုးကွင်းဆက်တစ်လျှောက် ပံ့ပိုးရမည့် ကုန်သွယ်မှုသတင်းအချက်အလက် ဝန်ဆောင်မှုများ

## ဇယားများ

ဇယား(၁)- မြန်မာ့ကုန်သွယ်မှုသတင်းအချက်အလက် မူဝါဒအထောက်အကူပြုကွန်ရက်

ဇယား(၂)- **မြန်မာကုန်သွယ်မှုသတင်းအချက်အလက်ဝန်ဆောင်မှုကွန်ရက်**

ဇယား (၃)- မြန်မာကုန်သွယ်မှုသတင်းအချက်အလက်စီးပွားရေးလုပ်ငန်းပံ့ပိုးမှုကွန်ရက်

ဇယား(၄)- မြန်မာကုန်သွယ်မှုသတင်းအချက်အလက် မြို့ပြလူ့အဖွဲ့အစည်းကွန်ရက်

ဇယား(၅)- မြန်မာကုန်သွယ်မှုသတင်းအချက်အလက် TSIs – စွမ်းဆောင်နိုင်မှုနှင့် လွှမ်းမိုးမှု နှိုင်းယှဉ်ချက်

ဇယား(၆)- မြန်မာနိုင်ငံ ကုန်သွယ်မှုသတင်းအချက်အလက်အထောက်အကူပြုကဏ္ဍ၏ လုပ်ငန်းတာဝန်များနှင့် ဆက်စပ်နေသည့် လက်ရှိဆောင်ရွက်နေသည့် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ

၇

ပုံစံများ

ပုံစံ(၁)- ကုန်သွယ်မှုသတင်းအချက်အလက် အထောက်အကူပြုကဏ္ဍ မဟာဗျူဟာရှိ တားဆီးပိတ်ဆို့မှုများ

ပုံစံ(၂)- ပို့ကုန်ယှဉ်ပြိုင်နိုင်မှု တည်ဆောက်ရန်အတွက် ကုန်သွယ်မှုသတင်းအချက်အလက်၏ အရေးပါမှု

ပုံစံ(၃)- ကုန်သွယ်မှုအထောက်အကူပြုအဖွဲ့အစည်းများ (TSIs) အကြောင်း အကျဉ်းချုပ်ဖော်ပြချက်

ပုံစံ(၄) - မြန်မာနိုင်ငံ ကုန်သွယ်မှုသတင်းအချက်အလက် အထောက်အကူပြုကဏ္ဍ၏ လုပ်ငန်းတာဝန်များရှိ မူဝါဒနှင့် အဖွဲ့အစည်းအဆင့် ကိစ္စရပ်များ

ပုံစံ(၅)- မြန်မာနိုင်ငံကုန်သွယ်မှုသတင်းအချက်အလက်အထောက်အကူပြုကဏ္ဍလုပ်ငန်းတာဝန်မှ လုပ်ငန်း အဆင့် ပြဿနာများ

၈

# လုပ်ငန်းစဉ်အကျဉ်းချုပ်

ဖွံ့ဖြိုးတိုးတက်လာနေသော ပို့ကုန်ယှဉ်ပြိုင်နိုင်မှုများအတွက် ယုံကြည်စိတ်ချရပြီး အချိန်နှင့်တပြေးညီ ရရှိနိုင်သည့် ကုန်သွယ်မှုဆိုင်ရာ သတင်းအချက်အလက်များကို ကြိုတင်ရရှိမှုသည် အရေးကြီးသော အချက်တစ်ခုဖြစ်သည်။ သို့ရာတွင် အဆိုပါကိစ္စကို မြန်မာနိုင်ငံအနေဖြင့် အာရုံစိုက်မှု နည်းပါးနေသေးသည်။ မကြာသေးမီကာလအထိ မြန်မာနိုင်ငံအစိုးရ၏ စီမံကိန်းများ၊ ဥပဒေပြုမှုများ၊ လေ့လာဆန်းစစ်ချက်များနှင့် ဖွံ့ဖြိုးမှု အစီအစဉ်များတွင် ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သက်ဆိုင်သည့် ကိစ္စရပ်များအပေါ် အလေးထား ထည့်သွင်း ဖော်ပြထားခြင်းမရှိခဲ့ပါ။ သို့သော်လည်းယခုအခါ ပို့ကုန်တန်ဖိုးကွင်းဆက်တစ်လျှောက် အောင်မြင်မှုများ ရရှိရန်အတွက် ကုန်သွယ်မှုသတင်းအချက်အလက်နှင့် ဆက်စပ်နေသည့် မူဝါဒချမှတ်သူများနှင့် ပုဂ္ဂလိကကဏ္ဍများအကြား အသိအမြင်များ ကျယ်ပြန့်လာခြင်းနှင့်အတူ ပြောင်းလဲလာနေပြီဖြစ်သည်။

## မြန်မာနိုင်ငံ၏ လက်ရှိကုန်သွယ်မှုသတင်းအချက်အလက် ဆောင်ရွက်နေမှုအခြေအနေ

မြန်မာ့ပို့ကုန်လုပ်ငန်းရှင်များအတွက် လိုအပ်သည့် ကုန်သွယ်မှုဆိုင်ရာသတင်းအချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

- ပို့ကုန်မြှင့်တင်ရေး ဆောင်ရွက်ရန် နည်းလမ်းများ၊
- အကောက်ခွန်နှင့် အကောက်ခွန်မဟုတ်သော အတားအဆီးများအပါအဝင် ဈေးကွက်ဝင်ရောက်နိုင်မည့် အခြေအနေများ၊
- ကုန်သွယ်ရေး သဘောတူညီချက်များတွင် စည်းမျဉ်းများနှင့် အကောက်ခွန်သက်သာခွင့်များ ရရှိရေး၊
- လိုက်နာဆောင်ရွက်ရမည့် လူ၊ တိရစ္ဆာန်နှင့် အပင်ပိုးမွှားရောဂါကင်းရှင်းရေး စံချိန်စံညွှန်းများနှင့် နည်းပညာဆိုင်ရာ စံချိန်စံညွှန်းများ (ကုန်သွယ်မှုဆိုင်ရာ နည်းပညာအတားအဆီးများ)
- သီးခြားစံချိန်စံညွှန်းများ
- ပြည်ပဈေးကွက်များမှ ဈေးကွက်အရွယ်အစား၊ ကုန်ပစ္စည်းဝယ်ယူသူများနှင့် အဓိကပြိုင်ဖက်များအပါ အဝင် ဈေးကွက် လေ့လာဆန်းစစ်မှုများ
- ကုန်စည်ပို့ဆောင်သိုလှောင်မှုဆိုင်ရာ အချက်အလက်များ
- စီးပွားရေးလုပ်ငန်းများနှင့် ကုန်ပစ္စည်းဝယ်ယူသူများ၏ဆက်သွယ်ရန်အချက်အလက်များ၊ ပို့ကုန်လုပ်ငန်းရှင်များနှင့် ကုန်ပစ္စည်းဖြန့်ဖြူးသူများ၏ အမည်စာရင်းများပါဝင်သည့် စီးပွားရေးဆောင်ရွက်ရန် အခွင့်အလမ်းများ၊
- ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်နှင့် အကောက်ခွန်ရှင်းလင်းရေးပုံစံများအပါအဝင် ပို့ကုန်လုပ်ငန်းနှင့် ဆက်စပ်နေသည့် အကောက်ခွန်လုပ်ထုံးလုပ်နည်းများ၊

မြန်မာ့စီးပွားရေးလုပ်ငန်းများအနေဖြင့် ဈေးကွက်များ၏ အချက်အလက်များကိုသိရှိလိုပါက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရှိ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ရှိ စီးပွားရေးသတင်းအချက်အလက် ဌာန (BIU) နှင့် ညီနောင်အသင်းအဖွဲ့များ အပေါ်တွင် အားထားနေရပါသည်။ ၎င်းတို့အတွက် လိုအပ်သည် ကုန်သွယ်မှု သတင်းအချက်အလက်များကို ရရှိနိုင်ရန်အတွက် နိုင်ငံတကာအဖွဲ့အစည်းများမှ ပံ့ပိုးပေးသည့် သတင်းအချက်အလက်များ၊ စုဆောင်းထားသည့် အချက်အလက်များကို အသုံးပြုမှု မရှိသလောက်ပင်ဖြစ်သည်။ ကုန်သည်စက်မှု အသင်းချုပ်နှင့် ဝန်ကြီးဌာနများကဲ့သို့သော ပြည်တွင်းသတင်းအချက်အလက် ရင်းမြစ်များကို အသုံးပြုနေကြသော်လည်း စီးပွားရေးလုပ်ငန်းများ၏ လိုအပ်ချက်များကို ထိရောက်စွာ ဖြည့်ဆည်းပေးနိုင်မည့် သတင်းအချက်အလက်ကွန်ရက် မရှိသေးပါ။

၉

## ပို့ကုန်ယှဉ်ပြိုင်နိုင်မှုအတွက် အတားအဆီးများ

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် ဆက်စပ်နေသည့် ပို့ကုန်ယှဉ်ပြိုင်နိုင်မှုအတွက် အတားအဆီးများအား ရှုထောင့် နှစ်မျိုးဖြင့် လေ့လာနိုင်သည်။ ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များနှင့် ကုန်သွယ်မှု အထောက်အကူပြု အဖွဲ့အစည်းများ၏ ဝန်ဆောင်မှုများဖြန့်ဖြူးမှုတို့နှင့် ဆက်စပ်နေသည့် မူဝါဒပိုင်းနှင့် အဖွဲ့အစည်းအဆင့် အတားအဆီးများနှင့် စီးပွားရေးလုပ်ငန်းများအကြား ကုန်သွယ်မှုသတင်းအချက်အလက်လုပ်ငန်းပိုင်းတွင် စွမ်းဆောင်နိုင်မှု ကွာဟချက်များနှင့် ဆက်စပ်နေသည့် စီးပွားရေးလုပ်ငန်းအဆင့် အတားအဆီးများဖြစ်သည်။

**မူဝါဒပိုင်းနှင့် အဖွဲ့အစည်းအဆင့် အတားအဆီးများ** တွင်-

- ကုန်သွယ်မှုသတင်းအချက်အလက်များကို လွတ်လပ်စွာ ရရှိနိုင်မှုမရှိခြင်း၊
- ကုန်သွယ်မှုသတင်းအချက်အလက် အကြံပေးလုပ်ငန်းများနှင့် သုတေသနအထူးပြုအဖွဲ့အစည်းများတွင် အတွေ့အကြုံ မရှိခြင်း၊
- ကုန်သွယ်မှုသတင်းအချက်အလက်ဆိုင်ရာ မူဝါဒပိုင်းတွင် အားနည်းနေခြင်း၊
- ကုန်သွယ်မှုအထောက်အကူပြု အဖွဲ့အစည်းများအကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှု အားနည်းခြင်း၊
- ကုန်သွယ်မှုအထောက်အကူပြု အဖွဲ့အစည်းများက နိုင်ငံတကာ ဈေးကွက်အချက်အလက်များကို ကောက်ယူစု ဆောင်းမှု နည်းပါးနေသေးခြင်း၊
- ကုန်သွယ်မှုသတင်းအချက်အလက်များကို တစ်နေရာတည်းတွင် ရရှိနိုင်သည့် အင်တာနက် ဝက်ဘ်ဆိုဒ် တစ်ခု လိုအပ်နေသေးခြင်း၊
- အစိုးရနှင့် ကုန်သွယ်မှုအထောက်အကူပြု အဖွဲ့အစည်းများအကြား ကုန်သွယ်မှုသတင်းအချက်အလက် ဖလှယ်မှု အားနည်းနေသေးခြင်းနှင့်
- ရန်ကုန်မြို့ပြင်ပတွင် လုပ်ငန်းဆောင်ရွက်နိုင်မှု အားနည်းနေသေးခြင်းတို့ ပါဝင်ပါသည်။

**စီးပွားရေးလုပ်ငန်းအဆင့် အတားအဆီးများ** တွင်-

- ပို့ကုန်ဈေးကွက်ရှာဖွေရေး မဟာဗျူဟာတစ်ခုအတွက် လိုအပ်သည့်သတင်းအချက်အလက်အမျိုးအစား ဆိုင်ရာ ဗဟုသုတနည်းပါးခြင်း၊
- စီးပွားရေးလုပ်ငန်းများအကြား သတင်းအချက်အလက် ကူးလူးဖလှယ် ထောက်ပံ့ပေးခြင်းနှင့် အင်တာနက် ကွန်ရက်များ ချိတ်ဆက်ဆောင်ရွက်မှု အထွေထွေအားနည်းနေသေးခြင်း၊
- စီးပွားရေးလုပ်ငန်းများ၏ ဆုံးဖြတ်ချက်ချမှတ်ခြင်းမူဘောင်အတွင်း ကုန်သွယ်မှုသတင်းအချက်အလက် များအား ပေါင်းစပ်ဆောင်ရွက်မှု အားနည်းနေသေးခြင်းတို့ ပါဝင်ပါသည်။

## အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရွေးချယ်ဆောင်ရွက်ရန် နည်းလမ်းများ

ကုန်သွယ်မှုသတင်းအချက်အလက်၏ လုပ်ငန်းတာဝန်ပိုင်း တိုးတက်မှုများသည် မြန်မာ့ပို့ကုန် ယှဉ်ပြိုင် နိုင်စွမ်းကို ဖွင့်လှစ်ပေးရန်အတွက် အဓိကအရေးကြီးသော အချက်ပင်ဖြစ်သည်။ အဆိုပါအချက်ကို အခြေခံ၍ အောက်ပါ မျှော်မှန်းချက်ကို ချမှတ်ခဲ့ပါသည်-

**“ တန်ဖိုးကွင်းဆက်တစ်လျှောက် ပါဝင်ဆောင်ရွက်လုပ်ကိုင်သူများသို့ ကုန်သွယ်မှုသတင်းအချက်အလက် များ အချိန်မီပံ့ပိုးပေးခြင်းဖြင့် ပို့ကုန်ဦးဆောင်သည့် ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ပေါ်လာစေရန်။”**

အောက်တွင် ဖော်ပြထားချက်များသည် အနာဂတ် ကုန်သွယ်မှုသတင်းအချက်အလက် လုပ်ငန်း တာဝန် များကို ဖော်ဆောင်ရာတွင် အဓိကအချက်များ ဖြစ်လာမည်ဖြစ်သည်။ အဆိုပါအချက်များအားလုံးကို အထောက်

အကူပြုကဏ္ဍ၏ မဟာဗျူဟာလုပ်ငန်းစီမံချက်များ (POA) တွင် ဆောင်ရွက်ရမည့် အချက်များအနေဖြင့် ထည့်သွင်းဖော်ပြထားသည်-

- မြန်မာနိုင်ငံရှိ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေသူများနှင့် သင့်လျော်မည့် ကုန်သွယ်မှုသတင်းအချက်အလက်၏ အခန်းကဏ္ဍနှင့် အရည်အသွေးကို မြှင့်တင်ရန်၊
- သတင်းမီဒီယာချန်နယ်များကို ဆန်းသစ်တီထွင်ခြင်းဖြင့် ဝေးလံခေါင်းပါးသည့် ဒေသများရှိ ပြည်သူများအထိပါ ကုန်သွယ်မှုသတင်းအချက်အလက်များကို တိုးတက်ဖြန့်ဖြူးနိုင်ရန်၊
- မြန်မာနိုင်ငံနှင့် ကုန်သွယ်ဖက်နိုင်ငံများနှင့် လွယ်ကူစွာ ကုန်သွယ်မှုပြုနိုင်ရန်အတွက် ကဏ္ဍအလိုက်၊ ဈေးကွက် အလိုက်နှင့် ကုန်ပစ္စည်းအလိုက် တိကျသော အသေးစိတ်အချက်အလက်များကို ပံ့ပိုးပေးရန်၊
- စီးပွားရေးလုပ်ငန်းများအကျိုးအတွက် လက်ရှိကုန်သွယ်မှုသတင်းအချက်အလက် ရင်းမြစ်များအား ပေါင်းစပ်စုစည်း၍ လုပ်ငန်းများ၏ စွမ်းဆောင်နိုင်မှု တိုးတက်လာစေရန်

## မဟာဗျူဟာမြောက် အကောင်အထည်ဖော်ရေးလမ်းပြမြေပုံ

မဟာဗျူဟာ၏ လုပ်ငန်းစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် မဟာဗျူဟာ မျှော်မှန်းချက်နှင့် အဓိက လုပ်ငန်းဆောင်ရွက်ချက်များကို ရရှိနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ကုန်သွယ်မှုအချက်အလက်ဆိုင်ရာ အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများအတွက် ဆောင်ရွက်ရမည့် အချက်အလက်များကို အောက်ပါ မဟာဗျူဟာဦးတည်ချက်လေးရပ်ဖြင့် ဖော်ပြထားပါသည်-

- ကုန်သွယ်မှုသတင်းအချက်အလက် စုဆောင်းမှုအခြေအနေကို တိုးမြှင့်ရေး။
- မြန်မာနိုင်ငံအတွင်း ကုန်သွယ်မှုသတင်းအချက်အလက်များကို လက်လှမ်းမှီမှုနှင့် ဆက်စပ်မှု တိုးမြှင့်ရေး။
- ကုန်သွယ်မှုသတင်းအချက်အလက်များ၏ အရည်အသွေးနှင့် အချိန်မီရရှိမှုကို မြှင့်တင်ရေး။
- မြန်မာနိုင်ငံအတွင်းရှိ **ကုန်သွယ်မှုအထောက်အကူပြုအဖွဲ့အစည်းများအကြား** ပေါင်းစပ် ညှိနှိုင်းမှုနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး။

ယင်းဦးတည်ချက်များ အောင်မြင်ရေးအတွက် ဆက်စပ်နေသည့် အစိုးရ-ပုဂ္ဂလိက အဖွဲ့အစည်းများအပြင် ငွေကြေးနှင့် နည်းပညာ ထောက်ပံ့ပေးနေသည့် မိတ်ဖက်အဖွဲ့အစည်းများ၊ အလှူရှင်အဖွဲ့အစည်းများ၊ ရင်းနှီးမြှုပ်နှံသူများ၏ စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်မှုများ လိုအပ်မည်ဖြစ်ပါသည်။ ယင်းလုပ်ငန်းစီမံချက်များအတွက် စုစုပေါင်းခန့်မှန်းကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၄.၇ သန်း ဖြစ်ပါသည်။ မဟာဗျူဟာ၏ လုပ်ငန်းစီမံချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဦးဆောင်အခန်းကဏ္ဍမှ ဆောင်ရွက်သွားမည့် အဖွဲ့အစည်းများကို ရွေးချယ်သတ်မှတ်ထားပြီးဖြစ်ပြီး မဟာဗျူဟာကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်သွားနိုင်ရေးအတွက် တာဝန်ယူဆောင်ရွက်သွားရမည်ဖြစ်သည်။ ကုန်သွယ်မှုသတင်းအချက်အလက် လုပ်ငန်းများကို လုပ်ဆောင်နေသည့် အဖွဲ့အစည်းများကလည်း ယင်းဦးဆောင်အဖွဲ့အစည်းများကို ကူညီထောက်ပံ့ပေးသွားမည်ဖြစ်သည်။ ပို့ကုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဖွဲ့အစည်းတစ်ခုချင်းစီက ဆောင်ရွက်ရမည့် အချက်များကို မဟာဗျူဟာလုပ်ငန်းစီမံချက်တွင် ရှင်းလင်းစွာ ဖော်ပြထားပြီးဖြစ်သည်။

ထို့အပြင် အမျိုးသားပို့ကုန်မဟာဗျူဟာ မူဘောင်အတွင်း မဟာဗျူဟာကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မြန်မာ့ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ (Myanmar Trade Development Committee- MTDC) နှင့် ၎င်း၏ အတွင်းရေးမှူးရုံးအဖွဲ့မှ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် စောင့်ကြည့် လေ့လာအကဲဖြတ်ခြင်းတို့ကို ဆောင်ရွက်သွားမည် ဖြစ်သည်။ အထူးသဖြင့် မြန်မာ့ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ

သည်မဟာဗျူဟာတွင်ပါဝင်ပတ်သက်လုပ်ကိုင်နေသူများမှတဆင့်ကြိုးပမ်းအားထုတ်မှုနှင့် ရင်းမြစ်များကို အကောင်းဆုံးခွဲဝေဆောင်ရွက်နိုင်ရန်အတွက် မဟာဗျူဟာလုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ပုံစံ(၁)- **ကုန်သွယ်မှုသတင်းအချက်အလက် အထောက်အကူပြုကဏ္ဍ မဟာဗျူဟာရှိ တားဆီးပိတ်ဆို့မှုများ**

အောက်တွင် ဖော်ပြထားချက်များသည် ကုန်သွယ်မှုသတင်းအချက်အလက် အထောက်အကူပြုကဏ္ဍ မဟာဗျူဟာရှိ တားဆီးပိတ်ဆို့နေမှုများ ဖြစ်ပါသည်-

## မြန်မာ့ကုန်သွယ်မှုသတင်းအချက်အလက်လုပ်ငန်း၏ လက်ရှိအခြေအနေ

ဤကဏ္ဍတွင် မြန်မာ့ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်သွယ်မှုသတင်းအချက်အလက်၏ ဆက်စပ် နေမှုကို ရှင်းလင်းဆွေးနွေးပြီး အမျိုးသားမူဘောင်ကို ရှုမြင်သုံးသပ်ထားပါသည်။ ဤရှုမြင်သုံးသပ်ချက်သည် မြန်မာနိုင်ငံတွင် ကုန်သွယ်မှုသတင်းအချက်အလက်လုပ်ငန်း၏ ဆောင်ရွက်မှုနှင့် ထိရောက်မှုကို ကျယ်ပြန့်စွာ လေ့လာဆန်းစစ်ရန်အတွက် အခြေခံအချက် ဖြစ်သည်။

## ကုန်သွယ်မှုအထောက်အကူပြုကွန်ရက် ( TSN ) ကိုလေ့လာဆန်းစစ်ခြင်း

ကုန်သွယ်မှု အထောက်အကူပြုအဖွဲ့အစည်းများသည် မြန်မာနိုင်ငံရှိ ကုန်သွယ်မှုသတင်းအချက်အလက် လုပ်ငန်းများ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဖြန့်ဝေမှုကို တာဝန်ယူဆောင်ရွက်မည်ဖြစ်သည်။ အဆိုပါ ကုန်သွယ်မှု အထောက်အကူပြု အဖွဲ့အစည်းများ၏ ထိရောက်မှုနှင့် စွမ်းဆောင်ရည်ကွာဟချက်များကို လေ့လာဆန်းစစ်ခြင်းသည် ကုန်သွယ်မှုသတင်း အချက်အလက်မူဘောင်တစ်ခု လုံး၏ ထိရောက်မှုကို သေချာစွာလေ့လာဆန်းစစ်နိုင်ရန်အတွက် အရေးကြီးသောအချက်ဖြစ်သည်။

ကုန်သွယ်မှု အထောက်အကူပြုကွန်ရက် ဆန်းစစ်လေ့လာသည့်ဌာနမှ ပူးပေါင်းဆောင်ရွက်မှု၊ ရန်ပုံငွေ စဉ်ဆက်မပြတ် ရရှိနိုင်မှု၊ လူသားအရင်းအနှီးနှင့် ထောက်ခံမှု စသည်ကဲ့သို့သော နယ်ပယ်များတွင် ကုန်သွယ်မှု အထောက်အကူပြု အဖွဲ့အစည်းတစ်ခုစီ၏ စွမ်းဆောင်နိုင်မှုများကို အကဲဖြတ်သွားမည်ဖြစ်သည်။ ထို့ပြင် ကုန်သွယ်မှု အထောက်အကူပြု အဖွဲ့အစည်းများက ၎င်းတို့၏အဆင့်ပေါ်တွင် အခြေခံ၍ အသုံးပြုသည့်သူများ၏ လိုအပ်ချက် များကို ဖြည့်ဆည်းပေးနိုင်မည့် စွမ်းရည်ရရှိနိုင်ရန် ညွှန်ပြပေးသွားမည်ဖြစ်သည်။ ကုန်သွယ်မှု အထောက်အကူပြု ကွန်ရက်၏ အားနည်းချက်နှင့် အားသာချက်များအရ ပေါင်းစပ်ပုံပြ ကားချပ်တစ်ခုကို ရေးဆွဲသွားမည်ဖြစ်သည်။

## မြန်မာ့ကုန်သွယ်မှုသတင်းအချက်အလက်လုပ်ငန်း၏ ဆောင်ရွက်မည့်လုပ်ငန်းများကို လေ့လာဆန်းစစ်ခြင်း

အထောက်အကူပြုကဏ္ဍအတွင်းရှိ ဆောင်ရွက်မည့် လုပ်ငန်းများကို သိရှိနားလည်ရန် လိုအပ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် လုပ်ငန်းလုပ်ကိုင်သူများနှင့် ၎င်းတို့စတင်လုပ်ဆောင်မည့် လုပ်ငန်းများ၏ အဓိက ဆောင်ရွက်ရမည့်ကိစ္စများကို သိရှိနိုင်ရန်ကူညီပေးမည်ဖြစ်ပြီး၊ ဆောင်ရွက်ရန်လိုအပ်မည့် ကိစ္စများ၏ ကွာခြားချက် များကိုလည်း ဖော်ပြရှင်းလင်းပေးမည်ဖြစ်သည်။ ယခုကဏ္ဍသည် ကုန်သွယ်မှုသတင်းအချက်အလက်အတွက် လက်ရှိဆောင်ရွက်ရမည့် လုပ်ငန်းများကို ရှင်းလင်းဖော်ပြထားသည်။

## ယှဉ်ပြိုင်မှုအကန့်အသတ်များ

အဖွဲ့အစည်းများ (သတင်းအချက်အလက်ပံ့ပိုးသူ) နှင့် လုပ်ငန်းများ (သုံးစွဲသူများ) တွင် ကန့်သတ်မှု အများအပြား ရှိနေသောကြောင့် ကုန်သွယ်မှုသတင်းအချက်အလက်၏ ထိရောက်မှုနှင့် အကျိုးရှိမှုသည် လက်ရှိတွင် ကန့်သတ်ချက်များရှိနေ သည်။ ထိုကန့်သတ်ချက်များသည် မြန်မာ့ပို့ကုန်လုပ်ငန်းရှင်များ နိုင်ငံတကာဈေးကွက်သို့ ဝင်ရောက်မှုကိုပါ ထိခိုက်စေသည်။ ယှဉ်ပြိုင်မှုအကန့်အသတ်များအပိုင်းတွင် လက်ရှိနှင့် အလားအလာရှိသော ပို့ကုန်လုပ်ငန်းရှင်များအတွက် အရေးကြီးသော စိန်ခေါ် မှုများနှင့် ၎င်းတို့၏သက်ရောက်မှုများကို ရှင်းလင်းဆွေး နွေးပေးထားသည်။

## မည်သို့ရောက်အောင်သွားမည်နည်း

မည်သို့ရောက်အောင်သွားမည်နည်းအပိုင်းတွင် ကုန်သွယ်မှုသတင်းအချက်အလက် အထောက်အကူပြုကဏ္ဍ လုပ်ငန်း များအတွက် မဟာဗျူဟာ၏ အဓိကလိုအပ်ချက်များကို ထင်ရှားစွာဖော်ပြထားပြီး ရှေ့ဆက်ဆောင်ရွက်ရမည့် နည်းလမ်းများကို လည်း ရှင်းလင်းဆွေးနွေးထားသည်။ ဤအပိုင်းတွင် အထောက်အကူပြုကဏ္ဍအတွက် မျှော်မှန်းချက်၊ မဟာဗျူဟာဦးတည်ချက်များ နှင့် အကောင်အထည်ဖော်စီမံခန့်ခွဲမှုမူဘောင်များ ပါဝင်ပါသည်။

ရှင်းလင်းဆွေးနွေးချက်များနှင့် သဘောထားမှတ်ချက်များသည် ပြည်ပသရုပ်ခွဲသုတေသနဌာနများ၏ ထောက်ပံ့မှုဖြင့် ကျင်းပခဲ့သည့် အမျိုးသားအဆင့် ဆွေးနွေးပွဲများအပေါ်တွင် အခြေခံထားခြင်းဖြစ်သည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအစိုးရ၏ အတည်ပြုချက်ရရှိပြီးပါက ကုန်သွယ်မှုသတင်းအချက်အလက် မဟာ ဗျူဟာသည် ပို့ကုန်လုပ်ငန်းရှင်များအတွက် ကုန်သွယ်မှု သတင်းအချက်အလက်များကို ပိုမိုဝင်ရောက်ကြည့်ရှုနိုင်ရန် အတွက် အစိုးရနှင့် ပုဂ္ဂလိကမှ ပါဝင်သူများအတွက် အဓိကလမ်းပြမြေပုံ ဖြစ်လာမည်ဖြစ်သည်။

# နိဒါန်း

နိုင်ငံတကာဈေးကွက်များကို အောင်မြင်စွာ ထိန်းကျောင်းနိုင်ခြင်းသည် အစိုးရနှင့်ပုဂ္ဂလိက ကဏ္ဍများ အကြား ကုန်သွယ်မှု သတင်းအချက်အလက် အသုံးပြုနိုင်မှုအပေါ်တွင် တည်မှီနေသည်။ လက်ရှိဈေးကွက်သတင်း အချက်အလက်များသည် လုပ်ငန်းများအား လက်ရှိနှင့်အလားအလာရှိသော ဈေးကွက်များ၏ စီးပွားရေးဆိုင်ရာ အချက်အလက်များကို သိရှိနားလည်စေသည်။ အဆိုပါအချက်အလက်များသည် ထုတ်ကုန်များ ဆက်လက်ယှဉ်ပြိုင် နိုင်စွမ်းကို လွယ်ကူစေပြီး၊ အသစ်ဖြစ်ပေါ်လာနေသည့် အခွင့်အလမ်းများတွင် လုပ်ငန်းများအားရင်းနှီးမြှုပ်နှံနိုင်ရန် ခွင့်ပြုပေးနိုင်မည်ဖြစ်သည်။ လမ်းကြောင်းသစ်များနှင့် ဈေးကွက်လိုအပ်ချက်များအတွက် စိတ်ချရသော သတင်း အချက်အလက်များကို အသုံးပြုခြင်းဖြင့် အဓိကပစ်မှတ်ထားသည့် ဈေးကွက်များ၏ လိုအပ်ချက်များအပေါ်တွင် အခြေခံ၍ လုပ်ငန်းများအား ထုတ်ကုန်များကို ဒီဇိုင်းရေးဆွဲခြင်း၊ ထုတ်လုပ်ခြင်းနှင့် ပြုပြင်ခြင်းများ ပြုလုပ်သွားစေနိုင်မည်ဖြစ်သည်။ ထို့အပြင် နိုင်ငံတကာစံချိန်စံညွှန်းနှင့် စည်းမျဉ်းစည်းကမ်းများဆိုင်ရာ စိတ်ချရသော အချက်အလက်များသည် ပို့ကုန်လုပ်ငန်းရှင်များအား အဓိကပစ်မှတ်ထားသည့် ဈေးကွက်များ၏ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ထုတ်ကုန်များအား ဒီဇိုင်းရေးဆွဲစေနိုင်မည်ဖြစ်သည်။ အဆိုပါအခြေအနေများသည် ဈေးကွက် ထိုးဖောက်ဝင်ရောက်ရန်အတွက် ကြိုတင်အခြေအနေများဖြစ်ပြီး၊ ကုန်သွယ်မှုသတင်းအချက်အလက်ကဏ္ဍ၏ ကောင်းမွန်သော ဆောင်ရွက်ချက်များသည် ဈေးကွက်နယ်မြေနှင့် ထုတ်ကုန်ဈေးကွက်များကို ချဲ့ထွင်ရာတွင် လွယ်ကူစေရန်အတွက် ကူညီပေးနိုင်မည်ဖြစ်သည်။

ဤစာအုပ်တွင် ဖော်ပြထားသည့် ကုန်သွယ်မှုသတင်းအချက်အလက်မဟာဗျူဟာသည် မြန်မာနိုင်ငံ အမျိုးသားပို့ကုန်မဟာဗျူဟာ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။ မြန်မာနိုင်ငံ ကုန်သွယ်မှုသတင်းအချက်အလက် ကွန်ရက်သည် အမျိုးသားပို့ကုန်မဟာဗျူဟာ အဓိကဦးစားပေးကဏ္ဍများ၏ ပို့ကုန်တင်ပို့မှုကို ကောင်းစွာ အထောက် အပံ့ပေးနိုင်မည်ဖြစ်သည်။ ဤစာအုပ်သည် မြန်မာနိုင်ငံတွင် ကုန်သွယ်မှုသတင်းအချက်အလက်လုပ်ငန်းများ တိုးတက် လာစေရန်အတွက် အစိုးရနှင့် ပုဂ္ဂလိကများ၏ မဟာဗျူဟာဦးတည်ချက်များနှင့် မျှော်မှန်းချက်များကို ဖော်ပြထားသည်။ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်စေရန်အတွက် အဓိကဖြစ်သော ဤလုပ်ငန်း၏ အရေးကြီးသော အချက်များကို ဆောင်ရွက်နိုင်ရန် ခိုင်မာသော ကြိုးပမ်းအားထုတ်မှုမရှိဘဲ ပို့ကုံလုပ်ငန်းရှင်များ၏ လိုအပ်ချက် များကို ဖြည့်ဆည်း ပေးနိုင်မည် မဟုတ်ပါ။

ဤမဟာဗျူဟာ၏ စီစစ်လေ့လာချက်များနှင့် သဘောထားမှတ်ချက်များသည် ကုန်သွယ်မှုသတင်းအချက်အလက် အဖွဲ့အစည်းများနှင့် မိတ်ဖက်များမှ ဖြေရှင်းနိုင်သည့် ဖွဲ့စည်းမှု၊ နည်းပညာနှင့် ကျွမ်းကျင်မှုများဆိုင်ရာ အဓိကစိန်ခေါ်မှုများတွင် အခြေခံထားသည်။ ပို့ကုန်လုပ်ငန်းရှင်များ ဈေးကွက်ဝင်ရောက်နိုင်ခွင့်ပိုမိုရရှိစေရန်နှင့် ခိုင်မာကောင်းမွန်သော ကုန်သွယ်မှုသတင်းအချက်အလက်များ ပေါ်ပေါက်လာစေရန်အတွက်လည်း အရေးကြီး သော အချက်များကိုလည်း ဖော်ပြထားပါသည်။

၁၅

# ယခုကျွန်ုပ်တို့မည်သည့်နေရာတွင်ရောက်ရှိနေသနည်း

## မြန်မာ့ကုန်သွယ်မှုသတင်းအချက်အလက်လုပ်ငန်း၏ လက်ရှိအခြေအနေ

မြန်မာနိုင်ငံရှိ စက်မှုလုပ်ငန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများမှ ကောက်ယူရရှိသည့် အချက်အလက်များ အပေါ်တွင် အခြေခံ၍ အောက်ပါလိုအပ်သော ကုန်သွယ်မှုသတင်းအချက်အလက် အမျိုးအစားများကို ဖော်ပြထားပါသည်-

- မြှင့်တင်ရေးဆိုင်ရာ အသုံးပြုသည့်ကိရိယာများ (ကြော်ငြာများ)
- အဓိက ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာ အချက်အလက်များ
- အကောက်ခွန်နှင့်အကောက်ခွန်မဟုတ်သောအတားအဆီးများအပါအဝင် ဈေးကွက်ဝင်ရောက်နိုင်မှု အခြေအနေများ
- အကောက်ခွန်ကင်းလွတ်ခွင့် အခြေအနေများနှင့် ကုန်သွယ်မှုသဘောတူညီမှုစည်းမျဉ်းစည်းကမ်းများ
- အပင်နှင့်ပိုးမွှားရောဂါကင်းရှင်းရေး စံချိန်စံညွှန်းများနှင့် နည်းပညာဆိုင်ရာ စံချိန်စံညွှန်းများ (ကုန်သွယ်မှုဆိုင်ရာ နည်းပညာအတားအဆီးများ)
- သီးသန့်စံချိန်စံညွှန်းများ
- ဈေးကွက်အရွယ်အစား၊ ကုန်ပစ္စည်းဝယ်ယူသူများနှင့် နိုင်ငံခြားမှအဓိကယှဉ်ပြိုင်ဖက်များအပါအဝင် ဈေးကွက် စီစစ်လေ့လာခြင်း
- ကုန်ပစ္စည်းသယ်ယူပို့ဆောင် သိုလှောင်ခြင်းဆိုင်ရာ အချက်အလက်များ
- လုပ်ငန်းနှင့် ကုန်ပစ္စည်းဝယ်ယူသူများနှင့် အဆက်အသွယ်များ၊ ပို့ကုန်လုပ်ငန်းရှင်များနှင့် ကုန်ပစ္စည်း ဖြန့်ဖြူးသူများ၏ အမည်များအပါအဝင် စီးပွားရေးအခွင့်အလမ်းများ
- ပင်ရင်းဒေသလက်မှတ်နှင့် declaration forms အပါအဝင် ပို့ကုန်လုပ်ငန်းနှင့်ဆက်စပ်နေသည့် အကောက်ခွန် လုပ်ထုံးလုပ်နည်းများ

မြန်မာနိုင်ငံတွင် ပို့ကုန်ပစ္စည်းများအတွက် ဈေးကွက်ဖွံ့ဖြိုးလာစေရန် လက်ရှိနှင့် အလားအလာရှိသော အဓိကပစ်မှတ်ထားသည့်ဈေးကွက်များ၊ လမ်းကြောင်းများ၊ ဈေးကွက်ဝင်ရောက်နိုင်မည့် ညွှန်ပြချက်များ၊ ထုတ်ပိုးခြင်း၊ ဓလေ့ထုံးစံများ၊ အခြားသော ဆက်စပ်အကြောင်းအရာများနှင့် ပတ်သက်၍ ကုန်သွယ်မှုသတင်းအချက်အလက်များ ရရှိနိုင်မှု အတော်အတန်ပင် နည်းပါးနေသေးသည်။ လုပ်ငန်းများအနေဖြင့် အခြေခံနှင့် တိကျသော အချက်အလက်များ ရရှိရန်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ရှိ စီးပွားရေးသတင်းအချက်အလက်အဖွဲ့ (BIU)နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန[၁] ရှိ ကုန်သွယ်မှု မြှင့်တင်ရေးဦးစီးဌာနများကို အားထားနေရသည်။ အဆိုပါအဖွဲ့အစည်းများတွင် သတင်းအချက်အလက်များကို ရရှိနိုင်ရန် စာကြည့်တိုက်များအပြင် အွန်လိုင်းဖြင့် (ပုံမှန်အားဖြင့် အီးမေးဖြင့် စုံစမ်း မေးမြန်းရန်)ပါ ရှာဖွေရရှိနိုင်ရန် စီစဉ်ထားရှိပေးသည်။ ထို့ပြင် အင်တာနက်တွင် ရှာဖွေနိုင်ရန်အတွက် ကွန်ပျူတာများအပြင် ဈေးကွက်နှင့် ပို့ကုန်မြှင့်တင်ရေးကိရိယာအဖြစ်အသုံးပြုရန် နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာနနှင့် နယ်သာလန်နိုင်ငံ ဖွံ့ဖြိုးဆဲနိုင်ငံများမှသွင်းကုန်မြှင့်တင်ရေးဗဟိုဌာနများမှ ထောက်ပံ့ပေးထားသည့် CD-ROMs များထားရှိသည့် စာကြည့်တိုက် အသေးစား ကလေးများကိုပါ ဖွင့်လှစ်ပေးထားသည်။

[၁] မကြာသေးမီကာလဖြစ်သည့် ၂၀၁၄ ခုနှစ်၊ ဇွန်လအတွင်း စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ပို့ကုန်-သွင်းကုန် ပစ္စည်းများနှင့် အခြားသောကုန်စည်များကို ပြသထားနိုင်သည့် မြန်မာ့ကုန်သွယ်မှုဗဟိုဌာနကို စီးပွား/ကူးသန်း ဝန်ကြီးဌာမှ ဖွင့်လှစ်ပေးခဲ့သည်။ ထို့ပြင် စီးပွားရေးလုပ်ငန်းရှင်များသည် ဆွေးနွေးပွဲများ၊ အစည်းအဝေးများ ကျင်းပ ခြင်းနှင့် ရုံးခန်းများဖွင့်လှစ်ခြင်းကိုလည်း အဆိုပါဌာနတွင် ပြုလုပ်နိုင်သည်။

၁၆

ထိုကဲ့သို့ ကုန်သွယ်မှုသတင်းအချက်အလက်များကို ရယူခြင်းသည် မြန်မာနိုင်ငံအတွက် ကုန်သွယ်မှုသတင်းအချက်အလက်လိုအပ်မှုနှင့် နိုင်ငံတကာဈေးကွက် အခြေအနေဆိုင်ရာ အချက်အလက်များကို ထဲထဲဝင်ဝင် သိရှိနိုင်ရန် ဖြည့်ဆည်းပေးနိုင်ခြင်းမရှိပါ။ ထို့ပြင် လုပ်ငန်းရှင်များမှ သတင်းအချက်အလက် တောင်းဆိုမှုများကို ပြန်ကြားပေးရန် နောက်ကျခြင်း သို့မဟုတ် စုံစမ်းမေးမြန်းမှုများအားလုံးကို ပြန်ကြားမပေးနိုင်ခြင်းများ ရှိနေသည်ကိုလည်း တွေ့ရှိရပါသည်။ မြန်မာလုပ်ငန်းများ သို့မဟုတ် အသင်းအဖွဲ့များအနေဖြင့် နိုင်ငံတကာ အချက်အလက် စုဆောင်းရာဌာနများနှင့် ကုန်သွယ်မှုသတင်းအချက်အလက်ပံ့ပိုးပေးသည့် နိုင်ငံတကာအဖွဲ့ အစည်းများမှ အချက်အလက်များကို အားထားနေရသည်ကိုလည်း တွေ့မြင်ရပါသည်။ ဤကဲ့သို့ဖြစ်ရခြင်းမှာ မည်သည့်အရာကို ရနိုင်သည်ဆိုသည့် အသိပညာပေးမှု မလုံလောက်ခြင်း၊ သတင်းအချက်အလက်အချို့ကို ဝယ်ယူနိုင်ရန် ရန်ပုံငွေနည်းပါးခြင်း၊ ကုန်သွယ်မှုအထောက်အပံ့ပေးသည့် အဖွဲ့အစည်းများ (TSIs) တွင် ဆောင်ရွက်ပေးမှု မပြည့်စုံ မလုံလောက်ခြင်းတို့ကြောင့်ဖြစ်သည်။

၁၇

## ပုံစံ(၂)- ပို့ကုန်ယှဉ်ပြိုင်နိုင်မှု တည်ဆောက်ရန်အတွက် ကုန်သွယ်မှုသတင်းအချက်အလက်၏ အရေးပါမှု

ဈေးကွက်ထိုးဖောက်ဝင်ရောက်ခြင်း၊ ထုတ်ကုန်များ၏ ပုံသဏ္ဍာန်နှင့်တိုးတက်မှု၊ စံချိန်စံညွှန်းများနှင့် စည်းမျဉ်းစည်းကမ်းများနှင့် လိုက်လျောညီထွေဖြစ်မှုစသည့် ကုန်သွယ်မှုနှင့် ဆက်စပ်နေသော ကိစ္စရပ် အများအပြား အကြား အချိန်နှင့်တပြေးညီ ဈေးကွက်ဝင်ရောက်နိုင်မှုသည် အရေးကြီးသော အခန်းကဏ္ဍတစ်ရပ် ဖြစ်သည်။ ကုန်သွယ်မှု သတင်းအချက်အလက် လုပ်ငန်းများတွင် ယေဘုယျအားဖြင့် စံချိန်စံညွှန်းများ၊ စည်းမျဉ်း စည်းကမ်း များနှင့် ကုန်သွယ်မှုနှင့်ဆက်စပ်သည့် ဥပဒေများနှင့် နိုင်ငံတကာ သဘောတူစာချုပ်များအကြောင်း အသိပညာ ပေးခြင်း၊ ထုတ်ကုန်များ၊ တင်ပို့/တင်သွင်းနိုင်မည့်လမ်းကြောင်းများနှင့် ဈေးကွက်များဆိုင်ရာ အချက်အလက်များကို ထုတ်ဝေပေးခြင်းစသည့် ပို့ကုန်/ သွင်းကုန်ဆိုင်ရာ လိုအပ်ချက်များ ပါဝင်ပါသည်။

အောက်တွင် ဖော်ပြထားချက်များသည် လက်ရှိပို့ကုန်လုပ်ငန်းရှင်များနှင့် ပို့ကုန်လုပ်ငန်းရှင်အသစ်များ အတွက် အသုံးဝင်သော ကုန်သွယ်မှုသတင်းအချက်လုပ်ငန်း တစ်စိတ်တစ်ဒေသဖြစ်သည် -

- အဓိကပစ်မှတ်ထားသည့် ဈေးကွက်များ၏ စံချိန်စံညွှန်းများနှင့် စည်းမျဉ်းစည်းကမ်းများကို ပုံနှိပ် ထုတ်ဝေပေးခြင်း
- ပို့ကုန်နှင့် သွင်းကုန်ဆိုင်ရာ လိုအပ်သည့်ကိစ္စရပ်များကို ဖြန့်ဝေပေးခြင်း
- ကုန်သွယ်မှုနှင့်ဆက်စပ်နေသည့် ဥပဒေများနှင့် နိုင်ငံတကာသဘောတူစာချုပ်များဆိုင်ရာ သတင်း အချက်အလက်များကို ပုံနှိပ်ထုတ်ဝေပေးခြင်း
- ပြည်တွင်းထုတ်ကုန်များနှင့် ကဏ္ဍများအပြင် တင်ပို့မည့်တိုင်းပြည်များ၏ အချက်အလက်များကိုပါ ပံ့ပိုးပေးခြင်း
- ဈေးကွက်များ၏ဖွံ့ဖြိုးတိုးတက်မှုနှင့် တင်ပို့နိုင်မည့် လမ်းကြောင်းများအတွက် အချက်အလက်များ ပံ့ပိုး ပေးခြင်း
- အလားအလာရှိသော ပို့ကုန်/သွင်းကုန်လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးလမ်းညွှန်ပေးခြင်း
- ဈေးကွက်များနှင့် ကုန်သွယ်မှုပတ်ဝန်းကျင်အကြောင်း လေ့လာ၍ လေ့လာတွေ့ရှိချက်များကို ပုံနှိပ် ထုတ်ဝေပေးခြင်း

ကုန်သွယ်မှုမြှင့်တင်ရေးနှင့် ဆက်စပ်လုပ်ငန်းများသည် ကုန်သွယ်မှုသတင်းအချက်အလက်လုပ်ငန်းကိုလည်း တိုးတက် ကောင်းမွန်စေနိုင်သည်။ ကုန်သွယ်မှုမြှင့်တင်ရေးတွင် မိမိနိုင်ငံ၏ သယံဇာတရင်းမြစ်များအား နိုင်ငံတကာမှ အရည်အသွေးတူ ပစ္စည်းများနှင့် ချိတ်ဆက်မိစေရေးဆောင်ရွက်ရန် ပါဝင်ပါသည်။ ထို့ပြင် လုပ်ငန်းများအား ဈေးကွက်လိုအပ်ချက်များနှင့် ယှဉ်ပြိုင်မှုများအတွက် ဗဟုသုတတိုးပွားစေနိုင်ရန် နိုင်ငံတကာကုန်စည်ပြပွဲများသို့ သွားရောက်လေ့လာစေခြင်းနှင့် ပါဝင်ပြသစေခြင်းများလည်း ပါဝင်သည်။ နိုင်ငံခြားမှ ကုန်သွယ်မှုအထောက်အကူပြု အဖွဲ့အစည်းများ (TSIs) များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတကာမှ နားလည်ကျွမ်းကျင်မှုများနှင့် အလေ့အကျင့်ကောင်းများကို ပြည်တွင်းဈေးကွက်အတွင်း လွယ်ကူစွာ ပျံ့နှံ့စေနိုင်သည်။ ကုန်သွယ်မှုအသတင်း အချက် အလက်သည် အောက်ပါ ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများအတွက် အရေးကြီးသည်-

- လက်ရှိဈေးကွက်ကို တောင့်တင်းခိုင်မာအောင်ပြုလုပ်ခြင်းနှင့် ချဲ့ထွင်ခြင်း
- ဈေးကွက်အသစ်များကို ရရှိအောင် စီစစ်၊ လေ့လာ၊ ရွေးချယ်ခြင်း
- ဈေးကွက် ဖွံ့ဖြိုးတိုးတက်မှုနှင့် ဈေးကွက်အခြေအနေများဆိုင်ရာ သတင်းအချက်အလက်များကို ရရှိ နိုင်ခြင်း

- ဈေးကွက်နေရာကောင်းများကို ရှာဖွေခြင်း

- ဈေးကွက်အစိတ်အပိုင်းများကို ဖော်ထုတ်ခြင်း
- ဈေးကွက်ရှာဖွေရေးအစီအစဉ်များကို ရေးဆွဲအကောင်အထည်ဖော်ခြင်း
- စီးပွားရေး ကြော်ငြာအစီအစဉ်များနှင့် ကုန်ပစ္စည်းရောင်းချပြီးနောက်အတွက် မဟာဗျူဟာဒီဇိုင်း ရေးဆွဲခြင်း
- ဖြန့်ချီရေးနည်းလမ်းများ စီစဉ်ဆောင်ရွက်ခြင်း
- လက်ရှိနှင့် အနာဂတ် ပြိုင်ဘက်များကို ဖော်ထုတ်ခြင်း

**ပုံစံ(၃)- ကုန်သွယ်မှုအထောက်အကူပြုအဖွဲ့အစည်းများ** (TSIs) **အကြောင်း အကျဉ်းချုပ်ဖော်ပြချက်**

အားလုံးကို ခြုံကြည့်မည်ဆိုက မြန်မာနိုင်ငံရှိ ကုန်သွယ်မှုအထောက်အကူပြုကွန်ရက် (TSN) များကို လေ့လာရရှိမှုအရ TSIs မှ ပံ့ပိုးကူညီပေးထားသည့် ဈေးကွက်ဝင်ရောက်ရေးလုပ်ငန်းများနှင့် မူဝါဒရေးဆွဲသည့် အဖွဲ့အစည်းများ၏ အကူအညီဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများ အနည်းအကျဉ်းသာရှိသည်ကို တွေ့ရသည်။ TSIsအတွက် အစိုးရမှ ဘဏ္ဍာငွေအများဆုံး ထောက်ပံ့ပေးထားခြင်းဖြစ်သည်။ လေ့လာတွေ့ရှိချက်များက ငွေကြေး ဝန်ဆောင်မှုလုပ်ငန်း၊ အာမခံလုပ်ငန်းနှင့် ကုန်သွယ်မှုဆိုင်ရာငွေကြေးဝန်ဆောင်မှုလုပ်ငန်း/ export credit စသည့် အဓိကပို့ကုန်လုပ်ငန်းများရှိ ဖြစ်နိုင်ခြေရှိသည့် ကွာဟချက်များကို ဖော်ပြထားသည်။

လေ့လာတွေ့ရှိချက်များအရ ထုတ်လုပ်မှုနှင့် အရည်အသွေးမြှင့်တင်ရေး သင်တန်းများ၊ နည်းဥပဒေများ ပြုပြင်ပြောင်းလဲခြင်း၊ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်း၊ ဈေးကွက်သုတေသနပြုလုပ်ခြင်း၊ ကုန်သွယ်မှုသတင်း အချက်အလက်၊ ဈေးကွက်မြှင့်တင်ရေးနှင့် မူဝါဒပြုပြင်ပြောင်းလဲခြင်းစသည့် ဆက်စပ်နယ်ပယ်များတွင် TSIs များမှ ဖြန့်ဖြူးပေးနေသည့် သတင်းအချက်အလက်များသည် တစ်ခုနှင့်တစ်ခု ထပ်တူဖြစ်လျက်ရှိနေသည်ကိုလည်း တွေ့ရှိ ရသည်။

## ကုန်သွယ်မှုသတင်းအချက်အလက် အဖွဲ့အစည်းဆိုင်ရာတန်ဖိုးကွင်းဆက်

မြန်မာနိုင်ငံအတွက် ကုန်သွယ်မှုသတင်းအချက်အလက် တန်ဖိုးကွင်းဆက်ပြမြေပုံကို ပုံ (၁) တွင် ဖော်ပြထားသည်။ အဆိုပါပုံတွင် မြန်မာနိုင်ငံအခြေပြုအဖွဲ့အစည်းများ၏ သတင်းစတင်ကောက်ယူသည့် အဆင့်မှ ဖြန့်ဖြူးသည့်အဆင့်အထိ သတင်းအချက်အလက် ဖြန့်ဝေစီးဆင်းပုံကို ဖော်ပြထားသည်။

## ကုန်သွယ်မှုသတင်းအချက်အလက်ရင်းမြစ်များ

ကုန်သွယ်မှု သတင်းအချက်အလက်ရင်းမြစ်များသည် ကျယ်ပြန့်လှသည်။ ပြည်တွင်းဈေးကွက်တွင် အကောက်ခွန် (ပင်လယ်ရပ်ခြားကုန်သွယ်မှုနှင့် နယ်စပ်ကုန်သွယ်မှုများမှ မှန်ကန်သောအချက်အလက်များ)၊ စီးပွား/ကူးသန်း (ပင်လယ်ရပ်ခြား ကုန်သွယ်မှုနှင့် နယ်စပ်ကုန်သွယ်မှုများအတွက် လိုင်စင်ဆိုင်ရာအချက်အလက်များ)၊ စက်မှုဝန်ကြီးဌာန (စက်မှုကုန်ထုတ်လုပ်ခြင်း)၊ လယ်/ဆည်ဝန်ကြီးဌာန (စိုက်ပျိုးထုတ်လုပ်ခြင်း)၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန (သစ်တောထွက်ပစ္စည်းများ) အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန (စာရင်းဇယား အချက်အလက်များ၊ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုနှင့် အခြားသော ထုတ်လုပ်မှုဆိုင်ရာ စာရင်းဇယားအချက်အလက်များ) စသည့် အဖွဲ့အစည်းအမျိုးမျိုးမှ ကွင်းဆင်းလေ့လာခြင်း၊ အမေးအဖြေများ၊ ဈေးကွက်ဖလှယ်ခြင်းဆိုင်ရာ အချက်အလက်များစသည်တို့ ပါဝင်ပါသည်။ ထို့ပြင် အစိုးရ မဟုတ်သော အဖွဲ့အစည်းများ၊ တက္ကသိုလ်များ၊ အတိုင်ပင်ခံကုမ္ပဏီများ၊ မီဒီယာ သို့မဟုတ် အခြားသော ရင်းမြစ်များမှ ကောက်ယူထားသည့် အခြေခံအချက်အလက်များလည်း ပါဝင်မည်ဖြစ်သည်။ နိုင်ငံတကာ အချက်အလက် စုဆောင်းရာဌာနများနှင့် ရင်းမြစ်များမှ အချက်အလက်များလည်း ပါဝင်မည်ဖြစ်သည်။

## ကုန်သွယ်မှုသတင်းအချက်အလက် စုဆောင်းသူများ

ကုန်သွယ်မှုသတင်းအချက်အလက် စုဆောင်းသူများတွင် အစိုးရအဖွဲ့အစည်းများ (ဝန်ကြီးဌာနများနှင့် အစိုးရပိုင် အဖွဲ့အစည်းများ)၊ မြို့ပြအဖွဲ့အစည်း (တက္ကသိုလ်များ)နှင့် ပုဂ္ဂလိကအဖွဲ့အစည်းများ (သုတေသန အကြံပေး အဖွဲ့အစည်းများ) ပါဝင်ပြီး၊ အဆိုပါအဖွဲ့အစည်းများသည် အထက်တွင်ဖော်ပြထားသည့်အတိုင်း ရင်းမြစ်အမျိုးမျိုးမှ သတင်းအချက်အလက်များကို ကောက်ယူသွားမည်ဖြစ်သည်။ လက်ရှိတွင် နိုင်ငံတကာ ရင်းမြစ် များမှ စာရင်းဇယားအချက်အလက်များကို ကောက်ယူစုဆောင်းမှုတွင် ကန့်သတ်ချက်များ ရှိနေသည်။

## ကုန်သွယ်မှုသတင်းအချက်အလက် ဗဟိုဌာနများ

UMFCCI နှင့် စီးပွား/ကူးသန်းဝန်ကြီးဌာနများရှိ ကုန်သွယ်မှုသတင်းအချက်အလက် ဗဟိုဌာနများသည် ကုန်သွယ်မှု သတင်းအချက်အလက်ရရှိရေးအတွက် အဓိကအကျဆုံးသသော အဖွဲ့အစည်းများဖြစ်သည်။ စီးပွား/ကူးသန်းဝန်ကြီးဌာနမှ ထုတ်ဝေသည့် စီးပွား/ကူးသန်းဂျာနယ် (Commerce Journal) သည် မြန်မာနိုင်ငံ၏အဓိက ကုန်သွယ်မှုဆိုင်ရာဂျာနယ် တစ်စောင် ဖြစ်သည်။ ပုဂ္ဂလိက အကြံပေးကုမ္ပဏီများနှင့် ဈေးကွက်သုတေသနအဖွဲ့အစည်းများသည်လည်း လုပ်ငန်းများအတွက် တိကျသော သုတေသနဆိုင်ရာ ဆောင်ရွက်ချက်များကို ရရှိနိုင်ရန်အတွက် ကုန်သွယ်မှုသတင်းအချက် အလက် ဗဟိုဌာနများပင်ဖြစ်သည်။

## ကုန်သွယ်မှုသတင်းအချက်အလက် အသုံးပြုသူများ

ကုန်သွယ်မှုသတင်းအချက်အလက်ကို အသုံးပြုသူအမျိုးစုံရှိပြီး အောက်ပါတို့ပါဝင်ပါသည်-

- ပို့ကုန်တင်ပို့နေသည့်လုပ်ငန်းများ သို့မဟုတ် နိုင်ငံတကာဈေးကွက်သို့ ဝင်ရောက်လိုသည့် စီးပွားရေး လုပ်ငန်းများ
- မြန်မာ့ဈေးကွက်သတင်းအချက်အလက်များကို ရှာဖွေနေသည့် အလားအလာရှိသော ရင်းနှီးမြှုပ်နှံသူ များနှင့် လုပ်ငန်းရှင်များ
- ၎င်းတို့၏ထုတ်လုပ်မှုများကို နိုင်ငံတကာလိုအပ်ချက်များနှင့် ကိုက်ညီစေလိုသည့် လယ်သမားများနှင့် အဆင့်မြင့် စီးပွားရေးလုပ်ငန်းရှင်များ
- ဈေးနှုန်းနှင့် အရေအတွက်ကို ထိန်းချုပ်နိုင်ရန်အတွက် ရောင်းလိုအားနှင့် ဝယ်လိုအားဆိုင်ရာ သတင်းအချက်အလက်များကို သိရှိလိုသည့် ကုန်သည်များ
- ပညာရေးအဖွဲ့အစည်းများ၊ think tanks အဖွဲ့များနှင့် မူဝါဒရေးဆွဲသည့် အဖွဲ့အစည်းများ

### အစိုးရ

အစိုးရကဏ္ဍမှ သတင်းအချက်အလက်များကောက်ယူခြင်း၊ ဖြန့်ဖြူးခြင်းတို့အတွက် ဘဏ္ဍာငွေ ထောက်ပံ့ခြင်းကို နိုင်ငံတော် အစိုးရမှ ထိန်းချုပ်ထားပါသည်။ အလားတူ သတင်းချန်နယ်လ်များ ထုတ်လွှင့်ခြင်း အတွက် မူဝါဒများ ချမှတ်ထားသည့်အပြင် သတင်းအချက်အလက်များ ကောက်ယူခြင်းနှင့် သိမ်းဆည်းခြင်းတို့တွင် နည်းစနစ်ကျနစွာ ဆောင်ရွက်ထားပါသည်။

### မီဒီယာ

သတင်းအချက်အလက်စီးဆင်းရာတွင် ပိုမိုကျယ်ပြန့်သောအသုံးပြုသူများထံ ရောက်ရှိစေရန်အတွက် မီဒီယာများက ကြားခံအဖြစ်နှင့် အချို့သောကိစ္စရပ်များတွင် အချက်အလက်များကို စိစစ်တည်းဖြတ်ခြင်းများကို ဆောင်ရွက်ပေးသည်။ ထို့ပြင် မီဒီယာများသည် ကွင်းဆင်းလေ့လာ၍ တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခြင်းနှင့် တစ်ခါတစ်ရံ ဈေးကွက်လမ်းကြောင်းများ၏ သတင်းအချက်အလက်များကို ပိုမိုမြန်ဆန်စွာရရှိစေရန် ဆောင်ရွက် ပေးနိုင်သည်။

### အလှူရှင်အဖွဲ့အစည်းများ

အလှူရှင်အဖွဲ့အစည်းများသည် ကုန်သွယ်မှုသတင်းအချက်အလက် ပံ့ပိုးပေးသည့် အဖွဲ့အစည်းများအတွက် သင်တန်းများနှင့် ကိရိယာပစ္စည်းများကို ထောက်ပံ့ပေးသကဲ့သို့ အချက်အလက်များကောက်ယူခြင်း၊ စီမံခန့်ခွဲခြင်း၊ အစီရင်ခံတင်ပြခြင်းနှင့် ဖြန့်ဖြူးခြင်းများတွင် နိုင်ငံတကာအသိအမှတ်ပြု စံချိန်စံညွှန်းများရရှိရေး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကူညီထောက်ပံ့ပေးပါသည်။

### ထောက်ပံ့ပေးသည့် အဖွဲ့အစည်းများ


စီးပွား/ကူးသန်းဝန်ကြီးဌာနရှိ ကုန်သွယ်မှုမြှင့်တင်ရေးဌာနသည် လုပ်ငန်းများနှင့် ပူပေါင်း၍ ကုန်စည် ပြပွဲများ ကျင်းပခြင်း၊ နိုင်ငံတကာကုန်စည်ပြပွဲများတွင် ပါဝင်ပြသနိုင်ရန်အတွက် လုပ်ငန်းများအား ကူညီ ထောက်ပံ့ပေးခြင်းများ ပြုလုပ်ပေးပါသည်။ မြန်မာ့ကုန်သွယ်မှုဗဟိုဌာနအသစ်ကို ရန်ကုန်မြို့တွင် ဖွင့်လှစ်ခဲ့ပြီး ကုန်သွယ်မှုဆိုင်ရာ

၂၁

စာရွက်စာတမ်းများ၊ စီးပွားရေး လုပ်ငန်းအချင်းချင်း ဆက်သွယ်ဆောင်ရွက်နိုင်ရန်အတွက် ဗွီဒီယိုကွန်ဖရင့်ဆက်သွယ်မှုစနစ်ထားရှိပေးခြင်း၊ ပို့ကုန်လုပ်ငန်းရှင်များအတွက် လမ်းညွှန်ပေးခြင်းနှင့် အကြံဉာဏ်ပေးခြင်းနှင့် အခြားသော ကုန်သွယ်မှုမြှင့်တင်ရေး ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေး သွားမည်ဖြစ်သည်။ ကုန်သွယ်မှုသင်တန်းကျောင်းကိုလည်း စီးပွား/ကူးသန်းဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိပြီး ပို့ကုန်လုပ်ငန်းရှင်များ ပြည်ပဈေးကွက်များသို့ ဝင်ရောက်ရန် လိုအပ်သည့်အချက်များနှင့် ဈေးကွက်များကို ဆန်းစစ်လေ့လာနိုင်ရန် သင်ကြားပေးပါသည်။ UMFCCI သည် ဈေးကွက်ဆန်းစစ်လေ့လာခြင်းဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲများနှင့် သင်တန်းများကို ၎င်း၏ ကဏ္ဍ အလိုက်အသင်းအဖွဲ့များနှင့် အဖွဲ့ချုပ်များအတွက် လက်ခံကျင်းပပေးပါသည်။

၂၂

**ပုံ (၁)** - ကုန်သွယ်မှုသတင်းအချက်အလက်လုပ်ငန်းများ၏ လက်ရှိတန်ဖိုးကွင်းဆက်



## အဖွဲ့အစည်းဆိုင်ရာအမြင်၊ အယူအဆများ

TSIs များသည် အထောက်အကူပြုကဏ္ဍ၏ ပို့ကုန်ဖွံ့ဖြိုးတိုးတက်လာစေရန် စိတ်ဝင်စားတာဝန်ယူ ပေးသော အဖွဲ့အစည်းများဖြစ်သည်။ အကျယ်ရှင်းပြရမည်ဆိုပါက TSIs မှ မြန်မာ့ကုန်သွယ်မှု သတင်း အချက်အလက် အထောက်အကူပြုကဏ္ဍ လုပ်ငန်းတာဝန်များအတွက် ကူညီထောက်ပံ့ပေးနေသည့် အရေးကြီးသော လုပ်ငန်းများကို အောက်ပါအတိုင်း နယ်ပယ်အလိုက် ခွဲခြားနိုင်သည်-

- မူဝါဒအထောက်အကူပြုကွန်ရက်
- ကုန်သွယ်မှုဝန်ဆောင်မှုလုပ်ငန်းများကွန်ရက်
- စီးပွားရေးလုပ်ငန်းများကွန်ရက်
- မြို့ပြလူမှုအဖွဲ့အစည်းကွန်ရက်

ဇယား ၁ မှ ၄ အထိသည် မြန်မာနိုင်ငံရှိ ကုန်သွယ်မှုသတင်းအချက်အလက်မူဘောင်အတွက် TSIs ၏ ထိရောက်သော လုပ်ငန်းဆောင်ရွက်မှုများကို ဖော်ပြထားသည်။ TSIs ၏ဆောင်ရွက်ချက်များကို အဓိကရှုထောင့် လေးမျိုးဖြစ်သည့် ပူးပေါင်း ဆောင်ရွက်ခြင်း၊ လူသားအရင်းအနှီး၊ ဘဏ္ဍာငွေစဉ်ဆက်မပြတ်ရရှိနိုင်မှုနှင့် ထောက်ခံမှု များဖြင့် အကဲဖြတ်နိုင်ရန် ကူညီပံ့ပိုးပေးထားပါသည်။ ကုန်သွယ်မှုသတင်း အချက်အလက်နှင့် ဆက်နွယ်နေသည့် TSI များ၏ လုပ်ငန်းဖြန့်ဝေဆောင်ရွက်မှုများဇယားတွင် TSI တစ်ခုချင်းစီအတွက် (မြင့် /လတ် / နိမ့်) စသည်ဖြင့် ဖော်ပြ ပေးထားသည်။ ယင်းအကဲဖြတ်ချက်သည် လုပ်ငန်းတွင် ပါဝင်လုပ်ဆောင်နေသူများက TSIs များမှ ကုန်သွယ်မှု သတင်းအချက်အလက် လုပ်ငန်းအတွက် မည်သို့ဆောင်ရွက်ပေးနေသည်ဆိုသည့် အမြင်ပေါ်တွင် အခြေခံ၍ ဆုံးဖြတ်ထားခြင်းဖြစ်သည်။

## မူဝါဒအထောက်အကူပြုကွန်ရက်

ဤကွန်ရက်သည် အထောက်အကူပြုကဏ္ဍကို အကျိုးရှိစေမည့် လွှမ်းမိုးနိုင်သည့် သို့မဟုတ် အကောင် အထည်ဖော်ရေး မူဝါဒများအတွက် အဓိကတာဝန်ရှိသည့် ဝန်ကြီးဌာနများနှင့် အာဏာပိုင်အဖွဲ့အစည်းများကို ကိုယ်စားပြုသည်။ ဥပမာ- စီးပွား/ကူးသန်းဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဘဏ္ဍာ/အခွန်ဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန (ယခု စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနလက်အောက်တွင်ရှိ)၊ အကောက်ခွန်ဦးစီးဌာန၊ အခွန်ကောက်ခံသည့် အာဏာပိုင်အဖွဲ့ အစည်းများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် စသည့် အဖွဲ့အစည်းများ ဖြစ်သည်။

ဇယား(၁)- မြန်မာ့ကုန်သွယ်မှုသတင်းအချက်အလက် မူဝါဒအထောက်အကူပြုကွန်ရက်

| အဖွဲ့အစည်းအမည် | TSI နှင့်လုပ်ငန်းဝန်ဆောင်မှုပိုင်းပံပိုးပေးမှုဖော်ပြချက် | ပေါင်းစပ်ညှိနှိုင်းခြင်း* | လူသားအရင်းအနှီး** | ဘဏ္ဍာရေးရင်းမြစ်*** | ထောက်ခံအားပေးမှု**** |
|---|---|---|---|---|---|
| ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊ စီးပွား/ကူးသန်း (ယခု မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့) | ကုန်သွယ်မှုမြှင့်တင်ရေး ဦးစီးဌာနသည် ပြည်တွင်း ဝယ်ယူရောင်းချသူများအကြားနှင့် နိုင်ငံခြားတိုင်း ပြည်များသို့ ကုန်စည်တင်ပို့ခြင်းများ အပါအဝင် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေး မြှင့်တင်ရေးအတွက် တာဝန် ရှိသည်။ အထူးသဖြင့် ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနမှ ထောက်ပံ့ပေးသည့် ကုန်သွယ်မှု သတင်းအချက်အလက် လုပ်ငန်းတာဝန်များမှာ-<br>▪ အပတ်စဉ် စီးပွား/ကူးသန်းဂျာနယ်သတင်းများ<br>▪ Website portal<br>▪ ကုန်စည်ဈေးနှုန်းများ<br>▪ ပြည်တွင်းနှင့် နိုင်ငံတကာ ပို့ကုန်လုပ်ငန်းရှင်များ အတွက် ဈေးကွက်နှင့်တင်ပို့မှု အချက်အလက်များ (ကုန်သွယ်မှုဆိုင်ရာစုံစမ်းမေးမြန်းခြင်း)<br>▪ ပို့ကုန်တင်ပို့ခြင်းအတွက် ဈေးကွက်ဝင်ရောက်နိုင်ရေး အချက်အလက်များ<br>▪ ကုန်သွယ်မှုမြှင့်တင်ရေးအတွက် အသိပညာပေးခြင်း<br>▪ သင်တန်းများ /လူမှုအဖွဲ့အစည်း အခြေခံအစီ အစဉ်များ<br>▪ ကုန်သွယ်မှု သတင်းအချက်အလက် ဗဟိုဌာန (ရန်ကုန်တွင် ဖွင့်လှစ်သွားရန်)။ ကုန်သွယ်မှု သတင်းအ ချက်အလက် ဗဟိုဌာနတွင် ဥရောပ သမဂ္ဂ၏ အကူအညီ ပေးရေး ကောင်တာတစ်ခု ပါဝင်မည်ဖြစ်သည်။ | လတ် | လတ် | လတ် | နိမ့် |
| ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန စီးပွား/ကူးသန်း | ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ ကုန်သွယ်မှု သတင်းအချက်အလက်ဆိုင်ရာ လုပ်ငန်းတာဝန်များမှာ-<br>▪ ကုန်သွယ်မှုမြှင့်တင်ရေးဆောင်ရွက်မှုများ -ကုန်စည်ပြပွဲများ၊ စီးပွားရေးအပြန်အလှန် တွေ့ဆုံ ဆွေးနွေးမှုများ၊ ကုန်သွယ်မှု သတင်းအချက်အလက်များ (ယခု မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိ)<br>▪ ကုန်သွယ်မှုစာရင်းဇယားများ<br>▪ ကုန်သွယ်မှု မူဝါဒများ<br>▪ ဈေးကွက်နှင့် ပို့ကုန်လိုင်စင်များ<br>▪ နယ်စပ်ထိန်းချုပ်ရေး အချက်အလက်များ<br>▪ သင်တန်းများ<br>▪ စီးပွား/ကူးသန်းဂျာနယ်ကို တည်းဖြတ်ခြင်းနှင့် ထုတ်ဝေခြင်း | လတ် | မြင့် | လတ် | လတ် |

* အခြားသော TSIs များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း - ဤအဖွဲ့အစည်းက အခြားသော အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်စွမ်းကို တိုင်းတာခြင်းအပြင် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် သတင်းအချက်အလက်မျှဝေခြင်းများတွင် ၎င်းတို့၏လုပ်ငန်းများ (အထူးသဖြင့် ပုဂ္ဂလိကကဏ္ဍ) မှ အကျိုးကျေးဇူးရရှိမှု၊

** လူသားအရင်းအနှီး ရရှိနိုင်မှုကို အကဲဖြတ်ခြင်း - ဤအဖွဲ့အစည်းမှ ဝန်ထမ်းများအား ၎င်းတို့၏ လေ့ကျင့်ဆောင်ရွက်မှုများနှင့် ကဏ္ဍတွင် ပါဝင်ဆောင်ရွက်နေသူများ၏ တုံ့ပြန်မှုများအရ ယေျဘူယျ လုပ်ဆောင်နိုင်မှုအဆင့်ကို သတ်မှတ်ခြင်း၊

*** ဘဏ္ဍာရေးရင်းမြစ်များကို အကဲဖြတ်ခြင်း - ငွေကြေးရင်းမြစ်များ / လုပ်ငန်းဖြန့်ဖြူးခြင်းကို ထိရောက်စွာဆောင်ရွက်နိုင်ရေး ကူညီထောက်ပံ့ပေးရန် အဖွဲ့အစည်း မှရရှိနိုင်သည့် စွမ်းဆောင်ရည်၊

**** ထောက်ခံမှု - ဤအဖွဲ့အစည်း၏ ထောက်ခံမှုနည်းလမ်းများ အစွမ်းအာနိသင်နှင့် ကဏ္ဍအတွက် အရေးကြီးသောသတင်းအချက်အလက်များအား ဤအဖွဲ့အစည်းက မည်ကဲ့သို့ ကောင်းစွာ/ မကြာမကြာ ဖြန့်ဖြူးပေးသည်ကို အကဲဖြတ်ခြင်း၊

| အဖွဲ့အစည်းအမည် | TSI နှင့်လုပ်ငန်းဝန်ဆောင်မှုပိုင်းပံပိုးပေးမှုဖော်ပြချက် | ပေါင်းစပ်ညှိနှိုင်းခြင်း | လူသားအရင်းအနှီး | ဘဏ္ဍာရေးရင်းမြစ် | ထောက်ခံအားပေးမှု |
|---|---|---|---|---|---|
| လယ်/မွေး/ဆည် ဝန်ကြီးဌာန | ကုန်သွယ်မှုသတင်းအချက်အလက် နယ်ပယ်အတွင်း လယ်/မွေး/ဆည်ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များမှာ-<br>▪ လယ်ယာထွက်ကုန်များကို အသုံးပြုသည့်လမ်းကြောင်းများ၏ သတင်းအချက်အလက်များကို ကောက်ယူစုဆောင်း၍ လယ်သမားများအား ဖြန့်ဖြူးပေးရန်၊<br>▪ သွင်းအားစုများ၊ စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်းနှင့် ရိတ်သိမ်းချိန်လွန် နည်းပညာဆိုင်ရာ သတင်းအချက်အလက်များကို ဖြန့်ဖြူးပေးရန်၊<br>▪ ကျွမ်းကျင်မှုသင်တန်းများပေးခြင်းဖြင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ကူညီထောက်ပံ့ပေးရန်နှင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန် နည်းပညာဆိုင်ရာ အကူအညီများ ထောက်ပံ့ပေးရန် | နိမ့် | လတ် | လတ် | နိမ့် |
| ငါးလုပ်ငန်းဦးစီးဌာန၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက် ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန (ယခု လယ်/မွေး/ဆည် ဝန်ကြီး ဌာန လက် အောက် တွင်ရှိ) | ငါးလုပ်ငန်းဦးစီးဌာနသည် နိုင်ငံ၏ ပြည်တွင်းနှင့် ကမ်းရိုးတန်း ငါးမွေးမြူခြင်းလုပ်ငန်း နှစ်ခုလုံးကို စီမံခန့်ခွဲလုပ်ဆောင်ရန် တာဝန်ရှိသည်။ ကုန်သွယ်မှုသတင်းအချက်အလက်အတွက် ငါးလုပ်ငန်းဦးစီး ဌာန၏ လုပ်ငန်းများတွင် အစားအစာဘေးကင်း လုံခြုံရေးဆိုင်ရာ အချက်အလက်များ၊ တတိယ ဈေးကွက်တွင်လိုအပ်မည့် ပိုးမွှားကင်းရှင်းရေးအတွက် ညွှန်ကြားချက်များနှင့် ငါးဖမ်းရန်အတွက် ခွင့်ပြုမိန့်များ ပါဝင်ပါသည်။ | မြင့် | လတ် | လတ် | လတ် |
| တိရစ္ဆာန်မွေးမြူရေးနှင့်ဆေးကုသရေးဦးစီးဌာန၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက် ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန (ယခု လယ်/မွေး/ဆည် ဝန်ကြီး ဌာန လက် အောက် တွင်ရှိ) | တိရစ္ဆာန်မွေးမြူရေးနှင့် ဆေးကုသရေးဦးစီးဌာန၏အဓိက လုပ်ငန်းတာဝန်များမှာ မွေးမြူရေးကြက်များ၊ ကျွဲနွား တိရစ္ဆာန်များနှင့် အခြားသောတိရစ္ဆာန် များအား မွေးမြူခြင်းလုပ်ငန်းကို ကြီးကြပ်ရန်နှင့် တိရစ္ဆာန်များ၏ ကျန်းမာရေးအခြေအနေကို ကြီးကြပ်ဆောင်ရွက်ရန် စသည်တို့ဖြစ်သည်။ ကုန်သွယ်မှုသတင်းအချက်အလက် လုပ်ငန်းတွင် မွေး/ကု ဦးစီးဌာနအနေဖြင့် တိရစ္ဆာန်မွေးမြူခြင်းဆိုင်ရာအချက်အလက်များနှင့် ရောဂါထိန်းချုပ်ခြင်းဆိုင်ရာအချက်အလက်များကို ပံ့ပိုးပေးသွား မည်ဖြစ်သည်။ | မြင့် | လတ် | လတ် | လတ် |
| မြန်မာ့သစ်လုပ်ငန်း | မြန်မာ့သစ်လုပ်ငန်းသည် သစ်ထုတ်လုပ်ခြင်း၊ သစ်အမျိုးအစားခွဲခြင်း၊ သစ်ခွဲခြင်းနှင့် သစ်ဖြင့်ပြုလုပ်သည့် ထုတ်ကုန်များအား ဝယ်ယူသူများသို့ ရောင်းချခြင်းကို ဆောင်ရွက်သည်။ မြန်မာ့သစ်လုပ်ငန်း လက်အောက်ရှိ ပို့ကုန်ဈေးကွက်နှင့် သစ်ခွဲခြင်း ဌာနမှ ကျွန်းသစ်ခွဲသားများထုတ်လုပ်ခြင်းနှင့် ပို့ကုန်ဈေးကွက်သို့ ပမာဏအနည်းငယ် ရောင်းချခြင်း၊ အခြေခံနှင့် ဒုတိယအဆင့် သစ်ဖြင့် | နိမ့် | နိမ့် | နိမ့် | လတ် |

| | | | | | |
|---|---|---|---|---|---|
| | ပြုလုပ်သည့်ပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်းစဉ်အား စီမံခန့်ခွဲခြင်းတို့ကို လုပ်ဆောင်ပါသည်။ ထို့ပြင် အဆိုပါ ဌာနသည် ထုတ်ကုန်များ၏ အရည်အသွေးစိတ်ချရမှုကို တိုးမြှင့် ဆောင်ရွက်ပေးခြင်းနှင့် သစ်လုပ်ငန်းတွင် တန်ဖိုး ထပ်ဆောင်းထုတ်ကုန်များ ထုတ်လုပ်ခြင်းကိုလည်း အထူး လုပ်ငန်းများ အနေဖြင့် ဆောင်ရွက်ပေးသည်။ ကုန်သွယ် မှုသတင်းအချက် အလက်အတွက် မြန်မာ့သစ်လုပ်ငန်း သည် သစ်အခြေခံလုပ်ငန်းများအား လေ့လာခြင်း၊ ပုဂ္ဂလိက လုပ်ငန်းများက အသုံးပြုသည့် သစ်အမျိုးအစား များနှင့် အရေအတွက်ဆိုင်ရာအချက်အလက်များ အား စုဆောင်းခြင်းနှင့် တင်ပြခြင်းတို့ကို လုပ်ဆောင်ပါသည်။ | | | | |
| သစ်တောဦးစီး ဌာန၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေး နှင့်သစ်တော ရေးရာဝန်ကြီး ဌာန (ယခု သယံဇာတနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန လက်အောက် တွင်ရှိ) | သစ်တောဦးစီးဌာန၏ အဓိကလုပ်ငန်းတာဝန်များမှာ မြန်မာနိုင်ငံတဝှမ်းရှိ သဘာဝသစ်တောရင်းမြစ်များအား ကာကွယ်စောင့်ရှောက်ခြင်းနှင့် စီမံခန့်ခွဲခြင်းဖြစ်သည်။ သစ်တောဦးစီးဌာနသည် သစ်ခုတ်ယူရန်ခွင့်ပြုသည့် ပမာဏ၊ တင်ဒါဈေးနှုန်း၊ မြန်မာ့သစ်လုပ်ငန်းအတွက် ခွင့်ပြုသည့်ပမာဏနှင့် သစ်ဈေးနှုန်းဆိုင်ရာ သတင်းအ ချက်အလက်များကို ပံ့ပိုးပေးသွားမည်ဖြစ်သည်။ | နိမ့် | နိမ့် | နိမ့် | လတ် |
| စက်မှုဝန်ကြီး ဌာန | စက်မှုဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များတွင် နိုင်ငံ၏ စက်မှုကုန်ထုတ်လုပ်မှု အဆင့်အတန်းကို မြှင့်တင်ရန်နှင့် ပို့ကုန်အစားထိုးနိုင်ရန် ပြည်တွင်း ကုန်စည်များ ပိုမိုထုတ် လုပ်ရေး တွန်းအားပေး ဆောင်ရွက်ခြင်း တို့ပါဝင်ပါ သည်။ ကုန်သွယ်မှု သတင်း အချက်အလက်လုပ်ငန်းတာ ဝန်များတွင် စက်မှုဝန်ကြီးဌာနအနေဖြင့် ဝက်ဘ်ဆိုဒ်တွင် သတင်းအချက်အလက်ဖြန့်ဝေခြင်း၊ စက်မှုဇုန်များ၏ အချက်အလက်များနှင့် အသေးစားနှင့်အလတ်စား လုပ်ငန်းများ၏ သတင်းအချက်အလက်များကို ပံ့ပိုးပေး သွားမည် ဖြစ်သည်။ | လတ် | လတ် | နိမ့် | လတ် |
| နည်းပညာမြှင့် တင်ရေးနှင့် ပူး ပေါင်းဆောင် ရွက်ရေးဦးစီး ဌာန၊ သိပ္ပံနှင့် နည်း ပညာဝန်ကြီး ဌာန (ယခု ပညာရေး ဝန်ကြီးဌာန လက်အောက် တွင်ရှိ) | နည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီး ဌာနသည် မြန်မာ့စက်မှုလုပ်ငန်းများ၏ စက်မှုကုန်ထုတ် လုပ်ခြင်း လုပ်ငန်းစဉ်များတွင် ကူညီဆောင်ရွက်ပေးရန် နှင့် နိုင်ငံခြားမှ စက်ကိရိယာများတင်သွင်းခြင်း သို့မဟုတ် ပြည်တွင်းတွင် စက်ကိရိယာများ တည်ဆောက်ခြင်းကို ကြီးကြပ် ရန် ဆောင်ရွက်ပါသည်။ အဆိုပါဌာနသည် စက်မှုလုပ်ငန်းများ၏ သတင်းအချက်အလက်များ ကို အကန့်အသတ်ဖြင့် ပံ့ပိုးပေးပါသည်။ | နိမ့် | လတ် | လတ် | နိမ့် |

၂၇

| အဖွဲ့အစည်း အမည် | TSI နှင့်လုပ်ငန်းဝန်ဆောင်မှုပိုင်းပံ့ပိုးပေးမှုဖော်ပြချက် | ပေါင်းစပ်ညှိနှိုင်း ခြင်း | လူသားအ ရင်းအနှီး | ဘဏ္ဍာရေး ရင်းမြစ် | ထောက်ခံ အားပေးမှု |
|---|---|---|---|---|---|
| သတ္တုတွင်းဝန် ကြီးဌာန | သတ္တုတွင်းဝန်ကြီးဌာန၏ အဓိကလုပ်ငန်းတာဝန် များမှာ မြန်မာနိုင်ငံ၏ သဘာဝသတ္တုရင်းမြစ်များကို စီမံခန့်ခွဲရန် နှင့် သတ္တုဈေးနှုန်းများကို ပံ့ပိုးပေးရန်ဖြစ်သည်။ | လတ် | မြင့် | မြင့် | လတ် |
| အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေးဦးစီး ဌာန၊ ကျန်းမာရေး ဝန်ကြီးဌာန၊ | အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ အဓိကလုပ်ငန်းတာဝန်မှာ မြန်မာနိုင်ငံတွင် ရောင်းချနေသည့် အစားအသောက်နှင့် ဆေးဝါး ပစ္စည်းများကို ကြီးကြပ်ကွပ်ကဲသွားရန် ဖြစ်သည်။ ထို့ပြင် ပစ္စည်းများ၏ အရည်အသွေးစစ်ဆေးခြင်း နှင့် အရည်အသွေးနှင့် ကျန်းမာရေးစံချိန်စံညွှန်း အဆင့်မှီသည့် လုပ်ငန်းများအား လိုင်စင်ထုတ် ပေးခြင်းကိုလည်း ဆောင်ရွက်ပေးပါသည်။ အစား အသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနသည် ကုန်သွယ်မှုဆိုင်ရာ နည်းပညာအတား အဆီးများ (TBT) အတွက် စုံစမ်းရာဌာနဖြစ်ပြီး၊ စံချိန်စံညွှန်း ဆိုင်ရာ အချက်အလက်များကိုလည်း ဖြန့်ဝေပေးပါသည်။ | လတ် | နိမ့် | နိမ့် | လတ် |
| အကောက်ခွန် ဦးစီးဌာန၊ ဘဏ္ဍာရေး ဝန်ကြီးဌာန၊ (ယခု စီမံကိန်း နှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန) | အကောက်ခွန် ဦးစီးဌာန၏ အဓိကလုပ်ငန်း တာဝန်များမှာ-<br>▪ ကုန်စည်များ တင်ပို့ခြင်းနှင့် တင်သွင်းခြင်းကို စောင့်ကြည့် စစ်ဆေးရန်<br>▪ မြန်မာနိုင်ငံသို့ ဝင်ရောက်လာသည့် သို့မဟုတ် ထွက်ခွာမည့် ခရီးသည်များနှင့် ၎င်းတို့၏ ပစ္စည်းများအား စစ်ဆေးခြင်း<br>▪ အကောက်ခွန်များအား တွက်ချက်စည်းကြပ်ရန်- ပင်လယ်ရေကြောင်း အကောက်ခွန် အက်ဥပဒေ (Sea Customs Act) ၊ ပြည်တွင်း အကောက်ခွန် အက်ဥပဒေ (Land Customs Act) ၊ အကောက်ခွန်အက်ဥပဒေ (Tariff Act) နှင့် အခြားသော ဆက်စပ်အက်ဥပဒေ နှင့် ဥပဒေများအား ပြဌာန်းခြင်း၊<br>▪ ကုန်သွယ်မှုဆိုင်ရာ လိမ်လည်မှုများအားတိုက်ဖျက်ခြင်း၊<br>▪ မြန်မာနိုင်ငံနယ်နမိတ်အတွင်း ဝင်ရောက်လာသည့် သို့မဟုတ် အခွန်စည်းကြပ်သည့် ကုန်ပစ္စည်းများ အားလုံးသည် အကောက်ခွန်ဦးစီးဌာန၏ ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ဝင်ရောက်လာသည့် ကုန်ပစ္စည်းများ ဖြစ်ရမည်။<br>ကုန်သွယ်မှု သတင်းအချက်အလက် လုပ်ငန်း တာဝန်များတွင် အကောက်ခွန်ဦးစီးဌာနအနေဖြင့် နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုမှ အချက်အလက်များ ကောက်ယူစုဆောင်း၍ အမျိုးသားစီမံကိန်း နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနလက်အောက်ရှိ ဗဟိုစာရင်းအင်းအဖွဲ့ ( CSO ) (ယခု စီမံကိန်း နှင့်ဘဏ္ဍာရေး ဝန်ကြီးဌာနလက်အောက်ရှိ)သို့ ပေးပို့ရသည်။ | လတ် | လတ် | လတ် | နိမ့် |

| | | | | | |
|---|---|---|---|---|---|
| မှတ်ပုံတင်ခြင်းနှင့်စီမံခန့်ခွဲခြင်း ဌာန၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန (ယခု စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနလက်အောက်ရှိ) | မှတ်ပုံတင်ခြင်းနှင့် စီမံခန့်ခွဲခြင်းဌာနသည် ကုမ္ပဏီအသစ်များ မှတ်ပုံတင်ခြင်းနှင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိန်းဂဏန်းများကိုအစီရင်ခံ တင်ပြခြင်းနှင့် လုပ်ငန်းများ၏ လမ်းကြောင်းများကို ကြီးကြပ်ကွပ်ကဲရန်အတွက် တာဝန်ရှိသည်။ | လတ် | နိမ့် | နိမ့် | နိမ့် |
| ဗဟိုစာရင်းအင်းအဖွဲ့၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန (ယခုစီမံကိန်း နှင့် ဘဏ္ဍာရေးဝန်ကြီးဌာနလက်အောက်ရှိ) | ကုန်သွယ်မှုသတင်းအချက်အလက် လုပ်ငန်းတွင် ဗဟိုစာရင်းအင်းအဖွဲ့သည် ကုန်သွယ်မှုအချက်အလက်များ ကောက်ယူခြင်း၊ ကိုက်ညှိခြင်း၊ စာရင်း သွင်းခြင်း၊ စီစစ်ခြင်းနှင့် ထုတ်ပြန်ခြင်းများကို ပြုလုပ်ပါသည်။ ထို့ပြင် လေ့လာဆန်းစစ်ချက်များ၊ Statistical Yearbook နှင့် လစဉ် စာရင်းဇယား အချက်အလက်များ၊ ကုန်သွယ်မှုကိန်းဂဏန်းများ (အကောက်ခွန်မှ)နှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအချက် အလက်များကို ထုတ်လုပ်ပေးသည်။ ဗဟိုစာရင်း အင်းအဖွဲ့သည် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ စာရင်းအချက်အလက်များကို မျှဝေရန် ခွင့်ပြုမိန့်လိုအပ်သည်။ | နိမ့် | နိမ့် | နိမ့် | နိမ့် |
| မြန်မာနိုင်ငံတော်ဗဟိုဘဏ် | မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ရည်ရွယ်ချက်မှာပြည်တွင်းရောပြည်ပတွင်ပါ မြန်မာကျပ်ငွေတန်ဖိုးကို ထိန်းသိမ်းရန်ဖြစ်သည်။ ထို့ပြင် အကြီးစားစီးပွားရေးလုပ်ငန်းများအားလေ့လာခြင်း၊ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုစာရင်းဇယားများနှင့် စီစစ်လေ့လာချက်များကို ဖြန့်ဝေပေးသည့်အပြင် မြန်မာနှင့် ကမ္ဘာ့စီးပွားရေးဆိုင်ရာ သုံးလပတ်နှင့် နှစ်စဉ် သုံးသပ်ချက်များကို ထုတ်ပြန်ပေးသည်။ . | နိမ့် | လတ် | မြင့် | နိမ့် |
| **အဖွဲ့အစည်းအမည်** | **TSI နှင့်လုပ်ငန်းဝန်ဆောင်မှုပိုင်းပံပိုးပေးမှုဖော်ပြချက်** | **ပေါင်းစပ်ညှိနှိုင်းခြင်း** | **လူသားအရင်းအနှီး** | **ဘဏ္ဍာရေးရင်းမြစ်** | **ထောက်ခံအားပေးမှု** |
| ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန | ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန၏ အဓိကတာဝန်များမှာ မြန်မာနိုင်ငံ၏ ခရီးသွား လုပ်ငန်းကို မြှင့်တင်ရန်ဖြစ်သည်။ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းပင်မစီမံချက် (၂၀၁၃-၂၀၂၀) (Tourism Master Plan ( 2013–2020 ) မူကြမ်းကို ၂၀၁၃ ခုနှစ်တွင် ဟိုတယ်/ခရီးဝန်ကြီး ဌာနမှ ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။ ဟိုတယ်/ခရီး ဝန်ကြီးဌာနသည် ခရီးသွားလုပ်ငန်းနှင့် ပတ်သက်သည့် စာရင်းဇယား အချက်အလက်များ၊ ခရီးစဉ်များနှင့် အကောက်ခွန်ဆိုင်ရာ အချက်အလက်များနှင့် ခရီးသွားလုပ်ငန်းရှင်များအတွက် လမ်းညွှန်၊ မြန်မာနိုင်ငံနှင့်အခြားသောခရီးသွားလုပ်ငန်းရင်းမြစ်များဆိုင်ရာအချက်အလက်များကို ထုတ်ပြန်ပေးပါသည်။ | လတ် | လတ် | လတ် | လတ် |

| | | | | | |
|---|---|---|---|---|---|
| ပြန်ကြားရေး ဝန်ကြီးဌာန | ပြန်ကြားရေးဝန်ကြီးဌာန၏ မူဝါဒမှာ မြန်မာပြည်သူများ အား သတင်းများသိရှိစေရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေး ရန် ဖြစ်သည်။ ပြန်ကြားရေးဝန်ကြီးဌာန အောက်ပါဌာန များ ပါဝင်ပါသည်-<br>▪ မြန်မာ့ရုပ်ရှင်လုပ်ငန်း<br>▪ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဦးစီးဌာန<br>▪ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ဌာနခွဲများသည် မြို့ကြီးများနှင့် မြို့နယ်ခွဲများ အားလုံးတွင် ရှိသည်)<br>▪ မြန်မာ့သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း (နေ့စဉ်သတင်းစာ)<br>▪ မြန်မာ့ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးလုပ်ငန်း<br>ပြန်ကြားရေးဝန်ကြီးဌာနသည် ပို့ကုန်/သွင်းကုန်ဆိုင်ရာ အချက်အလက်များ ထုတ်ပြန်ပေးခြင်းမရှိသော်လည် အထူးအနေဖြင့် စက်မှုဝန်ကြီးဌာနနှင့် စီးပွား/ကူးသန်း ဝန်ကြီးဌာနများမှ အချက်အလက်များကိုမူ ထုတ်ပြန်ပေး သည်။ ပြန်ကြားရေးဝန်ကြီးဌာနသည် သတင်းများ ဖြန့်ဖြူးရန်အတွက် ကျယ်ပြန့်သော ကွန်ရက်ရရှိထား သည်။ | လတ် | လတ် | နိမ့် | နိမ့် |
| နိုင်ငံခြားရေး ဝန်ကြီးဌာန | နိုင်ငံခြားရေး ဝန်ကြီးဌာနသည် နိုင်ငံခြားတိုင်းပြည် များရှိ မြန်မာသံရုံးများ၊ မြန်မာကိုယ်စားလှယ်ရုံးများ၊ စီးပွားရေး သံမှူးများကို ဖွင့်လှစ်ခန့်အပ်ခြင်း နှင့် စီမံခန့်ခွဲခြင်းများကို ဆောင်ရွက်သည်။ စီးပွားရေးသံမှူးများသည် တတိယ ဈေးကွက်များ၏ ကန့်သတ်ထားသည့် လျှို့ဝှက်အချက် အလက်များနှင့် အခြားသော ဈေးကွက်များမှ ကြားခံဆက် သွယ်သူများ၊ လက်လီလက်ကား ရောင်းဝယ်သူများ၏ အချက်အလက်များကို ပံ့ပိုးပေးပါသည်။ | နိမ့် | လတ် | လတ် | နိမ့် |

## ကုန်သွယ်မှုဝန်ဆောင်မှုလုပ်ငန်းများကွန်ရက်

ဤအဖွဲ့အစည်းများ သို့မဟုတ် အေဂျင်စီများသည် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍမှ ပါဝင်ဆောင်ရွက်နေသူများသို့ ကုန်သွယ်မှုနှင့် ဆက်စပ်နေသောကျယ်ပြန့်သည့်ဝန်ဆောင်မှုလုပ်ငန်းများကို ပံ့ပိုးဆောင်ရွက်ပေးပါသည်။ ယင်းကဲ့သို့သော အဖွဲ့အစည်းများမှာ ဥပမာအားဖြင့် - ကုန်သွယ်မှုမြင့်တင်ရေးအဖွဲ့အစည်းများ၊ ကုန်သည်၊စက်မှု အသင်းချုပ်များ၊ ကဏ္ဍဆိုင်ရာအသင်းအဖွဲ့များ၊ ထုတ်လုပ်သူအသင်းအဖွဲ့များ၊ အမျိုးသားအဆင့်စံချိန်စံညွှန်း အဖွဲ့ အစည်းများ၊ အသက်မွေးဝမ်းကျောင်းသင်တန်းဌာနများ၊ လွတ်လပ်သောကုန်သွယ်ရေးဇုန်များ၊ ဖွံ့ဖြိုးတိုးတက်ရေး ဘဏ်များ၊ ပို့ကုန်သွင်းကုန်ဘဏ်များနှင့် အခြားဆက်စပ်နေသောအေဂျင်စီများပါဝင်ပါသည်။

ဇယား (၂)- မြန်မာကုန်သွယ်မှုသတင်းအချက်အလက်ဝန်ဆောင်မှုကွန်ရက်

| **အဖွဲ့အစည်း** | TSI နှင့်လုပ်ငန်းဝန်ဆောင်မှုပိုင်း ပံပိုးပေးမှု | ပေါင်းစပ်ညှိ | လူသားအ | ဘဏ္ဍာရေး | ထောက်ခံ |
|---|---|---|---|---|---|

၃၀

| အမည် | ဖော်ပြချက် | နှိုင်းခြင်း | ရင်းအနှီး | ရင်းမြစ် | အားပေးမှု |
|---|---|---|---|---|---|
| မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု နှင့် ကူး သန်း ရောင်း ဝယ်ရေး ဘဏ် | မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်သည် ပြည်တွင်းနှင့်နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများ၊ အဖွဲ့အစည်းများ၊ မိတ်ဖက်လုပ်ငန်းများ၊ ပူးတွဲလုပ်ငန်းလုပ်ကိုင်သူများ၊ လီမိတက်ကုမ္ပဏီများ၊ တစ်ဦးတည်း ကိုယ်စားလှယ်များ၊ ပို့ကုန်လုပ်ငန်းရှင်များနှင့် သွင်းကုန်လုပ်ငန်းရှင်များအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဘဏ်လုပ်ငန်း၊ ဖွံ့ဖြိုးရေးနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ်လုပ်ငန်းတို့ကိုဆောင်ရွက်ပါသည်။ အတိုးနှုန်းထားများ၊ ကုန်သွယ်မှုဆိုင်ရာငွေကြေးထောက်ပံ့မှုနှင့် ဈေးငွေဆိုင်ရာ သတင်းအချက်အလက်တို့ကိုလည်း ပံ့ပိုးပေးပါသည်။ | လတ် | လတ် | လတ် | နိမ့် |
| မြန်မာ့နိုင်ငံခြား ကုန်သွယ်မှု ဘဏ် | မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်သည် နိုင်ငံခြားငွေကြေးလဲလှယ်မှုနှုန်းကိစ္စရပ်များ အပြင် တစ်ဦးချင်းနှင့် လုပ်ငန်းများသို့ အပ်ငွေလက်ခံခြင်းနှင့် ကြိုတင်လုပ်ငန်းကိစ္စရပ်များကို ဆောင်ရွက်ပေးပါသည်။ နိုင်ငံခြားဘဏ်စာရင်းဖွင့်လှစ်ခြင်းကိုလည်းဆောင်ရွက်ပေးပါသည်။ အတိုးနှုန်းထားများ၊ကုန်သွယ်မှုဆိုင်ရာငွေကြေးထောက်ပံ့မှုနှင့်ဈေးငွေဆိုင်ရာ သတင်းအချက်အလက်တို့ကိုလည်း ပံ့ပိုးပေးပါသည်။ | လတ် | လတ် | လတ် | နိမ့် |
| မြန်မာ့စီးပွား ရေးဘဏ်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာ န၊ (ယခု စီမံ ကိန်းနှင့်ဘဏ္ဍာ ရေးဝန်ကြီးဌာန လက်အောက် တွင်ရှိ) | နိုင်ငံတော်ပိုင်မြန်မာ့စီးပွားရေးဘဏ်သည် နိုင်ငံတော်၏မူဝါဒနှင့်သက်ဆိုင်သော စီမံကိန်းများအတွက်အလွန်နည်းပါးသော အတိုးနှုန်းဖြင့် ချေးငွေများ ထုတ်ချေးပေးပါသည်။ အတိုးနှုန်းထားများ၊ကုန်သွယ်မှုဆိုင်ရာငွေကြေး ထောက်ပံ့မှုနှင့်နှင့်ချေးငွေဆိုင်ရာသတင်း အချက်အလက်တို့ကိုလည်း ပံ့ပိုးပေးပါသည်။ | နိမ့် | လတ် | နိမ့် | နိမ့် |
| ကုန်သွယ်မှု သင် တန်း ကျောင်း၊ စီးပွားရေးနှင့်ကူး သန်းရောင်းဝယ် ရေးဝန်ကြီးဌာန၊ | ကုန်သွယ်မှုသင်တန်းကျောင်းသည် အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုပုံစံဖြင့် တည်ဆောက်ထားသော အကျိုးအမြတ်မယူသည့် သင်တန်းကျောင်းနှင့် သုတေသနအဖွဲ့အစည်းဖြစ်သည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် အစိုးရသစ်လက်ထက်တွင် ကုန်သွယ်မှုမြင့်တင်နိုင်ရန် တည်ထောင်ခဲ့ခြင်းဖြစ်သည်။ အဆိုပါသင်တန်းကျောင်းတွင် နိုင်ငံတကာကုန်သွယ်မှုနှင့်ဆက်နွယ်သည့် ဘာသာရပ်များ၊ကုန်သွယ်မှုဆိုင်ရာငွေကြေး ထောက်ပံ့မှု၊ စီးပွားရေးလုပ်ငန်းစီမံချက် ရေးဆွဲခြင်း၊ ပို့ကုန်မဟာဗျူဟာများနှင့် တတိယနိုင်ငံ | လတ် | လတ် | နိမ့် | လတ် |

၃၁

| | | | | | |
|---|---|---|---|---|---|
| | ဈေးကွက်များသို့ ဝင်ရောက်နိုင်မှု သတင်းအချက်အလက်များကို ပံပိုးပေးပါသည်။ | | | | |
| မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် | မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်သည် မြန်မာနိုင်ငံ၏ အကြီးမားဆုံးသောအကျိုးအမြတ်မယူသည့် စီးပွားရေးအသင်းချုပ်အနေဖြင့်စီးပွားရေးလုပ်ငန်းအသင်းအဖွဲ့များကို ဦးဆောင်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်(၄)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်ပါဝင်ရန်ရည်ရွယ်ထားရှိသည်။ အစိုးရနှင့် ပုဂ္ဂလိကအကြား ပေါင်းကူးတံတားသဖွယ်ဆောင်ရွက်ပေးသည်။ လုပ်ငန်းအကောင်အထည်ဖော်ရေးယူနစ်တွင် သတင်းရင်းမြစ်စာကြည့်တိုက်၊ စီဒီဖြင့် ရယူနိုင်သောအချက်အလက်များ၊ အွန်လိုင်းစနစ်မှ တဆင့်တိုင်ပင် ဆွေးနွေးအကြံပေးခြင်းပြုလုပ် နိုင်သည့်သတင်းအချက်အလက်အခြေခံ အဆောက်အအုံများ၊ ကုန်သွယ်မှုအခွင့်အလမ်း များနှင့် အခြားကုန်သွယ်ရေးဆိုင်ရာ ထောက်ပံ့မှုများအတွက်သတင်းစာစောင်များကို ပံ့ပိုးပေးပါသည်။ | လတ် | မြင့် | မြင့် | လတ် |
| ကဏ္ဍအသင်းအဖွဲ့များ | မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရှိ လက်အောက်ခံအသင်းအဖွဲ့များသည် ကုန်ဈေးနှုန်းသတင်းအချက်အလက်၊ ဈေးကွက်အလားအလာများ၊ အသင်းဝင်များ၏အခွင့်အလမ်းများနှင့် အလေ့အကျင့်များကိုပံ့ပိုးပေးပါသည်။ အချို့သောအသင်းအဖွဲ့များက တတိယအဖွဲ့အစည်းများသို့ သတင်းအချက်အလက်များ ဖြန့်ဝေပေးပါသည်။ | လတ် | နိမ့် | နိမ့် | လတ် |

## စီးပွားရေးလုပ်ငန်းများကွန်ရက်

ဤအဖွဲ့အစည်းများသည် ပို့ကုန်လုပ်ငန်းရှင်များမှ အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေးလုပ်ငန်းဆောင်ရွက်ရာတွင် ထိရောက်မှုရှိစေရန် အသုံးပြုသော စီးပွားရေးလုပ်ငန်းများဆိုင်ရာ ဝန်ဆောင်မှုပံ့ပိုးသူများ၏ အသင်းအဖွဲ့များသို့မဟုတ် အဓိကကျသောကိုယ်စားလှယ်များဖြစ်သည်။ ဥပမာအားဖြင့် ကူးသန်းရောင်းဝယ်ရေးဘဏ်များဆိုင်ရာအသင်း၊ အာမခံကုမ္ပဏီများအသင်း၊ ကုန်စည်ပို့ဆောင်ထောက်ပံ့သူများအသင်း၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာပံ့ပိုးဆောင်ရွက်သူများအသင်း၊ စီးပွားရေးသတင်းအချက်အလက်ပံ့ပိုးသူများအသင်းနှင့် ထုတ်ပိုးမှုလုပ်ငန်းဆိုင်ရာပံ့ပိုးဆောင်ရွက်သူများအသင်းတို့ ဖြစ်ပါသည်။

ဇယား (၃)- မြန်မာကုန်သွယ်မှုသတင်းအချက်အလက်စီးပွားရေးလုပ်ငန်းပံ့ပိုးမှုကွန်ရက်

| **အဖွဲ့အစည်းအမည်** | TSI နှင့်လုပ်ငန်းဝန်ဆောင်မှုပိုင်း ပံပိုးပေးမှုဖော်ပြချက် | ပေါင်းစပ်ညှိနှိုင်းခြင်း | လူသားအရင်းအနှီး | ဘဏ္ဍာရေးရင်းမြစ် | ထောက်ခံအားပေးမှု |
|---|---|---|---|---|---|

| | | | | | |
|---|---|---|---|---|---|
| အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း | အပြည်ပြည်ဆိုင်ရာကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း၏အဓိကလုပ်ဆောင်ချက်များမှာအစိုးရဌာနနှင့် ပူးပေါင်းပြီး နိုင်ငံတကာကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုကိုနိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်သည်။ ကုန်စည်ပို့ဆောင်ရေး သတင်းအချက်အလက်များကို ယင်း၏အဖွဲ့ဝင်များအား ဖြန့်ဝေပေးသည်။ | လတ် | နိမ့် | လတ် | လတ် |
| အဝေးပြေး ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုအသင်း | အဝေးပြေးကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုအသင်း၏အဓိကလုပ်ဆောင်ချက်မှာ မြန်မာနိုင်ငံ၏အဝေးပြေးလမ်းမများမှ တဆင့် ဖြတ်သန်းပြီးကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှု ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သည်။ ကုန်စည်ဈေးနှုန်း သတင်းအချက်အလက်များကိုလည်း ပံ့ပိုးပေးသည်။ | နိမ့် | နိမ့် | နိမ့် | နိမ့် |
| မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေးဘဏ်လီမိတက် (ယခုကမ္ဘာ့ရတနာဘဏ် | မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေးဘဏ်လီမိတက်သည် ကမ္ဘာ့ရတနာဘဏ် အမည်ဖြင့်ပြောင်းလဲဖွဲ့စည်းခဲ့ပြီး ပုဂ္ဂလိကဘဏ်များကဲ့သို့ ငွေလွှဲခြင်း၊ချေးငွေထုတ်ချေးခြင်း၊ အပ်ငွေလက်ခံခြင်းအပါအဝင် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများအားလုံးကို ပံ့ပိုးဆောင်ရွက်သည်။ငွေကြေးဆိုင်ရာကိစ္စရပ်များနှင့် ဆက်နွယ်သည့် ကုန်သွယ်မှုသတင်းအချက်အလက်များကို ပံ့ပိုးပေးသည်။ | မြင့် | လတ် | လတ် | နိမ့် |
| မြန်မာ့လယ်ယာ ဖွံ့ဖြိုးတိုးတက်ရေးဘဏ် | မြန်မာ့လယ်ယာဖွံ့ဖြိုးတိုးတက်ရေးဘဏ်၏ အဓိကလုပ်ဆောင်ချက်မှာ လယ်သမားများအား ချေးငွေပံ့ပိုးပေးခြင်းဖြစ်သည်။ (အတိုးနှုန်းမှာ ပုဂ္ဂလိကဘဏ်များနှင့် အတူတူပင်ဖြစ်သည်) ငွေကြေးဆိုင်ရာ ကိစ္စရပ်များနှင့်ဆက်နွယ်သည့် ကုန်သွယ်မှုသတင်းအချက်အလက်များကို ပံ့ပိုးပေးသည်။ | နိမ့် | နိမ့် | လတ် | နိမ့် |
| သမဝါယမပို့ကုန်သွင်းကုန်လုပ်ငန်းများ၊ သမဝါယမဝန်ကြီးဌာန | သမဝါယမပို့ကုန်သွင်းကုန်လုပ်ငန်းများသည် ဒေသတွင်းရှိ အခြားသမဝါယမများမှ ထုတ်လုပ်သည့် လယ်ယာထွက်ကုန် နှင့်သတ္တုတွင်းထွက်ကုန်စည်များ၏ ပို့ကုန်သွင်းကုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သည်။ နိုင်ငံတကာ အလားအလာများ၊ ဈေးနှုန်းများနှင့် ဆက်နွယ်သည့် ကုန်သွယ်မှု သတင်းအချက်များကို ပံ့ပိုးပေးသည်။ | နိမ့် | နိမ့် | နိမ့် | နိမ့် |

ဇယား(၄)- မြန်မာကုန်သွယ်မှုသတင်းအချက်အလက် မြို့ပြလူ့အဖွဲ့အစည်းကွန်ရက်

| အဖွဲ့အစည်းအမည် | TSI နှင့်လုပ်ငန်းဝန်ဆောင်မှုပိုင်းပံပိုးပေးမှုဖော်ပြချက် | ပေါင်းစပ်ညှိနှိုင်းခြင်း | လူသားအရင်းအနှီး | ဘဏ္ဍာရေးရင်းမြစ် | ထောက်ခံအားပေးမှု |
|---|---|---|---|---|---|

၃၃

| | | | | | |
|---|---|---|---|---|---|
| မြန်မာနိုင်ငံ စာကြည့်တိုက် ဖောင်ဒေးရှင်း | မြန်မာနိုင်ငံ စာကြည့်တိုက်ဖောင်ဒေးရှင်းသည် ပြည်သူများအတွက် ပညာရေးဆိုင်ရာများကိုပံ့ပိုးပေးရန်ဖြစ်သည်။ ပြည်သူများ၏ အသိပညာအမြော်အမြင်များကို ချဲ့ထွင်ပေးသောအစိတ်အပိုင်းတစ်ခုအနေဖြင့် ဖောင်ဒေးရှင်းသည် ၂၀၀၄ခုနှစ်မှစပြီး နိုင်ငံတစ်ဝှန်း စာကြည့်တိုက် ၅၀၀၀ကို တည်ထောင်နိုင်ခဲ့သည်။ | လတ် | နိမ့် | နိမ့် | လတ် |
| စီးပွားရေး တက္ကသိုလ်၊ ပညာရေး ဝန်ကြီးဌာန | စီးပွားရေး တက္ကသိုလ်သည် ဘောဂဗေဒနှင့် အခြား စီးပွားရေးနှင့်သက်ဆိုင်သောဘာသာရပ်များအတွက် ဘွဲ့လွန်ဒီဂရီကျောင်းသားများအား အဆင့်မြင့်ပညာရေး ထောက်ပံ့ပေးသူအနေဖြင့် ဆောင်ရွက်ပြီးပညာရေးဝန်ကြီး ဌာနလက်အောက်တွင်ရှိသည်။ တက္ကသိုလ် သည် အစိုးရ နှင့် ပုဂ္ဂလိကကဏ္ဍသို့ အတိုင်ပင်ခံဆောင်ရွက်ပေးမှု လုပ်ငန်းများတွင်လည်း ပါဝင်ပတ်သက်ဆောင်ရွက်ပေးပါ သည်။ | လတ် | လတ် | နိမ့် | နိမ့် |
| မြန်မာအီလက် ထရောနစ်ကုန် သွယ်ရေး (e-Trade Myanmar) | e-Trade Myanmar သည် စီးပွာရေးပေါ်တယ် တစ်ခုမှ တစ်ခုသို့ဆောင်ရွက်ခြင်းမှတဆင့် ကုန်သွယ်မှုစာရင်းအင်း အချက်အလက်များ၊ ့ကုန်စည်စျေးနှုန်းများ၊ စျေးကွက် စောင့်ကြည့်သတင်းများ၊ သင်္ဘောတင်ပို့ဆောင်မှုသတင်း များ၊ ကုန်စည်နှင့်ကုန်သွယ်ထောက်ပံ့မှုဆိုင်ရာသတင်း များစသည့် ကုန်သွယ်မှုသတင်းအချက်အလက်များကို ပံ့ပိုးပေးသည်။ ယင်းကို မြန်မာနိုင်ငံတွင် ရရှိနိုင်သော အွန်လိုင်းစနစ်ဖြင့် သိုမှီးထားသည့် ကုန်သွယ်မှုသတင်း အချက်အလက်များအနေဖြင့် တွေ့မြင်နိုင်သည်။ | လတ် | လတ် | နိမ့် | လတ် |

## မြို့ပြလူမှုအဖွဲ့အစည်းကွန်ရက်

### ကုန်သွယ်မှုအထောက်အကူပြုကွန်ရက်အား စီစစ်သုံးသပ်ခြင်း

ဤအဖွဲ့အစည်းများသည် ကုန်သွယ်မှုနှင့် ဆက်စပ်နေသည့် လုပ်ဆောင်မှုများတွင် အပြည့်အဝဆက်သွယ်ဆောင်ရွက်ခြင်းမရှိပါ။ သို့သော်လည်း အဆိုပါအဖွဲ့အစည်းများသည် အလားအလာရှိသောပို့ကုန်နှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကဲ့သို့သော သီးသန့်နယ်ပယ်များကို ကိုယ်စားပြုသည့် အဖွဲ့အစည်းများဖြစ်သည်။ ဥပမာအားဖြင့် အမျိုးသမီးအဖွဲ့အစည်းများ၊ မီဒီယာ၊ ပညာရေးအသိုက်အဝန်း၊ အလုပ်သမားသမဂ္ဂ၊ အလုပ်ရှင်များသမဂ္ဂ၊ သဘာဝပတ်ဝန်းကျင်အုပ်စုနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းအမျိုးမျိုးတို့ဖြစ်သည်။

အဖွဲ့အစည်းများအားလုံးသည် အခြားသော TSIs များနှင့် ပူးပေါင်းဆောင်ရွက်မှုအားနည်းပြီး ၎င်းတို့၏ လုပ်ငန်းတာဝန်များသည် တခါတရံ ယှဉ်ပြိုင်မှုများအဖြစ် တွေ့မြင်ရသည်။ အဖွဲ့အစည်းအများအပြားသည် ဘဏ္ဍာငွေရရှိရေးအတွက်သာ ယှဉ်ပြိုင်လျက်ရှိကြသဖြင့် ကုန်သွယ်မှုသတင်းအချက်အလက်လုပ်ငန်း၏ စည်းမျဉ်းဥပဒေများအတွင်း အဖွဲ့အစည်းအချင်းချင်း ပူးပေါင်းဆောင်ရွက်သွားရန် မဖြစ်နိုင်ပါ။ အစိုးရအဖွဲ့အစည်းများ အကြားပို၍ပူးပေါင်းဆောင်ရွက်သွားရန်ဖြစ်သည်။ TSIအဖွဲ့အစည်းများသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ အီလက်ထရောနစ် စနစ်ဖြင့် ချိတ်ဆက်ထားခြင်းမရှိသော်လည်း အစိုးရမှ သတင်းအချက်အလက်များကို လွယ်ကူစွာ ဝင်ရောက်ရှာဖွေနိုင်ရန်အတွက် web portal များကို လုပ်ဆောင်ပေးလျက်ရှိသည်။ စာရင်းဇယား အချက်အလက် ကောက်ယူသူများမှ အသုံးပြုသူများသို့ ဆက်သွယ်ပူးပေါင်းဆောင်ရွက်မှု အနည်းငယ်ရှိသည်။ ဥပမာအားဖြင့် ဗဟိုစာရင်းအင်းအဖွဲ့ (CSO) မှ စာရင်းဇယားအချက်အလက်များအား အခြားသော ဝန်ကြီးဌာနများသို့ တိုက်ရိုက်ပံ့ပိုးပေးခြင်းနှင့် အပြန်အလှန်အားဖြင့် စာရင်းဇယားအချက်အလက်များအား ပြန်လည်ရယူခြင်းတို့ ဖြစ်သည်။ ပုဂ္ဂလိကကဏ္ဍများ ဆိုလိုသည်မှာ ကုန်သည်အသင်း သို့မဟုတ် အဖွဲ့အစည်းများနှင့် အစိုးရကဏ္ဍ ဆိုလိုသည်မှာ ဝန်ကြီးဌာနများအကြား

သတင်းအချက်အလက် စီးဆင်းမှုတွင် ကန့်သတ်ချက်များရှိသည်။ သို့သော်လည်း ၎င်းတို့၏ ကျွမ်းကျင်မှုနယ်ပယ်အရ စီမံကိန်းအတွင်းသို့ ပူးပေါင်းပါဝင် ဆောင်ရွက်လာကြခြင်းထက် အဖွဲ့အစည်းအချင်းချင်းက သတင်းအချက်အလက် သို့မဟုတ် လုပ်ငန်းများရှာဖွေမှုများတွင် အများဆုံး ပူးပေါင်းဆောင်ရွက်ကြသည်။

အဖွဲ့အစည်းအများစုတွင် လူသားအရင်းအနှီးကို ထိရောက်စွာသုံးစွဲနိုင်မှု အားနည်းနေသေးသည်။ ယေဘူယအားဖြင့် အဖွဲ့အစည်းများတွင် အီးမေးလ်ဖြင့် သို့မဟုတ် ဖုန်းဖြင့် စုံစမ်းမေးမြန်းမှုများအတွက် ပြည့်စုံလုံလောက်သော သတင်းအချက်အလက် ပြန်ကြားပေးနိုင်မှု မရှိသလောက်ပင်ဖြစ်သည်။ TPD နှင့် UMFCCI BIU TI unit များတွင်လည်း စုံစမ်းမေးမြန်းမှုများကို တုံ့ပြန်မှုမရှိခြင်းနှင့် လူသားအရင်းအနှီး နည်းပါးနေမှုကို တွေ့မြင်နေရသည်။ သို့သော်လည်း TPD သည် ကုန်စည်ဈေးနှုန်းများ၊ ပို့ကုန်တင်ပို့ခြင်းနှင့် ထုတ်လုပ်ခြင်းနှင့် ဈေးကွက်သတင်းအချက်အလက်များကို ၎င်းနပိုင်ဝက်ဘ်ဆိုက်နှင့် ဂျာနယ်များမှတဆင့် ဖြန့်ဝေပေးလျက်ရှိသည်။ ကုန်သွယ်မှုသင်တန်းကျောင်းသည် ဈေးကွက်ဆိုင်ရာ ကျွမ်းကျင်မှုပညာရပ်များကို အဓိကဖြန့်ဝေပေး သည့် နေရာတစ်ခုဖြစ်သော်လည်း ရန်ကုန်မြို့တစ်နေရာတည်းတွင်သာ တည်ရှိနေခြင်းနှင့် သင်တန်းသားရွေးချယ်သည့် လုပ်ငန်းစဉ်များကြောင့် လူတိုင်းတက်ရောက်ရန် ကန့်သတ်မှုများရှိနေသည်။ UMFCCI သည် အလုပ်ရုံဆွေးနွေးပွဲများကျင်းပခြင်းနှင့် သတင်းအချက်အလက်ဖလှယ်ခြင်းများကို ဆောင်ရွက်ပေးနေသော်လည်း စနစ်ကျနစွာ ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါ။ မြန်မာနိုင်ငံ ကုန်သွယ်မှုသတင်းအချက်အလက်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် အတွက် လူသားအရင်းအနှီးတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ပူးပေါင်းလုပ်ဆောင်မှုကို တိုးမြှင့်လုပ်ဆောင်သွားရန် လိုအပ်ပါသည်။

အဖွဲ့အစည်းများအားလုံးသည် အစိုးရဘတ်ဂျက်နှင့် အလှူရှင်များမှ ဘဏ္ဍာငွေထောက်ပံ့သည့် စီမံကိန်းများပေါ်တွင်သာ အမှီပြုနေရသည့်အတွက် ဘဏ္ဍာငွေစဉ်ဆက်မပြတ် ရရှိနိုင်မှုသည်လည်း အခြားသောပြဿနာတစ်ခုဖြစ်သည်။ ဘဏ္ဍာငွေ ထောက်ပံ့မှုသည် ယေဘူယအားဖြင့် အကြိမ်ရေ ကန့်သတ်ထားခြင်းနှင့် စီမံကိန်းကာလအပြီးတွင် စီစဉ်ဆောင်ရွက်ရန်အတွက် လုံလောက်သော အချိန်ကာလမရှိသည်ကို တွေ့ရသည်။

ကုန်သွယ်မှုသတင်းအချက်အလက်လုပ်ငန်းအတွက် ထောက်ခံမှုများ အထူးအားနည်းနေသည်ကို တွေ့ရသည်။ လုပ်ငန်းတွင် ပါဝင်ပတ်သက်လုပ်ကိုင်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲများမှ ရရှိချက်များအရ ပို့ကုန်လုပ်ငန်းရှင်အများစုသည် TSIs များမှ ဆက်စပ်အသုံးဝင်သည့် ကုန်သွယ်မှုသတင်းအချက်အလက်လုပ်ငန်းများကို ပြည့်စုံလုံလောက်စွာ လက်ခံရရှိခြင်း မရှိကြောင်း သိရှိရသည်။

TSIs များ၏ မူဝါဒရေးဆွဲခြင်းအပေါ် လွှမ်းမိုးမှုနှင့်ပတ်သက်၍ လုပ်ငန်းတွင် ပါဝင်ပတ်သက် လုပ်ကိုင်သူများ၏ သိရှိနားလည်မှုနှင့် ပါဝင်သူများ၏လိုအပ်ချက်များကို တုံ့ပြန်နိုင်သည့်စွမ်းရည်ကို ရှုမြင်သုံးသပ်ထားမှုများကို ဇယား ၅ တွင် ဖော်ပြ ထားသည်။ အဖွဲ့အစည်းအနည်းငယ်ကသာ ၎င်းတို့၏ လိုအပ်ချက်များ (ဇယားတွင် အလျားလိုက်ဖော်ပြထားသည်)ကို အပြည့်အဝတုံ့ပြန်နိုင်သည်ကို တွေ့မြင်နိုင်ပြီး၊ မူဝါဒရေးဆွဲခြင်းကိုလည်း အဖွဲ့အစည်း အနည်းကသာ ဆောင်ရွက်နိုင်သည်ကို တွေ့မြင်ရသည်။ ထို့ကဲ့သို့ပင် မြန်မာနိုင်ငံတွင်ရှိသည့် TSIs များ၏ ဆက်စပ်မှုနှင့်အကျိုးရှိမှုကို တိုးတက်လာနိုင်စေရန် ဖွဲ့စည်းမှုခိုင်မာတောင့်တင်းရန် လိုအပ်ပါသည်။

ဇယား(၅)- မြန်မာကုန်သွယ်မှုသတင်းအချက်အလက် TSIs – စွမ်းဆောင်နိုင်မှုနှင့် လွှမ်းမိုးမှု နှိုင်းယှဉ်ချက်

| အထောက်အကူပြုကဏ္ဍလုပ်ငန်းတာဝန်များ၏ လိုအပ်ချက်များကို တုံ့ပြန်နိုင်ရန်အတွက် အဖွဲ့အစည်းများ၏ စွမ်းဆောင်နိုင်မှု |
| --- |

၃၇

| | | နိမ့် | မြင့် |
|---|---|---|---|
| အထောက်အကူပြုကဏ္ဍလုပ်ငန်းတာဝန်များအပေါ် လွှမ်းမိုးမှုအဆင့် | မြင့် | မြန်မာနိုင်ငံအကောက်ခွန်လုပ်ငန်းဆိုင်ရာဝန်ဆောင်သူများအသင်း<br>သစ်တောဦးစီးဌာန<br>မြန်မာ့သစ်လုပ်ငန်း | မြန်မာအီလက်ထရောနစ်ကုန်သွယ်ရေး<br>မြန်မာနိုင်ငံအပြည်ပြည်ဆိုင်ရာကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း<br>မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်<br>မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း<br>မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်း<br>ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းငန်းရှင်များအသင်းချုပ်<br>ကုန်သွယ်မှုသင်တန်းကျောင်း<br>ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန<br>အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန<br>သတ္တုတွင်းဝန်ကြီးဌာန<br>စက်မှုဝန်ကြီးဌာန<br>တိရစ္ဆာန်မွေးမြူရေးနှင့်ဆေးကုသရေးဦးစီးဌာန<br>ငါးလုပ်ငန်းဦးစီးဌာန<br>ကုန်သွယ်ရေးဦးစီးဌာန |
| | နိမ့် | မြန်မာနိုင်ငံစာကြည့်တိုက်အသင်း<br>မြန်မာနိုင်ငံအဝေးပြေးကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း<br>မြန်မာနိုင်ငံနှစ်ရှည်ပင်စိုက်ပျိုးထုတ်လုပ်သူများအသင်း<br>မြန်မာနိုင်ငံဆီအုန်းစိုက်ပျိုးထုတ်လုပ်သူများအသင်း<br>မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း<br>မြန်မာနိုင်ငံသစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း<br>မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း<br>မြန်မာနိုင်ငံလယ်ယာကိုင်းကျွန်းသီးနှံစိုက်ပျိုးထုတ်လုပ်သူများအသင်း<br>မြန်မာနိုင်ငံရေကြောင်းအင်ဂျင်နီယာအသင်း<br>မြန်မာနိုင်ငံပလတ်စတစ်လုပ်ငန်းရှင်များအသင်း<br>မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းဆိုင်ရာလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအသင်း<br>မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း<br>မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့်လုပ်ငန်းရှင်များအသင်း<br>မြန်မာနိုင်ငံပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း<br>မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း<br>မြန်မာ့စီးပွားရေးဘဏ်<br>မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်<br>မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း<br>သမဝါယမပို့ကုန်-သွင်းကုန်လုပ်ငန်း<br>မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်<br>နိုင်ငံခြားရေးဝန်ကြီးဌာန<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ်<br>ဗဟိုစာရင်းအင်းအဖွဲ့<br>မှတ်ပုံတင်ရေးညွှန်ကြားမှုဦးစီးဌာန၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန<br>နည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | စီးပွားရေးတက္ကသိုလ်<br>မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း<br>မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း<br>မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်<br>မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း<br>မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း<br>မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်<br>မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ်<br>မြန်မာနိုင်ငံစားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း<br>မြန်မာနိုင်ငံမွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဘဏ်(ကမ္ဘာ့ရတနာဘဏ်)<br>စက်မှုဝန်ကြီးဌာန<br>အကောက်ခွန်ဦးစီးဌာန<br>မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ |

ဇယား(၆)- မြန်မာနိုင်ငံ ကုန်သွယ်မှုသတင်းအချက်အလက်အထောက်အကူပြုကဏ္ဍ၏ လုပ်ငန်းတာဝန်များနှင့် ဆက်စပ်နေသည့် လက်ရှိဆောင်ရွက်နေသည့် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ

၃၆

| စီမံကိန်း | အဆင့်အတန်း | ရန်ပုံငွေထောက်ပံ့သည့်အဖွဲ့အစည်း/ ဦးဆောင်အကောင်အထည်ဖော်မည့်သူ | ဆောင်ရွက်ရန် ရည်ရွယ်ထားသည့်နယ်ပယ်များ |
|---|---|---|---|
| ကုန်သွယ်မှု သင်တန်း ကျောင်း | ၂၀၁၃-၂၀၁၄ | JICA | ဈေးကွက်ကျွမ်းကျင်မှုဆိုင်ရာ နည်းလမ်းကိရိယာများ (market intelligence tools)၊ ကုန်သွယ်မှုဆိုင်ရာ ငွေကြေးအရင်းအနှီး (trade finance credit)၊ ဈေးကွက်ဝင်ရောက်ခွင့်နှင့် အကောက်ခွန်ကဲ့သို့သော နယ်ပယ်အသီးသီးတွင် ပို့ကုန် လုပ်ငန်းရှင်များအတွက် ရင်းမြစ်များနှင့် နည်းပညာဆိုင်ရာ သိရှိနားလည်မှုများကို ပေးနိုင်သည့် ကုန်သွယ်မှုဆိုင်ရာ သင်ခန်းစာများကို ထောက်ပံ့ပေးရန်။ |

**ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များကို ဆန်းစစ်လေ့လာခြင်း**

ကုန်သွယ်မှုသတင်းအချက်အလက်၏ လုပ်ငန်းတာဝန်များမှ ဆောင်ရွက်ဆဲ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ဆောင်မှုများအား ဆန်းစစ်လေ့လာခြင်းသည် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်သူများနှင့် ၎င်းတို့၏ ကနဦးဆောင်ရွက်မှုများမှ အဓိကလုပ်ဆောင်နေမှုများကို ရွေးချယ်ဆောင်ရွက်နိုင်ရန် လုပ်ဆောင်ပေးနေမှုများနှင့် ဆက်စပ်နေပါသည်။ ထို့အပြင် ကွာခြားချက်များနှင့် အသုံးမပြုရသေးသည့်နယ်ပယ်များကိုလည်း အလားတူ ဖော်ထုတ်ဆောင်ရွက်လျက် ရှိသည်။ နောက်ပိုင်းတွင် ကွာခြားချက်များကို အထူးအလေးပေးဖော်ထုတ်ဆောင်ရွက်ရန် ထပ်မံဆန်းစစ်ဆောင်ရွက်သွားမည်ဖြစ်ပြီး အထောက်အကူပြုကွန်ရက်၏ မဟာဗျူဟာမြောက် လုပ်ငန်းဆောင်ရွက်မှုများတွင် ဖော်ပြပေးသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ ကုန်သွယ်မှုသတင်းအချက်အလက်လုပ်ငန်းတွင် နိုင်ငံတကာအလှူရှင်များ နည်းပါးနေသေးသည်ကို တွေ့ရှိ ရသည်။ တစ်ခုတည်းသော နိုင်ငံတကာအလှူရှင်မှာ ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ဖြစ်သည်။ မြန်မာနိုင်ငံတွင် ကုန်သွယ်မှုသတင်းအချက်အလက် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာ၌ ကန့်သတ်မှုများစွာရှိနေသည်။ အလားအလာရှိသော မြန်မာ့ ပို့ကုန်သွင်းလုပ်ငန်းရှင်များ၏ လိုအပ်ချက်နှင့်ကိုက်ညီသည့် ကုန်သွယ်မှုသတင်းအချက်အလက်ကဏ္ဍ မြှင့်တင်ရေးအတွက် လိုအပ်သည့်အချက်များကို အလေးထားသည့် အဆီလျော်ဆုံးအစီအစဉ်မှာ ပုဂ္ဂလိကကဏ္ဍအား ကုန်သွယ်မှုသင်တန်းများကို ထောက်ပံ့ပေးနေသည့် JICA မှ ဆောင်ရွက်နေသည့် စီမံကိန်းပင် ဖြစ်သည်။ ဤစီမံကိန်း အကျဉ်းချုပ်ကို ဇယား (၆) တွင် ဖော်ပြထားသည်။

**ယှဉ်ပြိုင်မှုကန့်သတ်ချက်များ**

ဤအခန်းတွင် မြန်မာနိုင်ငံရှိ ကုန်သွယ်မှုသတင်းအချက်အလက်လုပ်ငန်းကို အကျိုးသက်ရောက်စေနိုင်သည့် အရေးကြီးဆုံးသော ကန့်သတ်ချက်များကို ရှင်းလင်းဖော်ပြထားသည်။ ကန့်သတ်ချက်များကို အဖွဲ့အစည်းနှင့် လုပ်ငန်းအဆင့် ရှုထောင့်နှစ်မျိုးဖြင့် ဖော်ပြနိုင်သည်။ အဖွဲ့အစည်းအဆင့်ကန့်သတ်ချက်များသည် TSIs မှ လုပ်ငန်းများသို့ ဝန်ဆောင်မှုလုပ်ငန်း ဖြန့်ဖြူးခြင်းနှင့် သက်ဆိုင်သည့် ထောက်ပံ့သူဖက်မှ ကိစ္စရပ်များအပေါ်တွင် အခြေခံသည်။ အထူးသဖြင့် ထိရောက်သော ဝန်ဆောင်မှု လုပ်ငန်းဖြန့်ဖြူးခြင်းကို ရရှိနိုင်ရန်အတွက် အဖွဲ့အစည်းများ စွမ်းဆောင်ရည်နှင့် အရင်းအမြစ်များ ရရှိနိုင်မှုအပေါ်တွင် တည်မှီသည်။ လုပ်ငန်းအဆင့် ကန့်သတ်မှုများသည် ကုန်သွယ်မှုသတင်းအချက်အလက် အခြေခံအဆောက်အဦနှင့် ဆက်စပ်နေသည့် ဝယ်ယူသူဖက်မှ ကိစ္စရပ်များတွင် အမှီပြုသည်။

**ပုံစံ(၄) - မြန်မာနိုင်ငံ ကုန်သွယ်မှုသတင်းအချက်အလက် အထောက်အကူပြုကွန်ရက်၏ လုပ်ငန်းတာဝန်များရှိ မူဝါဒနှင့် အဖွဲ့အစည်းအဆင့် ကိစ္စရပ်များ**

၃၇

- ကုန်သွယ်မှုသတင်းအချက်အလက်များကို အများပြည်သူထံ မရောက်ရှိနိုင်ခြင်း
- ကုန်သွယ်မှုသတင်းအချက်အလက် အကြံပေးအဖွဲ့များနှင့် သုတေသနပညာရှင် (think tanks) အဖွဲ့များ အတွေ့ အကြုံနည်းပါးခြင်း
- ကုန်သွယ်မှုသတင်းအချက်အလက် ပံ့ပိုးပေးသူများအကြား တွန်းအားပေးဆောင်ရွက်မှုအားနည်းခြင်း
- ကုန်သွယ်မှုသတင်းအချက်အလက်ကဏ္ဍတွင် မူဝါဒပိုင်းဆိုင်ရာ အားနည်းခြင်း
- TSIs များအကြား ပူးပေါင်းဆောင်ရွက်မှု အားနည်းခြင်း
- ကုန်သွယ်မှုသတင်းအချက်အလက်ကဏ္ဍအတွက် one-stop portal တစ်ခုလိုအပ်နေခြင်း
- TSIs များသည် နိုင်ငံတကာဈေးကွက်များမှ သတင်းအချက်အလက်များကိုကောက်ယူနိုင်မှု နည်းပါးခြင်း
- ကုန်သွယ်မှုသတင်းအချက်အလက်ကဏ္ဍ လုပ်ငန်းတာဝန်များအတွင်း ကုန်သွယ်ရေးကိုယ်စားလှယ်များ ပူးပေါင်း ဆောင်ရွက်နိုင်မှု အားနည်းနေခြင်း
- ရန်ကုန်မြို့ပြင်ပတွင် ဝန်ဆောင်မှုလုပ်ငန်းလုပ်ဆောင်ရွက်ရန် ကန့်သတ်မှုများ ရှိနေခြင်း

---

## ကုန်သွယ်မှုသတင်းအချက်အလက်များကို အများပြည်သူထံ မရောက်ရှိနိုင်ခြင်း

---

မြန်မာ့စီးပွားရေးလုပ်ငန်းများသည် အများအားဖြင့် ရင်းနှီးငွေအနည်းငယ်သာရှိသည့် အသေးစားနှင့် အလတ်စားလုပ်ငန်းများ (အများစုသည် မိသားစုပိုင်လုပ်ငန်းများ) ဖြစ်ပြီး သတင်းအချက်အလက်ရရှိရန် များစွာ ဆောင်ရွက်နိုင်ခြင်းမရှိသောကြောင့် အများပြည်သူလက်လှမ်းမီနိုင်သောဆက်စပ်အရေးကြီးသည့် ကုန်သွယ်မှုသတင်း အချက်အလက်များကို ရရှိနိုင်ချေများသည်။ ကုန်သွယ်မှုသတင်းအချက်အလက်ဆိုင်ရာ အဖွဲ့အစည်းများမှ ပြည်သူ လူထုနှင့် သက်ဆိုင်သည့်အချက်အလက်များကို ပံ့ပိုးပေးပြီး စီးပွားရေးလုပ်ငန်းနယ်ပယ်အဆင့်တွင် ကုန်စည်နှင့် သတင်းအချက်အလက်ကောက်ယူရာ၌ ကုန်ကျသည့်စရိတ်စကများသည် အစိုးရအဖွဲ့ အစည်းများထက် ပို၍ ကုန်ကျ မည် ဖြစ်သည်။

မြန်မာနိုင်ငံတွင် အများပြည်သူ ရရှိနိုင်သည့် သတင်းအချက်အလက်များသည် တစ်ခါတစ်ရံ ယုံကြည် စိတ်ချရမှုမရှိခြင်းနှင့် သတင်းသိုးများဖြစ်နေလေ့ရှိသည်။ ထိုသို့သောကိစ္စရပ်များသည် နိုင်ငံအဆင့် အချက်အလက် များကို ကောက်ယူခြင်းများတွင်လည်းတွေ့ရပြီး၊ ထိုသို့ဖြစ်ရခြင်းမှာ လူနှင့် ဘဏ္ဍာငွေအရင်းအနှီးနည်းပါးခြင်း၊ စက်မှု ပိုင်းဆိုင်ရာစွမ်းရည်အားနည်းခြင်း၊ နည်းပညာဆိုင်ရာကန့်သတ်ချက်များ ရှိနေခြင်းကြောင့်ဖြစ်သည်။ အချိန်နှင့် တပြေးညီ ဖွံ့ဖြိုးတိုးတက်လာနေပြီး ယုံကြည်စိတ်ချရ သည့် ကုန်သွယ်မှုသတင်းအချက်အလက်များရရှိရန် လက်ရှိ ဆောင်ရွက်နေသည့် စနစ်တစ်ခုလုံးအား ပြင်ဆင်ရန် လိုအပ်မည် ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) သည် သတင်းအချက်အလက်များအား တင်ပြခြင်းနှင့် ဖြန့်ဖြူးခြင်းများကို တိုးတက်စေရန် ဆောင်ရွက် ပေးလျက် ရှိသော်လည်း TSIs များမှ ထောက်ပံ့ပေးသည့် သတင်းအချက်အလက်များနှင့် သုံးစွဲသူများ၏ လိုအပ်ချက်အကြား ကွာဟချက်ကို ဆက်စပ်ပေးနိုင်ရန်အတွက် ရင်းနှီးမြှုပ်နှံမှုများကို ပိုမို၍ လိုအပ်မည်ဖြစ်သည်။ မြန်မာနိုင်ငံသည် IMF ၏ အထွေထွေသတင်းအချက်အလက်ဖြန့်ဖြူးခြင်းစနစ်ထဲသို့ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလတွင်

စတင်ဝင်ရောက်ခဲ့ပြီး နိုင်ငံ၏ စာရင်းဇယားကောက်ယူခြင်းစနစ်ကို တိုးတက်စေရန်အတွက် ရှေ့ဆက်ဆောင်ရွက်သွားမည့် အဓိကခြေလှမ်းတစ်ရပ်ကို ချမှတ်နိုင်ခဲ့ပါသည်။[၂]

## ကုန်သွယ်မှုသတင်းအချက်အလက် အကြံပေးအဖွဲ့များနှင့် သုတေသနပညာရှင်(think tanks)အဖွဲ့များ အတွေ့အကြုံ နည်းပါးခြင်း

စီးပွားရေး သို့မဟုတ် ကုန်သွယ်ရေး သို့မဟုတ် ဈေးကွက်သုတေသန အထူးအကြံပေးသည့် TSIs များမှာ အနည်းငယ်သာရှိသည်။ ကွင်းဆင်းလေ့လာခြင်း၊ အဆိုပါ နယ်ပယ်များတွင် လုပ်ငန်းတာဝန်ရှိသော အဖွဲ့အစည်းများအဖြစ် သတင်းအချက်အလက်အချို့ ပံ့ပိုးပေးခြင်း၊ အကြံဉာဏ်ပေးခြင်း သို့မဟုတ် ဈေးကွက် လမ်းကြောင်းများ ပံ့ပိုးပေးခြင်းစသည့် နယ်ပယ်များတွင် အတွေ့အကြုံရှိသည့် ဈေးကွက်သုတေသနကုမ္ပဏီများမှာ လက်တစ်ဆုပ်စာမျှသာရှိသည်။ အဆိုပါလုပ်ငန်းများသည် နိုင်ငံတကာ ဈေးကွက်များထက် ပြည်တွင်းဈေးကွက်ကို အမြဲအခြေပြုသော်လည်း ပြည်တွင်းဈေးကွက်အတွက် ပြီးပြည့်စုံသော စီးပွားရေး လုပ်ငန်းများ၊ စီးပွားရေး သို့မဟုတ် ဥပဒေ အကြံပေး ဝန်ဆောင်မှုလုပ်ငန်းများကို ပံ့ပိုးပေးသည့် မြန်မာကုမ္ပဏီများ မရှိဘဲ နိုင်ငံတကာဈေးကွက်တစ်ခုတည်းအတွက်သာ ပံ့ပိုးပေးနိုင်သည်။ သို့ဖြစ်ရာ လုပ်ငန်းများနှင့် ပုဂ္ဂလိကကဏ္ဍအဖွဲ့အစည်းများအတွက် လက်တွေ့ဆန်သော မူဝါဒပိုင်းဆိုင်ရာအကြံဉာဏ်များကိုပေးနိုင်ရန် ပြည်တွင်းသုတေသနအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်ကို ခိုင်မာလာအောင် လုပ်ဆောင်ပေးရန်မှာ အရေးကြီးသော လိုအပ်ချက်ဖြစ်ပါသည်။

## ကုန်သွယ်မှုသတင်းအချက်အလက် ပံ့ပိုးပေးသူများအကြား တွန်းအားပေး ဆောင်ရွက်မှုအားနည်းခြင်း

ပျမ်းမျှခြင်းအားဖြင့် အသုံးပြုသူများသည် ကုန်သွယ်မှုသတင်းအချက်အလက်ကို ရရှိနိုင်သည့်ရင်းမြစ်များနှင့် မည်သည့် အဖွဲ့အစည်းက အကြံဉာဏ်ပေးနိုင်သည်ကို နားလည်မှုမရှိကြပါ။ အဆိုပါကိစ္စနှင့်ပတ်သက်၍ ကုန်သွယ်မှုသတင်းအချက်အလက် ပံ့ပိုးပေးသည့် အဖွဲ့အစည်းများသည် ရရှိနိုင်သည့် ဝန်ဆောင်မှုလုပ်ငန်းများအကြောင်းကို အသုံးပြုသူများအား သိရှိစေရန်အတွက် တိုးမြှင့်တွန်းအားပေး ဆက်သွယ်ဆောင်ရွက်ရမည်ဖြစ်သည်။

ကဏ္ဍအလိုက် အသေးစိတ် တိကျသောအချက်အလက်များကို အများအားဖြင့် TSI အဖွဲ့ဝင်များကိုသာ ပံ့ပိုးပေးခြင်း သို့မဟုတ် ပံ့ပိုးရန် လိုအပ်နေဆဲပင်ဖြစ်သည်။ ဝက်ဘ်ဆိုဒ်တွင် ထုတ်လွှင့်ထားသည့် အချက်အလက်များ၊ ပို့ကုန်တင်ပို့မှုဆိုင်ရာ လမ်းညွှန်ချက်များ၊ လေ့လာချက်များနှင့် အစီရင်ခံစာများကို လုပ်ငန်းလုပ်ဆောင်သူများ ပို၍ သိရှိစေရန် အသိပေးသွားရမည်ဖြစ်သည်။ ကုန်သွယ်မှုသတင်းအချက်အလက်ပံ့ပိုးသူများသည် ၎င်းတို့၏ လုပ်ငန်းများကို ထိရောက်စွာ အသိပေးနိုင်ခြင်း မရှိခြင်းသော်လည်းကောင်း၊ ၎င်းတို့ရှိ ရရှိနိုင်သည့် သတင်း အချက်အလက်များကို ကောင်းစွာ စုစည်းနိုင်ပြီး အဓိကလုပ်ငန်းရှင်များသို့ ဖြန့်ဖြူးပေးနိုင်ခဲ့ပြီးသော်လည်းကောင်း ဖြစ်နိုင်သည်။ ကုန်သွယ်မှုသတင်းအချက်အလက် ပံ့ပိုးပေးသူများ၏ ဖွဲ့စည်းပုံအတွင်း ဒီဇိုင်းရေးဆွဲခြင်းနှင့် ဝက်ဘ်ဆိုဒ်များကို ပြုပြင်မွမ်းမံခြင်းများ လုပ်ဆောင်ရန်အတွက် လုံလောက်သော ရင်းမြစ်များ မရှိသည်ကို တွေ့ရသည်။

---

[၂] **အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) (၂၀၁၃)။ မြန်မာနိုင်ငံသည် IMF ၏ အထွေထွေအချက်အလက်ဖြန့်ဖြူးခြင်းစနစ်တွင် ပါဝင်ခဲ့သည်။ နိုဝင်ဘာလ ၁၄ ရက်နေ့ထုတ် သတင်းလွှာအမှတ် ၁၃/၄၄၉။**

## ကုန်သွယ်မှုသတင်းအချက်အလက်ကဏ္ဍတွင် မူဝါဒပိုင်းဆိုင်ရာ အားနည်းခြင်း

လက်ရှိတွင် ကုန်သွယ်မှုသတင်းအချက်အလက် အထောက်အကူပြုကဏ္ဍ၏လုပ်ငန်းတာဝန်များကို မည်သည့် အစိုးရ စီမံကိန်းများ၊ ဥပဒေများ၊ လေ့လာချက်များနှင့် ဖွံ့ဖြိုးမှုအစီအစဉ်များတွင်မှ ဖော်ပြထားခြင်းမရှိသည်ကို တွေ့ရသည်။ ကုန်သွယ်မှု သတင်းအချက်အလက်ပိုင်းတွင် အစိုးရပိုင်းမှ ဦးဆောင်ဦးရွက်ပြုမှု နည်းလျက်ရှိသည်။ ကုန်သွယ်မှုသတင်းအချက်အလက်နှင့် ပတ်သက်၍ မူဝါဒပိုင်းဆိုင်ရာ စူးစိုက်မှု အားနည်းခြင်းသည်လည်း လက်ရှိကွာဟချက်များကို ဖြစ်ပေါ်စေသည်။ တာဝန်များကို ခွဲဝေဖြန့်ထားခြင်းအပေါ် ရှင်းလင်းပြတ်သားသော ညွှန်ကြားချက်များ မရှိခြင်းသည်လည်း TSIs များ၏ လုပ်ပိုင်ခွင့်အတွင်းသို့ စုစည်းဝင်ရောက်သွားနိုင်သည်။ TSIs အများစုသည် လိုအပ်သည့် ဆောင်ရွက်ချက်များကို လုပ်ဆောင်ကြခြင်းမရှိပါ။

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် ဆက်စပ်နေသည့် သီးခြား ကိုးကားချက်များနှင့် ဆောင်ရွက်ရန် ကိစ္စရပ်များသည် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံချက်များတွင် ပါဝင်လာမည်ဟု မျှော်လင့်ရသည်။ လုပ်ငန်းစီမံချက် (PoA) သည် ဆောင်ရွက် နိုင်မည့် အဓိက လုပ်ဆောင်မှုများကို ထုတ်လုပ်ပေးခြင်းဖြင့် စီမံကိန်းများ၌ လက်ရှိ မဆောင်ရွက်နိုင်သည့် လုပ်ငန်းများကိုပြန်လည်ပြင်ဆင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်သည်။ ၎င်းသည် ကုန်သွယ်မှု အထောက်အကူပြုကွန်ယက် (TSN) များ ခိုင်မာလာစေရန်အတွက် အရေးကြီးသော ရည်ရွယ်ချက်ပင်ဖြစ်သည်။

## TSIs **များအကြား ပူးပေါင်းဆောင်ရွက်မှု အားနည်းခြင်း**

အားလုံးကိုခြုံကြည့်ပါက TSIs များအကြား ပူးပေါင်းဆောင်ရွက်မှု အားနည်းနေခြင်းကြောင့် ကုန်သွယ်မှု အထောက်အကူပြုကွန်ယက်များအား ထိခိုက်မှုများ ရှိနေသည်။ TSIs များသည် ယေဘုယျအားဖြင့် အခြားသော TSIs များ၏ လုပ်ဆောင်ချက်များနှင့် စွမ်းဆောင်ရည်ကို သတိပြုမိကြခြင်းမရှိပေ။ ပုဂ္ဂလိကကဏ္ဍမှ ကုန်သွယ်မှု သတင်းအချက်အလက် ပံ့ပိုးသူများသည် အထူးသဖြင့် ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတွင် အားနည်းကြသည်။ ထိုသို့ကွာဟချက်များ ကြီးမားသဖြင့် ဤအထောက်အကူပြုကဏ္ဍအတွင်း ပူးပေါင်း ဆောင်ရွက်ခြင်းနှင့် ပူးတွဲဆောင်ရွက်ရေး အစီအစဉ်များကို ပိုမိုတိုးမြှင့် လုပ်ဆောင်သွားရမည်ဖြစ်သည်။ သတင်း အချက်အလက်များ၏ အရည်အသွေးနှင့် ၎င်း၏ပြန့်နှံ့ရောက်ရှိနိုင်မှုကို တိုးမြှင့်စေရန်အတွက် လုပ်ငန်းဆောင်ရွက်သူများအကြား ခိုင်မာသောပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ရန်နှင့် TSIs များအကြား ခိုင်မာသော ပူးပေါင်း လုပ်ဆောင်မှုကို ဖန်တီး ပေးနိုင်ရန် လုပ်ငန်းစီမံချက် (PoA) တွင် ဆောင်ရွက်ရမည့်အချက်များကို အများအပြား ဖော်ပြထားပါသည်။ PoA တွင် ဖော်ပြထားသည့် ဆောင်ရွက်ရမည့်အချက်အများစုသည် TSIs များအကြား ပူးပေါင်းဆောင်ရွက်မှုကို အဓိက ရည်ရွယ်ပါသည်။

## ကုန်သွယ်မှုသတင်းအချက်အလက်ကဏ္ဍအတွက် one-stop portal **တစ်ခုလိုအပ်နေခြင်း**

လက်ရှိတွင်ဆက်သွယ်ဆောင်ရွက်မှုမရှိသောအစိုးရဌာနများနှင့် အဖွဲ့အစည်းများ၏ ကုန်သွယ်မှုသတင်း အချက်အလက်များကို လုပ်ငန်းများက ဝင်ရောက်ကြည့်ရှုလိုကြသည်။ ၎င်းတို့ကြည့်ရှုလိုသည့် အချက်အလက် အများစုသည် အမှန်တကယ်တွင် ရရှိနိုင်သော်လည်း အတည်ပြုရန် ခက်ခဲပြီး သတင်းသိုးများ ဖြစ်နေတတ်သည်။ ကုန်သွယ်မှုသတင်းအချက်အလက် အခြေခံ အဆောက်အဦများတကွဲတပြားစီဖြစ်နေခြင်း၏ အဓိကကျသော ပြဿနာမှာ ၎င်းတို့အချင်းချင်းဆက်သွယ်မှုမရှိခြင်းနှင့် လိုက်ဖက်ညီမှုမရှိခြင်းတို့ကြောင့်ဖြစ်သည်။ ထို့ကြောင့်

ကုမ္ပဏီများသည် အချက်အလက်ရင်းမြစ်များရရှိနိုင်သည့် ဝက်ဘ်ဆိုက်များ ရှုတ်ထွေးနေမှုကို မဖြေရှင်းနိုင်သည့် ပြဿနာနှင့် မကြာခဏတွေ့ကြုံရသည်။

သို့ဖြစ်ရာ ကုန်သွယ်မှုသတင်းအချက်အလက်များကို တစ်စုတစ်စည်းတည်းရရှိနိုင်သည့်one-stop နေရာတစ်ခု ပေါ်ပေါက်လာရန် အလျင်အမြန်လိုအပ်လာသည်။ ထိုနေရာသည် ဆက်စပ်နေသည့် အချက်အလက်များအားလုံးကို တစ်နေရာတည်းတွင် ကောက်ယူစုဆောင်းနိုင်ရရှိနိုင်သည့် ကုန်သွယ်မှုသတင်းအချက်အလက်အတွက် ပင်မနေရာတစ်ခု ဖြစ်သည်။ ၎င်းနေရာတွင် ဈေးကွက်လမ်းကြောင်းများ၊ ဈေးကွက်ဆိုင်ရာလိုအပ်ချက်များ၊ စည်းမျဉ်းများ၊ စီးပွားရေးဆိုင်ရာ အခမ်းအနားများ (ဥပမာ- ကုန်စည်ပြပွဲများ)၊ ကုန်စည် သယ်ယူပို့ဆောင်သိုလှောင်ရေး၊ ပို့ကုန်/သွင်းကုန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ အကောက်ခွန် ဇယားများ၊ အဓိကပစ်မှတ်ထားသည့် ဈေးကွက်များမှ စားသုံးမှုဆိုင်ရာလမ်းကြောင်းများ၊ ဈေးကွက်ဆိုင်ရာအခွင့်အလမ်းများ၊ TSIs များ စသည့်အချက်အလက်များကို အလွယ်တကူ လျင်မြန်စွာ ပံ့ပိုးပေးနိုင်မည်ဖြစ်သည်။

## TSIs **များသည် နိုင်ငံတကာဈေးကွက်များမှ သတင်းအချက်အလက်များကိုကောက်ယူနိုင်မှု နည်းပါးခြင်း**

ယခင်က ဖော်ပြထားသကဲ့သို့ပင် နိုင်ငံတကာဈေးကွက်များအား စီစစ်သုံးသပ်၍ မြန်မာနိုင်ငံ စီးပွားရေးလုပ်ငန်းများအတွက် အသုံးဝင်မည့် ကုန်သွယ်မှုဆိုင်ရာအချက်အလက်များကို စနစ်တကျ ကောက်ယူနိုင်သည့် TSIs များမရှိပါ။ သို့သော်လည်း မြန်မာနိုင်ငံမှ ဈေးကွက်အသစ်များသို့ ကုန်ပစ္စည်းတင်ပို့ခြင်းနှင့် နိုင်ငံခြားမှ ဈေးကွက်အခြေအနေများ ပြောင်းလဲခြင်းနှင့် လိုက်လျောညီထွေစွာ ထုတ်ကုန်အသစ်များ ထုတ်လုပ်ရန်အလို့ငှာ အဆိုပါအဖွဲ့အစည်းများအတွက် အရေးပေါ်လိုအပ်သည့် အခြေ အနေတစ်ခုရှိသည်။

## **ကုန်သွယ်မှုသတင်းအချက်အလက်ကဏ္ဍ လုပ်ငန်းတာဝန်များအတွင်း ကုန်သွယ်ရေးကိုယ်စားလှယ်များ ပူးပေါင်းဆောင် ရွက်နိုင်မှု အားနည်းနေခြင်း**

နိုင်ငံခြားရှိ ကောင်စစ်ဝန်ရုံးများနှင့် သံရုံးများမှ ကုန်သွယ်ရေးကိုယ်စားလှယ်များသည် ၎င်းတို့ ကိုယ်စားပြုနိုင်ငံများရှိ အဓိကဈေးကွက်များ၏ အချက်အလက်များကို ကောက်ယူ၍ ကုန်သွယ်မှုသတင်းအချက်အလက်ပံ့ပိုးသူများအနေဖြင့် လုပ်ငန်းများသို့ သတင်းဖြန့်ဝေနိုင်ရန်အတွက် ပေးပို့ပေးပါသည်။ ထို့ပြင် ကုန်သွယ်ရေးကိုယ်စားလှယ်များသည် နိုင်ငံရပ်ခြားတွင် စီးပွားရေးလုပ်ငန်းများ မြှင့်တင်ခြင်း၊ ၎င်းတို့၏ဒေသတွင် ပြုလုပ်မည့် ကုန်စည်ပြပွဲများအကြောင်းအသိပေးခြင်းနှင့် မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံသူများအား ချိတ်ဆက်ဆောင်ရွက်ပေးခြင်းများတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ပေးသည်။ သို့သော်လည်း TSIs များနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနအကြား ဆက်သွယ်ဆောင်ရွက်မှု အားနည်းသည်။ ကောင်စစ်ဝန်ရုံးများ/ကုန်သွယ်ရေး ကိုယ်စားလှယ်ရုံးများနှင့် အမျိုးသားအဆင့် ကုန်သွယ်မှုသတင်းအချက်အလက်ပံ့ပိုးသူများ အကြားရှိ တုံ့ပြန်ဆောင်ရွက်ချက်များကို တရားဝင်ဖြစ်အောင် လုပ်ဆောင်ရန်လိုသည်။ လုပ်ဆောင်နိုင်မှုနှင့် တာဝန်ခွဲဝေချထားမှုများကို အကဲဖြတ်ရန်အလို့ငှာ ကုန်သွယ်မှုသတင်းအချက်အလက် ပံ့ပိုးသူများ၏ကွန်ယက်ကို ကောင်စစ်ဝန်ရုံးများ/ကုန်သွယ်ရေး ကိုယ်စားလှယ်ရုံးများနှင့် ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်သည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ သင်တန်းများပေးခြင်းသည်လည်း အရေးကြီးသောအပိုင်းတွင် ပါဝင်နေသည်။ ကောင်စစ်ဝန်ရုံးများ/ကုန်သွယ်ရေးကိုယ်စားလှယ်ရုံးများရှိ အရာရှိများအား လိုအပ်မည့် သတင်းအမျိုးအစားများနှင့် ရှာဖွေနိုင်မည့် ရင်းမြစ်များအပြင် TSIs များသို့ အဆိုပါသတင်းများကို မည်သို့ပြန်လည်ပေးပို့ရန်ဆိုသည့် သင်တန်းများပေးရန် လိုအပ်မည် ဖြစ်သည်။

## ရန်ကုန်မြို့ပြင်ပတွင် ဝန်ဆောင်မှုလုပ်ငန်းလုပ်ဆောင်ရွက်ရန် ကန့်သတ်မှုများရှိနေခြင်း

ကုန်သွယ်မှုသတင်းအချက်အလက်ကွန်ယက်သည် ရန်ကုန်နှင့် မန္တလေးမြို့များတွင် နေထိုင်သူများထံ ရောက်ရှိရန် လိုအပ်သည့်အပြင် မြို့ကြီးများ၏ အပြင်ဘက်ရှိ ကျေးလက်ဒေသများသို့ပါ ရောက်ရှိရန် လိုအပ်မည်ဖြစ်သည်။ သတင်းအချက်အလက် ပံ့ပိုးသူများသည် အများအားဖြင့် ရန်ကုန်ရှိ ကုန်သွယ်မှုအချက်အလက် လိုအပ်ချက်များကိုသာ ဦးတည်ဆောင်ရွက်နေသောကြောင့် အဆိုပါဒေသများသည် အများအားဖြင့် ချန်လှပ်ခံထားရသည်။ စာရင်းဇယားအချက်အလက်များနှင့်သတင်းအချက်အလက်များအား ဒေသရှိကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းများမှတဆင့် ဖြန့်ဖြူးပေးနိုင်ပြီး၊ ကွန်ယက်ထုတ်လွှင့်ခြင်းကို ပြန်ကြားရေးဝန်ကြီးဌာနနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒေသရုံးများမှ ဆောင်ရွက်မည်ဖြစ်သည်။ ထို့ပြင် ရေဒီယို (စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ အသုံးပြုနေပြီဖြစ်သည်)ကဲ့သို့သောအခြားသော ချန်နယ်များကိုလည်း အသုံးပြုနိုင်သည်။ မိုဘိုင်းကွန်ယက်အသုံးပြုခြင်းကိုလည်း တိုးချဲ့ဆောင်ရွက်နိုင်ပြီး လုပ်ငန်းစီမံချက်ရှိ ဆောင်ရွက်ရမည့် လုပ်ငန်းများတွင် ပါဝင်သည်။

**ပုံစံ(၅)- မြန်မာနိုင်ငံကုန်သွယ်မှုသတင်းအချက်အလက်အထောက်အကူပြုကဏ္ဍလုပ်ငန်းတာဝန်မှ လုပ်ငန်းအဆင့် ပြဿနာများ**

- ပို့ကုန်စျေးကွက်မဟာဗျူဟာတစ်ခုအတွက် လိုအပ်သည့် သတင်းအချက်အလက်အမျိုးအစားဆိုင်ရာ ဗဟုသုတမရှိခြင်း
- လုပ်ငန်းများအကြားတွင် သတင်းအချက်အလက်ရရှိရန်အတွက် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ကူးလူးဆက်သွယ်ဆောင်ရွက်ခြင်းစသည်ဖြင့် အထွေထွေဆက်သွယ် ဆောင်ရွက်မှုမရှိခြင်း
- လုပ်ငန်းများ၏ ဆုံးဖြတ်ချက်ချမှတ်သည့် မူဘောင်အတွင်းတွင် ပေါင်းစပ်ဆောင်ရွက်မှု မရှိခြင်း

### ပို့ကုန်စျေးကွက်မဟာဗျူဟာတစ်ခုအတွက် လိုအပ်သည့် သတင်းအချက်အလက်အမျိုးအစားဆိုင်ရာ ဗဟုသုတမရှိခြင်း

မြန်မာကုမ္ပဏီများသည် ပို့ကုန်မဟာဗျူဟာတစ်ခု ဖော်ဆောင်ရာတွင် မည်သည့်အရာများကိုရရှိနိုင်သည် မည်သည့် သတင်းအချက်အလက်များက အသုံးဝင်သည်ဆိုသည်ကို ပြည့်ဝစွာသိရှိကြခြင်းမရှိပါ။ လုပ်ငန်းများအား လမ်းညွှန်ကူညီပေးမည့် အကြံပေးလုပ်ငန်းများ နည်းပါးခြင်းကလည်း နိုင်ငံတကာမှရရှိနိုင်သည့် မြောက်များလှစွာသော ကုန်သွယ်မှုသတင်းအချက်အလက် ရင်းမြစ်များအတွင်း စျေးကွက်သစ်များကို ရှာဖွေရာနိုင်စွမ်း မရှိဖြစ်စေသည်။ ပြီးပြည့်စုံသည့် စွမ်းဆောင်ရည်တည်ဆောက်ရေး အစီအစဉ်တစ်ခုတွင် ကုန်သွယ်မှုသတင်းအချက်အလက်၌ လိုအပ်မည့် အကြောင်းအရာများကို သိရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပြီး အဆိုပါနည်းလမ်းအတိုင်း စျေးကွက်နှင့် သတင်းအချက်အလက်များကို ဖြန့်ဝေရန်အတွက်လည်း ဆောင်ရွက် ပေးနိုင်မည်ဖြစ်သည်။

## လုပ်ငန်းများအကြားတွင် သတင်းအချက်အလက်ရရှိရန်အတွက် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း နှင့် ကူးလူးဆက်သွယ်ဆောင်ရွက်ခြင်းစသည် အထွေထွေဆက်သွယ်ဆောင်ရွက်မှုမရှိခြင်း

မြန်မာနိုင်ငံတွင် ဆက်သွယ်ရေးလမ်းကြောင်းများ၏ အဆင့်နိမ့်ကျနေခြင်းအပြင် အဖွဲ့အစည်းများနှင့် ကုန်သည်အသင်းများအများစုတွင် ရင်းမြစ်များမရှိခြင်း၊ ကုန်သွယ်မှုသတင်းအချက်အလက်အတွက် ပူးပေါင်းဆောင်ရွက်ပေးမှုမရှိကြပေ။ ထို့အတွက်ကြောင့် ကုန်သည်အသင်းများသည် ဆက်သွယ်ဆောင်ရွက်သည့် အခမ်းအနားများကိုကျင်းပပေးခြင်းဖြင့် သတင်းအချက်အလက်များကို ကူးလူးဆက်သွယ်ဆောင်ရွက်ရာတွင် လွယ်ကူအောင်ဆောင်ရွက်ပေးသည်။ သို့သော်လည်း အဆိုပါအခမ်းအနားများကို မကြာခဏကျင်းပပေးနိုင်ခြင်းမရှိဘဲ လုပ်ငန်းများအကြား သတင်းအချက်အလက်များကို ဖလှယ်ရန်အတွက် အပိုဆောင်း ဆွေးနွေးပွဲများအဖြစ်သာ ကျင်းပပေးနိုင်သည်။ မြန်မာနှင့် နိုင်ငံတကာလုပ်ငန်းများအကြားတွင်လည်း အဆိုပါအခမ်းအနားများကို ကျင်းပပေးရန်လိုအပ်သည်။

## လုပ်ငန်းများ၏ ဆုံးဖြတ်ချက်ချမှတ်သည့် မူဘောင်အတွင်းတွင် ပေါင်းစပ်ဆောင်ရွက်မှုမရှိခြင်း

မြန်မာနိုင်ငံသည် နိုင်ငံတကာနှင့်ဆက်သွယ်ဆောင်ရွက်မှု မရှိခဲ့ခြင်းကြောင့် လုပ်ငန်းများသည် ဒေသတွင်းဈေးကွက်ကိုသာအားထားခဲ့ရသည်။ ထို့အတွက်ကြောင့် ယှဉ်ပြိုင်မှုများကိုတည်ဆောက်ရန်အတွက် ကုန်သွယ်မှုသတင်းအချက်အလက်ပေါ်တွင် အားထားမှုမရှိသည်ကို တွေ့ရသည်။ ယခုအချိန်အထိ လုပ်ငန်းများသည် ယုံကြည်စိတ်ချရသည့် ကုန်သွယ်မှုသတင်းအချက် အလက်များ၏ အကျိုးကျေးဇူးကို ကျယ်ပြန့်စွာ မသိရှိကြသေးပါ။ ထို့အပြင် အစဉ်အလာအားဖြင့် မြန်မာနိုင်ငံရှိ ဝယ်လက်များ၏ ဈေးကွက်နှင့် နိုင်ငံခြားကိုယ်စားလှယ်များနှင့် ညှိနှိုင်းဆွေးနွေးထားသည့် ကုန်သွယ်ရေးသဘောတူစာချုပ်များတွင် နိုင်ငံတကာ အခြေအနေများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များသည် ကန့်သတ်မှုများရှိနေဆဲဖြစ်သည်။

မြန်မာနိုင်ငံတွင် အများနှင့်ယှဉ်ပြိုင်နိုင်မည့် တံခါးဖွင့်ဈေးကွက်စီးပွားရေးစနစ်ကို စတင်ကျင့်သုံးလာခြင်းနှင့်အတူလုပ်ငန်းများအား နိုင်ငံတကာဈေးကွက်တွင် အောင်မြင်မှုများရရှိစေရန် ကူညီပေးဖြင့် ကုန်သွယ်မှုသတင်းအချက်အလက်သည်လည်း အရေးပါသော အခန်းကဏ္ဍတစ်ရပ်ဖြစ်လာမည်ဖြစ်သည်။ သို့သော်လည်း ထိုကဲ့သို့ပြောင်းလဲနိုင်ရန် ကြိုးပမ်းအားထုတ်မှုများ လိုအပ်မည်ဖြစ်ပြီး လုပ်ငန်းများ၏ ဆုံးဖြတ်ချက်ချမှတ်သည့် မူဘောင်များအတွင်းသို့ ကုန်သွယ်မှုသတင်းအချက်အလက်ကဏ္ဍကို ပေါင်းစပ်ပါဝင်နိုင်ရန်အလို့ငှာ အတွေးအခေါ်များကို ပြောင်းလဲနိုင်ခြင်းသည် ပို့ကုန်တန်ဖိုးကွင်းဆက်အတွင်းသို့ ဝင်ရောက်ရန် သို့မဟုတ် တိုးချဲ့ရန် ကြိုးပမ်းနိုင်ခဲ့ခြင်းပင်ဖြစ်သည်။ သတင်းအချက်အလက်များ၏ ရောက်ရှိနိုင်မှုကို တိုးချဲ့ရန် ဆောင်ရွက်မှုများ ဖြစ်သည့် one-stop portal နှင့် TSIs များ၏ ဆက်စပ်ပတ်သက်မှုကို တိုးမြှင့်ခြင်း (လုပ်ငန်းစီမံချက် PoA ရှိ ဆောင်ရွက်ရမည့်လုပ်ငန်းများတွင် ဖော်ပြထားပြီးဖြစ်) သည် ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်များတွင် ကုန်သွယ်မှုသတင်းအချက်အလက်ကို အသုံးပြုမှု တိုးမြှင့်နိုင်ရန် မျှော်မှန်းပါသည်။

၄၃

# ကျွန်ုပ်တို့မည်သည့်နေရာသို့သွားလိုပါသနည်း

ဆွေးနွေးခဲ့သည့်အတိုင်း ကုန်သွယ်မှုသတင်းအချက်အလက်ကဏ္ဍသည် မြန်မာနိုင်ငံတစ်ဝှမ်းရှိ ဖွံ့ဖြိုးဆဲပို့ကုန်ယှဉ်ပြိုင်နိုင်မှုအတွက် ထင်ရှားသော အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။ ကုန်သွယ်မှုသတင်းအချက်အလက်ကဏ္ဍ၏ အရည်အသွေးနှင့် ရရှိနိုင်မှုနှစ်မျိုးလုံးသည် အားနည်းသည်။ ကိစ္စရပ်အတော်များများတွင် TSIs များ အကြား ပူးပေါင်းဆောင်ရွက်မှုရှိခြင်း သို့မဟုတ် မရှိခြင်းများကြောင့် အချို့နေရာများတွင် လိုအပ်သည်ထက်ပိုများနေ တတ်ပြီး အခြားသော နယ်ပယ်များရှိ ဖြန့်ဝေမှုလုပ်ငန်းများတွင် ကွာဟချက်များ ဖြစ်ပေါ်လာစေသည်။ ဤကိစ္စ ရပ်များနှင့် အခြားသောကန့်သတ်မှုများသည် မြန်မာနိုင်ငံရှိ ပို့ကုန်လုပ်ငန်းရှင်များ ကုန်သွယ်မှုသတင်းအချက် အလက်ဝင်ရောက်ကြည့်ရှုနိုင်ရန်အတွက် သိသာသော အတားအဆီးများဖြစ်ပြီး ဖြစ်နိုင်သမျှ အမြန်ဆုံးဖြေရှင်း ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်သည်။

**“ တန်ဖိုးကွင်းဆက်လုပ်ငန်းစဉ်တစ်လျှောက် ပါဝင်ပတ်သက်လုပ်ကိုင်သူများသို့ ကုန်သွယ်မှု သတင်း အချက်အလက်များ အချိန်မီပံ့ပိုးပေးခြင်းဖြင့် ပို့ကုန်ဦးဆောင်သည့် ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ပေါ်လာစေရန်”**

## တန်ဖိုးကွင်းဆက်တစ်လျှောက် ဆောင်ရွက်သူများသို့ အနာဂတ် ကုန်သွယ်မှုသတင်းအချက် အလက်ဝန်ဆောင်မှုပေးခြင်း

တန်ဖိုးကွင်းဆက်တစ်လျှောက်ရှိ ကွဲပြားသောအဆင့်များအရ အဓိက TSIs များ၏ ဆောင်ရွက်ရန် ရည်ရွယ်ထားသည့် ဖြန့်ဝေမှုလုပ်ငန်းများကို ပုံစံ (၂) တွင် ဖော်ပြထားသည်။ အမည်းရောင်ဖြင့် ဖော်ပြထားသည့် ကုန်သွယ်မှုသတင်းအချက်အလက်ရင်းမြစ်များကို ဆောင်ရွက်ပေးပြီးဖြစ်သည်။ လိမ္မော်ရောင်ဖြင့် ဖော်ပြထားချက်များသည် လက်ရှိတွင် တစ်စိတ်တစ်ပိုင်း အားဖြင့်ဆောင်ရွက်ပေးနေပြီဖြစ်ပြီး၊ အနီရောင်ဖြင့် ဖော်ပြထားချက်များသည် ဆက်လက်ဆောင်ရွက်ပေးမည့် လုပ်ငန်းအသစ်များ ဖြစ်သည်။ လုပ်ငန်းစီမံချက် (PoA) များကို အကောင်အထည် ဖော်ဆောင်ရွက်ခြင်းဖြင့် TSI လုပ်ငန်းများမှ အကျိုးခံစားခွင့်ရရှိ နိုင်သည့်နယ်ပယ်များကို ကျယ်ပြန့်လာစေနိုင်ပြီး လုပ်ငန်းဖြည့်ဆည်းပေးနိုင်မှုကို ပိုမိုထိရောက်တိုးတက်အောင် ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။

အဆိုပြုထားသည့် အနာဂတ် TSI ကွန်ယက်သည် ပို့ကုန်လုပ်ငန်းတွင် ဆောင်ရွက်နေသည့် (သို့မဟုတ် ဆောင်ရွက်လိုသည့်) စီးပွားရေးလုပ်ငန်းရှင်များ၏ တန်ဖိုးကွင်းဆက်တစ်လျှောက် အထူးပြု၍ ဖော်ပြသွားမည် ဖြစ်သည်။ ထုတ်လုပ်မှုအဆင့်တွင် နိုင်ငံတကာ သို့မဟုတ် ဒေသတွင်း ပြဋ္ဌာန်းထားသည့် စံချိန်စံညွှန်းများ၊ အပင်နှင့် ပိုးမွှားရောဂါကင်းရှင်းရေး (SPS) ဆိုင်ရာ စံချိန် စံညွှန်းများ သို့မဟုတ် ကုန်သွယ်မှုဆိုင်ရာနည်းပညာအတားအဆီး များ (TBT) ဆိုင်ရာ လိုအပ်ချက်များ၊ ထုတ်ပိုးခြင်း၊ ကုန်အမှတ်တံဆိပ်နှင့် အခြားသောလိုအပ်ချက်များစသည့် အရေးကြီးသည့် အချက်များကို TSIs များက ပံ့ပိုးပေးမည်ဖြစ်သည်။ TSI ကွန်ယက်သည် အလားတူနိုင်ငံခြား ဈေးကွက်များမှ ဝယ်ယူလိုသည့် ကုန်ပစ္စည်းများနှင့်သက်ဆိုင်သည့် အဓိကသတင်း အချက်အလက်များကိုလည်း ပံ့ပိုးပေးမည်ဖြစ်သည်။ ရေဒီယိုနှင့် ရုပ်မြင်သံကြားများမှထုတ်လွှင့်ခြင်း၊ မီဒီယာများနှင့် ဝက်ဘ်ပေါ်တယ်များမှ ဖော်ပြပေးခြင်းစသည်ဖြင့် သတင်းအချက်အလက်များကို နည်းပညာမျိုးစုံဖြင့် ဖြန့်ဖြူးပေးသွားမည်ဖြစ်သည်။


ပြောင်းလဲခြင်းနှင့် ထုတ်လုပ်ခြင်းအဆင့်တွင် TSIs သည် ကုန်စည်ထုတ်လုပ်ခြင်း၊ သတ်မှတ်ထားသည့် စံချိန်စံညွှန်းများအတွက် နိုင်ငံတကာအဖွဲ့အစည်းများ၊ အန္တရာယ်ဖြစ်စေနိုင်သည့် ကိစ္စများအားစီစစ်ခြင်းနှင့် အဓိက ထိန်းချုပ်ရေးဌာနများ၊ အခြားသော နိုင်ငံတကာမှ လက်ခံကျင့်သုံးနေသည့် စံချိန်စံညွှန်းများနှင့်ပတ်သက်သည့် သတင်းအချက်အလက်များ ဖြန့်ဖြူးခြင်းတွင် အဓိကအခန်းကဏ္ဍမှ ဆောင်ရွက်နေသည်။ ထို့ပြင် သယ်ယူ

၄၄

ပို့ဆောင်ရေးနှင့် ကုန်စည်ပို့ဆောင်သိုလှောင်ရေးဆိုင်ရာ သတင်းအချက်အလက်များ၊ ထုတ်ပိုးခြင်းနှင့် ကုန်အမှတ်တံဆိပ်ဆိုင်ရာ လိုအပ်ချက်များနှင့် ဈေးကွက်မှ လိုအပ်ချက်များနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များကိုလည်း ပံ့ပိုးပေးမည်ဖြစ်သည်။ ဖြန့်ဖြူးခြင်းအဆင့်တွင် နိုင်ငံတကာဈေးကွက်များ၏ သတင်းအချက်အလက်များ၊ ကုန်သွယ်မှုဆိုင်ရာ ငွေကြေးလိုအပ်ချက်၊ သယ်ယူပို့ဆောင်ရေးနှင့် ပွဲရုံများ၏ သတင်းအချက်အလက်များကို ပံ့ပိုးပေးမည်ဖြစ်သည်။ ဈေးကွက်အဆင့်တွင် ဈေးကွက်ဆိုင်ရာ အသိပညာ၊ အကောက်ခွန်နှင့် အခြားသော ဈေးကွက်ဆိုင်ရာ အဓိကလိုအပ်ချက်များကို ပံ့ပိုးပေးသွားမည်ဖြစ်သည်။

၄၅

**ပုံ (၂)** - အနာဂတ် ပို့ကုန်တန်ဖိုးကွင်းဆက်တစ်လျောက် ပံ့ပိုးရမည့် ကုန်သွယ်မှုသတင်းအချက်အလက်ဝန်ဆောင်မှုများ



၄၆

# ပန်းတိုင်သို့ မည်သို့ ရောက်အောင်သွားမည်နည်း

အထောက်အကူပြုကဏ္ဍ မဟာဗျူဟာတွင် ရှင်းလင်းဖော်ပြထားသည့် မဟာဗျူဟာ မျှော်မှန်းချက်ဖြစ်သည့် “တန်ဖိုးကွင်းဆက်လုပ်ငန်းစဉ်တစ်လျှောက် ပါဝင်ပတ်သက်လုပ်ကိုင်သူများသို့ ကုန်သွယ်မှုသတင်းအချက်အလက် များ အချိန်မီပံ့ပိုးပေးခြင်းဖြင့် ပို့ကုန်ဦးဆောင်သည့် ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ပေါ်လာစေရန်” သည် ကန့်သတ် ထားမှုများကို ဖြေရှင်းရန်ဖြစ်သော်လည်း ရည်ရွယ်ချက်များနှင့် ကိုက်ညီမှုရှိပါသည်။ မဟာဗျူဟာ အကောင်အထည် ဖော်မှုကို လမ်းညွှန်ပေးမည့် မူဘောင်တစ်ရပ်ကို အောက်တွင်ဖော်ပြထားသည့် အခန်းကဏ္ဍတွင် ရှင်းလင်းဖော်ပြ ထားသည်။ အဆိုပါ အခန်းကဏ္ဍ၏အဆုံးတွင် ဖော်ပြထားသည့် အသေးစိတ်လုပ်ငန်းစီမံကိန်းတွင် မည်သည့် လိုအပ်ချက်များကို လုပ်ဆောင်ရန်နှင့် မည်သူက လုပ်ဆောင်ရမည်ဆိုသည်များကို ချမှတ်ဖော်ပြပေးထားသည်။

## မဟာဗျူဟာ ဦးတည်ချက်များ

ကုန်သွယ်မှုသတင်းအချက်အလက်လုပ်ငန်းတွင် ပါဝင်ပတ်သက်လုပ်ကိုင်သူများက အဆိုပါ မဟာဗျူဟာ ဦးတည်ချက်များသည် အထောက်အကူပြုကဏ္ဍ၏ မျှော်မှန်းချက်ကို နားလည်သဘောပေါက်စေရန် လိုအပ်ပြီး မြန်မာနိုင်ငံရှိ ကုန်သွယ်မှုသတင်း အချက်အလက် အထောက်အကူပြုကဏ္ဍ၏ လုပ်ငန်းတာဝန်များတွင် ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ နှစ်မျိုးစလုံးကို ဖော်ပြပေးနိုင်သည်ဟု လက်ခံထားကြသည်။

### ၁။ ကုန်သွယ်မှုသတင်းအချက်အလက် စုဆောင်းမှုအခြေအနေကို တိုးမြှင့်ရေး

အဆိုပါဦးတည်ချက်ကို အောက်တွင် ဖော်ပြထားချက်များအား စတင်ဆောင်ရွက်ခြင်းမှတဆင့် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်သည်-

-နည်းစနစ်ကျနသော စာရင်းဇယားအချက်အလက်များ ကောက်ယူခြင်းကို တိုးမြှင့်အောင် ဆောင်ရွက်ရန်

-ပုဂ္ဂလိကကဏ္ဍ၏ သတင်းအချက်အလက်များ ကောက်ယူခြင်းကို တိုးမြှင့်အောင်ဆောင်ရွက်ရန်

-သတင်းအချက်အလက်များကို စနစ်ကျနစွာ ကောက်ယူနိုင်ရန်အတွက် ကုန်သွယ်မှုသတင်း အချက်အလက် အခြေခံ အဆောက်အဦး(ကုန်သွယ်မှုသတင်းအချက်အလက်နှင့် လူသား အရင်း အမြစ်နှင့် ဆက်စပ်နေသည့်)ကို တိုးမြှင့်အောင် ဆောင်ရွက်ရန်

### ၂။ မြန်မာနိုင်ငံအတွင်း ကုန်သွယ်မှုသတင်းအချက်အလက်များကို လက်လှမ်းမှီမှုနှင့် ဆက်စပ်မှု တိုးမြှင့်ရေး

အဆိုပါဦးတည်ချက်ကို အောက်တွင် ဖော်ပြထားချက်များအား စတင်ဆောင်ရွက်ခြင်း မှတဆင့် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်-

- မီဒီယာများ၏ လက်ရှိအခြေအနေနှင့် ဆက်စပ်နေသောအကြောင်းအရာများကို တိုးချဲ့ဆောင်ရွက်ရန်
- သတင်းအချက်အလက်များကို ဖြန့်ဝေရာတွင် မိတ်ဖက်အသစ်များပါဝင်လာစေရန်
- သတင်းအချက်အလက် ဖြန့်ဝေခြင်းအတွက် one-stop portal တစ်ခု ဆောင်ရွက်ပေးရန်
- အရေးကြီးသော သတင်းအချက်အလက်များကို ဖြန့်ဝေရန်နှင့် ကောက်ယူနိုင်ရန်အတွက် အခြေခံ လူတန်းစားများအထိ ဆက်သွယ်ဆောင်ရွက်သွားရန်

### ၃။ ကုန်သွယ်မှုသတင်းအချက်အလက်များ၏ အရည်အသွေးနှင့် အချိန်မီရရှိမှုကို မြှင့်တင်ရေး

အဆိုပါဦးတည်ချက်ကို အောက်တွင် ဖော်ပြထားချက်များအား စတင်ဆောင်ရွက်ခြင်းမှတဆင့် လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်သည်-

-ကုန်သွယ်မှုသတင်းအချက်အလက် ပံ့ပိုးပေးခြင်းကို အချိန်နှင့် တစ်ပြေးညီ ရရှိစေရန်
-စီစစ်ခြင်းနှင့် တိုက်ရိုက်တင်ပြခြင်းများမှတစ်ဆင့် သတင်းအချက်အလက်များ၏ တန်ဖိုးကို မြှင့်တင်ရန်

၄။ **မြန်မာနိုင်ငံအတွင်းရှိ ကုန်သွယ်မှုအထောက်အကူပြုအဖွဲ့အစည်းများအကြား ပေါင်းစပ် ညှိနှိုင်းမှုနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး။**

အဆိုပါဦးတည်ချက်ကို အောက်တွင်ဖော်ပြထားချက်များအား စတင်ဆောင်ရွက်ခြင်းမှတဆင့် လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်-

-ကုန်သွယ်မှုသတင်းအချက်အလက်ကွန်ရက်အတွက် အဓိကဌာန (focal points) များ တည်ထောင်ရန်

-focal pointsများတည်ထောင်ပြီးပါကကုန်သွယ်မှုသတင်းအချက်အလက်ကွန်ရက်ကို ခိုင်မာလာစေရေးဆောင်ရွက်ရန်
-ကုန်သွယ်မှုသတင်းအချက်အလက်ကွန်ရက် စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရေး သေချာစေရန်

## အတူတကွ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်မှု၏ အရေးပါပုံ

အဆိုပါ အဓိကရည်မှန်းချက်များကို ရရှိရန်အတွက် ဆက်စပ်နေသည့် အစိုးရနှင့် ပုဂ္ဂလိကမှ ပါဝင်ပတ်သက်လုပ်ကိုင်သူများအားလုံး စဉ်ဆက်မပြတ် ပူးပေါင်းအားထုတ်မှုများအပြင် အဓိက ငွေကြေးနှင့် နည်းပညာမိတ်ဖက်များ၊ အလှူရှင်များ၊ ရင်းနှီးမြှုပ်နှံသူများမှ ထောက်ပံ့ပေးမှုများ လိုအပ်မည်ဖြစ်ပါသည်။ ကဏ္ဍ၏ လုပ်ငန်းစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက် ရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ရန် အတွက် အဖွဲ့အစည်းအများအပြားကို ရွေးချယ်ထားပြီးဖြစ်ပြီး မဟာဗျူဟာကို အောင်မြင်စွာဆောင်ရွက်နိုင်ရန် အတွက် တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်သည်။ အဆိုပါ ရွေးချယ်ထားသော အဖွဲ့အစည်းများသည် ကုန်သွယ်မှု သတင်းအချက်အလက် အထောက်အကူပြုကဏ္ဍ၏ လုပ်ငန်းတာဝန်များကို တက်ကြွစွာဆောင်ရွက်နေသည့် အထောက်အကူပြုအဖွဲ့အစည်းများ၏ ထောက်ပံ့ပေးမှုကို ရရှိမည်ဖြစ်သည်။ အဖွဲ့အစည်းအသီးသီးက အထောက် အကူပြုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်ပေးရမည့်အချက်များကို မဟာဗျူဟာ လုပ်ငန်းစီမံချက်တွင် ရှင်းလင်းစွာ ဖော်ပြထားသည်။

ထို့အပြင် အမျိုးသားပို့ကုန်မဟာဗျူဟာ မူဘောင်အတွင်း ကုန်သွယ်မှုသတင်းအချက်အလက် အထောက် အကူပြုကဏ္ဍ မဟာဗျူဟာကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မြန်မာ့ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ (Myanmar Trade Development Committee- MTDC) နှင့် ၎င်း၏ အတွင်းရေးမှူးရုံးအဖွဲ့မှ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် စောင့်ကြည့်လေ့လာ အကဲဖြတ်ခြင်းတို့ကို ဆောင်ရွက်သွားမည် ဖြစ်သည်။ အထူးသဖြင့် မြန်မာ့ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် မဟာဗျူဟာတွင် ပါဝင်ပတ်သက် လုပ်ကိုင်နေသူများမှတဆင့် ကြိုးပမ်းအားထုတ်မှုနှင့် ရင်းမြစ်များကို အကောင်းဆုံးခွဲဝေ ဆောင်ရွက်နိုင်ရန်အတွက် မဟာဗျူဟာလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

၄၈

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# အမျိုးသားပို့ကုန်မဟာဗျူဟာ

# ကုန်သွယ်မှုသတင်းအချက်အလက်ဝန်ဆောင်မှု

# အထောက်အကူပြုကဏ္ဍမဟာဗျူဟာ (၂၀၁၅-၂၀၁၉)

## အသေးစိတ်လုပ်ငန်းစီမံချက်

အောက်ပါလုပ်ငန်းစီမံချက်သည် မဟာဗျူဟာ မျှော်မှန်းချက်ကို ရရှိအောင်မြင်ရန် နောင် ၅ နှစ်တာကာလအတွင်း ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအားလုံးကို အသေးစိတ် ဖော်ပြထားပါသည်။ လုပ်ငန်းစီမံချက်ကို စာတမ်းတွင် ဖော်ပြထားသည့် အခက်အခဲများနှင့် အခွင့်အလမ်းများကို ဖြေရှင်းနိုင်မည့် မဟာဗျူဟာမြောက်ပြီး လက်တွေ့ကျ သော ဦးတည်ချက်များဖြင့် ရေးဆွဲချမှတ်ထားပါသည်။ လုပ်ငန်းစီမံချက်သည် ကုန်သွယ်မှုသတင်းအချက်အလက်ဝန်ဆောင်မှု ကဏ္ဍကိုထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရှင်းလင်းတိကျပြီး အသေးစိတ် ဆောင်ရွက်ရမည့် လုပ်ငန်းရပ်များကို ပံ့ပိုးထားသည်။



၄၉

## ကုန်သွယ်မှုသတင်းအချက်အလက်ကဏ္ဍ မဟာဗျူဟာဦးတည်ချက်များ၊ လုပ်ငန်းပိုင်းဆိုင်ရာ ဦးတည်ချက်များနှင့် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအသေးစိတ်ဖော်ပြချက်

**မဟာဗျူဟာဦးတည်ချက် (၁) - ကုန်သွယ်မှုသတင်းအချက်အလက် စုဆောင်းမှုအခြေအနေကို တိုးမြှင့်ရေး**

| လုပ်ငန်းပိုင်းဆိုင်ရာ ဦးတည်ချက် | ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ | ဦးစားပေး ၁- မြင့် ၂-လတ် ၃- နိမ့် | အကျိုးခံစားခွင့်ရှိသူများ | ဦးတည်သော အတိုင်းအတာ | ဦးဆောင် အကောင်အထည်ဖော်မည့် အဖွဲ့အစည်း | အထောက်အကူ ပေးမည့်ဌာန/ အဖွဲ့အစည်း | လက်ရှိစီမံကိန်းများနှင့် ရရှိ လာနိုင်ချေရှိသည့် အထောက်အပံ့များ | ခန့်မှန်းကုန်ကျစရိတ် (အမေရိကန်ဒေါ်လာ) |
|---|---|---|---|---|---|---|---|---|
| ၁.၁ သတင်းအချက်အလက် စုဆောင်းမှုနည်းလမ်းများကို တိုးမြှင့်ပေးရန် | ၁.၁.၁ ပုဂ္ဂလိကကဏ္ဍကို ပံ့ပိုးပေးရန်အတွက် သတင်းအချက်အလက် စုဆောင်းမှုတွင် အဓိပ္ပါယ်ဖွင့်ဆိုချက်များ၊ အမည်ပေးစနစ်များ၊ သတင်းရရှိနိုင်သည့်ရင်းမြစ်များ ပါဝင်သော ပြည့်စုံသည့် ညွှန်ကြားချက်များကို ရှင်းလင်းဖော်ပြပေးရန်၊ အဆိုပါ ညွှန်ကြားချက်တွင် တာဝန်ခွဲဝေမှုနှင့် ပြီးစီးရမည့် အချိန်ကာလကိုပါ ထည့်သွင်းဖော်ပြပေးရန်၊ | ၃ | ကုန်သွယ်မှုအထောက်အကူပြုအဖွဲ့အစည်းများ (TSIs) | -ညွှန်ကြားချက်များကို ပုံနှိပ်ဖြန့်ဝေရန်၊<br>-အချိန်ကာလသတ်မှတ်ရန်၊<br>-တာဝန်များကို ခွဲဝေချထားရန်၊ | စီးပွား/ကူးသန်းဝန်ကြီးဌာန | ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံ/ဘဏ္ဍာဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့၊ UMFCCI, JICA၊ | | ၅၀၀၀၀ |
| | ၁.၁.၂ အဓိက ဝန်ဆောင်မှုပေးသူများအား သတင်းအချက်အလက်ရင်းမြစ်များနှင့် Database များ အပါအဝင် ဈေးကွက်သတင်းအချက်အလက် သုတေသန နှင့် ပတ်သက်သည့် သင်တန်းများ ပေးရန်၊ | ၃ | ကုန်သွယ်မှုအထောက်အကူပြုအဖွဲ့အစည်းများ (TSIs) | TSIs ကိုယ်စားလှယ်များအတွက် ၆ လတစ်ကြိမ် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပေးရန် | UMFCCI | ဈေးကွက်သုတေသနလုပ်ငန်းများနှင့် အကြံပေးလုပ်ငန်းများ၊ ကုန်သွယ်မှုသင်တန်းကျောင်း၊ ITC | | ၁၅၀၀၀၀ |

၅၀

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | ၁. ၁. ၃ သတင်းအချက်အလက်ရင်းမြစ်များ၏ အရည်အသွေးတိုးတက်စေရန်အတွက် ကြိုတင်သတင်းစုဆောင်း မှုအဆင့်တွင် အထူးလုပ်ငန်းအဖွဲ့ (Special Task Force) ကို ဖွဲ့စည်း ဆောင်ရွက်သွားရန်၊ အဆိုပါအဖွဲ့တွင် အစိုးရ နှင့် ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းရန်၊ | ၃ | ကုန်သွယ်မှုအထောက်အကူပြုအဖွဲ့အစည်းများ (TSIs) | -လုပ်ငန်းအဖွဲ့ကို တည်ထောင်ရန်၊<br>-ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များကို ရေးသားဖော်ပြရန် | စီးပွား/ကူးသန်းဝန်ကြီးဌာန | UMFCCI, ဈေးကွက်သုတေသနလုပ်ငန်းများ | | ၁၀၀၀၀၀ |
| ၁. ၂ ပုဂ္ဂလိကကဏ္ဍ သတင်းအချက်အလက် ကောက်ယူမှုကို တိုး မြှင့်ရန် | ၁. ၂. ၁ ကုန်သွယ်မှုဆိုင်ရာ ဥပဒေစည်းမျဉ်း အချက်အလက်များကို ဘာသာရပ်ကျွမ်းကျင်သည့်အဖွဲ့ အစည်းများ နှင့် အခြားသော TSIs များမှ ရယူစုဆောင်းရန်၊ ရရှိသော အချက်အလက်များကို စုစည်း၍ အွန်လိုင်းမှတဆင့် ဖြန့်ဝေပေးရန်၊ | ၂ | ပုဂ္ဂလိကကဏ္ဍမှ ပါဝင်ပတ်သက်လုပ်ကိုင်သူများ | စုစည်းထားသည့် ဥပဒေစည်းမျဉ်းများကို ရှုနိုင်ရန် | BIU of UMFCCI | မြန်မာကုန်သွယ်မှုမြှင့်တင်ရေး အဖွဲ့၊ ကုန်သွယ်ရေးဦးစီးဌာန၊ UMFCCI ညီနောင်အသင်းများ | | ၁၀၀၀၀၀ |
| | ၁. ၂. ၂ ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များ၊ အကောက်ခွန်အကျိုးဆောင်များ၊ ဖြန့်ဖြူးသူများ၊ သယ်ယူ ပို့ဆောင်ရေးလုပ် ငန်းရှင်များ စသည်တို့သို့သော ဝန်ဆောင်မှုပံ့ပိုးပေးသည့် သူများအပါအဝင် မြန်မာနိုင်ငံရှိ ပို့ကုန်/သွင်းကုန်လုပ်ငန်း ရှင်များဆိုင်ရာ လမ်းညွှန်စာအုပ်ကို နှစ်စဉ် ထုတ်ဝေသွားရန်၊ အဆိုပါလမ်းညွှန်တွင် ကုမ္ပဏီ၏အကြောင်းအရာများ (ဒါရိုက်တာများ၏ အမည်များ၊ ဝန်ထမ်းဦးရေ၊ တည်ထောင်သည့် ခုနှစ်၊ ပညာရပ် ဆိုင်ရာအဖွဲ့အစည်းများတွင် အဖွဲ့ဝင်ထားခြင်း၊ ဆောင် ရွက်နေသည့် ဈေးကွက်များ စသည်ဖြင့်) ထည့်သွင်းဖော်ပြ ပေးရန်၊ | ၂ | နိုင်ငံတကာကုန်သွယ်မှုတွင် ပါဝင်သည့် ကုန်သည်များနှင့် ဝန်ဆောင်မှုလုပ်ငန်းရှင်များ | -လမ်းညွှန်စာအုပ်ကို နှစ်စဉ် ထုတ်ဝေရန်၊<br>-ကုမ္ပဏီအကြောင်းအရာများကို ဝက်ဘ် ဆိုက်တွင် ကြည့်ရှု နိုင်ရန် | BIU of UMFCCI | မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်ရေးဦးစီးဌာန၊ စီးပွား/ကူးသန်းဝန်ကြီးဌာန | | ၃၀၀၀၀ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | ၁. ၂. ၃ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန ( DICA ) နှင့် ဗဟိုစာရင်းအင်းအဖွဲ့ (CSO ) ကဲ့သို့ သော သတင်းရင်းမြစ်များကို အသုံးပြု၍ စီးပွားရေးပတ် ဝန်းကျင်နှင့် ရင်းနှီးမြှုပ်နှံမှု (အမှန်တကယ်နှင့် ရည်မှန်း ထားသော ရင်းနှီးမြှုပ်နှံမှုအဆင့်) ဆိုင်ရာ သတင်းအချက် အလက်များကို ပုံမှန်ကောက်ယူပြီး ဖြန့်ဝေသွားရန်၊ (ဥပမာ - ပြည်တွင်းနှင့် နိုင်ငံခြားမှ ရည်မှန်းထားသည့် ရင်းနှီးမြှုပ်နှံမှုနှင့် အမှန်တကယ် ရင်းနှီးမြှုပ်နှံမှုများကို သေချာစွာ လေ့လာကောက်ယူခြင်းမှတဆင့်) | ၂ | ပါဝင်ပတ်သက်လုပ်ကိုင်သူများ | ရင်းနှီးမြှုပ်နှံမှု လေ့လာမှုစစ်တမ်းဆိုင်ရာ အချက်အလက်များကို ၃ လ တစ်ကြိမ် ထုတ်ဝေသွားရန် | UMFCCI | စီးပွား/ကူးသန်း ဝန်ကြီးဌာန၊ အသင်းအဖွဲ့များ၊ DICA CSO | | ၁၀၀၀၀၀ |
| | ၁. ၂. ၄ ပို့ကုန်တင်ပို့ရန်နှင့် စီးပွားရေးလုပ်ဆောင်ရာ တွင် ယုံကြည်မှုများရရှိစေရန် အတွက် သတင်းအချက်အလက်များကို ကောက်ယူရန်အလို့ငှာ နယ်စပ်ဒေသ အကောက်ခွန်ဌာနများမှ စစ်တမ်းများ ကောက်ယူရန်၊ အဆိုပါ ဆောင်ရွက်မှုကို ကုန်သွယ်မှု ဗဟိုဌာနများ၊ ထိုင်း၊ တရုတ်၊ ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယနယ်စပ် အကောက်ခွန် ဌာနများတွင် လည်း လုပ်ဆောင်နိုင်ရန်၊ | ၁ | သတင်းအချက်အလက်ကောက်ယူသူများ | စီးပွားရေး လုပ်ဆောင်ရန်ယုံကြည်ရသည့်စစ်တမ်းများနှင့် ခန့်မှန်းကုန်သွယ်မှုစာရင်းများကို သုံးလတစ်ကြိမ် ထုတ်ပြန်ရန် | တရားမဝင်ကုန်သွယ်မှု တားဆီးနှိမ်နှင်းရေး အဖွဲ့ (Mobile Team)များ (ကူးသန်း/ စားသုံး ဦးစီးဌာန) | အိမ်နီးချင်းနိုင်ငံများ၏အကောက ခွန် ဌာနများ၊ | | ၁၅၀၀၀၀ |
| ၁. ၃ သတင်းအချက် အလက်များကို ကောက်ယူခြင်းနှင့် စနစ်တကျရှိစေရေး အတွက် ကုန်သွယ်မှုသတင်း | ၁. ၃. ၁ တတိယဈေးကွက်သို့ ပို့ကုန်တင်ပို့ရာတွင် တွေ့ ကြုံရသည့် နိုင်ငံသားပို့ကုန်လုပ်ငန်းရှင်များ၏ ပြဿနာ များကို စုစည်း၍ မှတ်တမ်းတင်ထားနိုင်ရန် အတွက် ကွန် ပျူတာစနစ် တစ်ရပ် တည်ထောင်သွားရန်၊ အဆိုပါသတင်း အချက်အလက်များကို ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေး ဆောင်ရွက်မှု | ၂ | ပို့ကုန်လုပ်ငန်းရှင်များ | ဈေးကွက်ဝင်ရောက်မှုနှင့် ပတ်သက်သည့် သတင်းအချက်အလက် စုဆောင်းသည့် စနစ်ထူထောင် | BIU of UMFCCI | မြန်မာကုန်သွယ်မှုမြှင့်တင်ရေး အဖွဲ့၊ ကုန်သွယ်ရေးဦးစီးဌာန၊ ပို့ကုန်လုပ်ငန်း | | ၁၅၀၀၀၀ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| အချက် အလက် အခြေခံအဆောက်အအုံ (ကုန်သွယ်မှုသတင်းအချက်အလက်နှင့် လူ့စွမ်းအားအရင်းအမြစ်နှင့် သက်ဆိုင်သည့်) ကုန်သွယ်မှုသတင်းအချက်အလက် အခြေခံအဆောက်အအုံများ တိုးတက်စေရန်။ | များနှင့် ကူးသန်းရောင်းဝယ်ရေး သံတမန်နည်းလမ်းများအရ ပို့ကုန်တင်ပို့သည့် ကုမ္ပဏီများ ဈေးကွက်ဝင်ရောက်နိုင်မှု အခြေအနေ တိုးတက်ရရှိ စေရန်အတွက် အခြေခံအကြောင်းအရာ တစ်ရပ်အနေဖြင့် အသုံးပြုနိုင်ရန်၊ | | | ရန်နှင့်လစဉ် ပြုပြင်ဆောင် ရွက်သွားရန်၊ | | ရှင်များနှင့် အသင်းအဖွဲ့များ | | |
| | ၁. ၃. ၂ BIU က စုံစမ်းမေးမြန်းမှုများကို ပြန်ကြားနှုန်း၊ ပြန်ကြား သည့် အချိန်ကာလ၊ နောက်ဆက်တွဲဆောင်ရွက်မှုနှင့် ပြန် ကြားမှုသည် ဆီလျော်ခြင်း ရှိမရှိစသည်တို့ကို စီမံခန့်ခွဲ ဆောင်ရွက်ရာတွင် ပြည့်စုံ ထိရောက်အောင် တိုးတက် ဆောင်ရွက်နိုင်ရန်အတွက် UMFCCI ရှိ BIU တွင်ကုန် သွယ်မှုစုံစမ်းမေးမြန်သည့်စနစ်တစ်ရပ်ကို ထူထောင်ရန်၊ | ၂ | ကုန်သွယ်မှုအထောက်အကူပြုအဖွဲ့အစည်းများ၊<br>(TSIs)<br>ပို့ကုန်လုပ်ငန်းရှင်များ၊<br>ပို့ကုန်လုပ်ငန်းကိုစိတ်ဝင်စားသူများ၊ | - ကုန်သွယ်မှုစုံစမ်းရေးစနစ်တစ်ရပ်ဆောင်ရွက်ရန်၊<br>- မေးမြန်းစုံစမ်းမှုအမျိုးအစားများ၊ အကြိမ်ရေနှင့် ပြန်လည်ဖြေဆိုနှုန်းဆိုင်ရာ အချက်အလက်များ | BIU of UMFCCI | မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊<br>ကုန်သွယ်ရေးဦးစီးဌာန၊<br>အသင်းအဖွဲ့များ | | ၇၅၀၀၀ |
| | ၁. ၃. ၃ မိတ်ဖက်များမှ ကျင်းပသည့် ကုန်သွယ်မှုဆိုင်ရာ အများ ပြည်သူနှင့်သက်ဆိုင်သော ပွဲများ (အလုပ်ရုံဆွေးနွေးပွဲ များ၊ ဆွေးနွေးပွဲများ၊ ညီလာခံများ၊ ကုန်စည်ပြပွဲများ စသည်ဖြင့်) မှ ရရှိသည့် စာရွက်စာတမ်းများအား ဆက် လက်ဆောင်ရွက်ရန်နှင့် အွန်လိုင်းတွင် တင်ရန်၊ ထိုသို့ဆောင်ရွက်မှုများကိုသိရှိစေရန် စီးပွား/ကူသန်း ဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးဌာန အောက်ရှိ ပြည်နယ်ရုံးများနှင့် ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ သတင်းနှင့် ပြည်သူ့ဆက်ဆံရေးဌာနများတွင် ကွန်ပျူတာများ | ၂ | ပို့ကုန်လုပ်ငန်းရှင်များ၊<br>ပို့ကုန်လုပ်ငန်းကိုစတင်လုပ်ဆောင်နေသူများ | - ဆောင်ရွက်နေသည့် လုပ်ငန်းအတွက် ဝန်ထမ်းများ ထပ်မံရွေးချယ်ခန့်ထားရန်၊<br>- သင်တန်းအစီအစဉ်များ<br>- သတင်းအချက်အလက်များ | မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့<br>ကုန်သွယ်ရေးဦးစီးဌာန | BIU of UMFCCI ,<br>UMFCCI,<br>အသင်းအဖွဲ့များ၊<br>UMFCCI အဖွဲ့ ဝင်များ၊<br>ပြန်ကြားရေးဝန်ကြီးဌာန | | ၇၅၀၀၀ |

၅၃

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | ထားရှိပြီး အင်တာနက်ချိတ်ဆက် ဆောင်ရွက်နိုင်ရန် ဆာဗာတစ်ခု ထားရှိ ဆောင်ရွက်ရန်၊ | | | ကောက်ယူခြင်း၊ စုစည်းခြင်းနှင့် အွန်လိုင်းတွင်အလွယ်တကူ ရယူကြည့်ရှုနိုင်ခြင်း၊ | | | | |

**မဟာဗျူဟာဦးတည်ချက် (၂) - မြန်မာနိုင်ငံအတွင်း ကုန်သွယ်မှုသတင်းအချက်အလက်များကို လက်လှမ်းမီမှုနှင့် ဆက်စပ်မှုတိုးမြှင့်ရေး။**

| လုပ်ငန်းပိုင်းဆိုင်ရာ ဦးတည်ချက် | ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ | ဦးစားပေး ၁- မြင့် ၂-လတ် ၃- နိမ့် | အကျိုးခံစားခွင့် ရှိသူများ | ဦးတည်သော အတိုင်းအတာ | ဦးဆောင် အကောင် အထည်ဖော် မည့် အဖွဲ့ အစည်း | အထောက်အကူ ပေးမည့်ဌာန/ အဖွဲ့အစည်း | လက်ရှိစီမံ ကိန်းများနှင့် ရရှိ လာနိုင် ချေရှိသည့် အထောက် အပံ့များ | ခန့်မှန်းကုန် ကျစရိတ် (အမေရိကန် ဒေါ်လာ) |
|---|---|---|---|---|---|---|---|---|
| ၂. ၁ လက်ရှိ အခြေအနေနှင့် ဆက်စပ်အကြောင်း အရာများကို မီဒီယာများအား အသုံးပြု၍ တိုးချဲ့ လုပ်ဆောင်သွားရန် | ၂. ၁. ၁ ကျေးလက်ဒေသအဖွဲ့အစည်းများအထိ ကုန်သွယ်မှု သတင်းအချက်အလက်များကို ပုံနှိပ်ဖြန့်ဝေ သွားနိုင်ရန်အတွက် မဟာဗျူဟာတစ်ခု ချမှတ်ဆောင် ရွက်ရန်၊ ၎င်းတွင် တောင်းဆိုမှုများကို ဆောင်ရွက်ရန်နှင့် အခြားသော နည်းလမ်းများကို လုပ်ဆောင်နိုင်ရန်အတွက် ဖြစ်နိုင်ချေများကိုလေ့လာသွားရန်ဆွေးနွေးပွဲများ၊ ကွင်းဆင်း လေ့လာမှုများလည်း ပါဝင်ရန်၊ | ၁ | ပုဂ္ဂလိကကဏ္ဍမှ ပါဝင်သူများ | ကုန်သွယ်မှုသတင်း အချက်အလက်များကို ပုံနှိပ်ဖြန့်ဝေ သွား နိုင်ရန်အတွက် အမျိုး သားအဆင့် မဟာဗျူဟာတစ်ရပ် ပေါ် ပေါက်လာစေရန် | သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း (ပြန်ကြားရေးဝန်ကြီး ဌာန) စီးပွား/ကူးသန်းဝန်ကြီး ဌာန | သတင်းစာများ၊ ပြန်ကြားရေး ဝန်ကြီးဌာန | နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင် သတင်းစာများ၊ ဂျာနယ်များ | ၁၀၀၀၀၀ |
| | ၂. ၁. ၂ အသံလွှင့်ဌာနများ (ရေဒီယို နှင့် ရုပ်မြင်သံကြား) မှ ထုတ်လွှင့်သည့် ကုန်သွယ်မှုနှင့် ပတ်သက်သည့် အစီအစဉ်များကို အဓိကသက်ဆိုင်သည့် သူများထံ ရောက်ရှိစေရန် မဟာဗျူဟာတစ်ရပ် ချမှတ်ရန်၊ ၎င်းတွင် အသံလွှင့် ဌာနများ (ရေဒီယို နှင့် ရုပ်မြင်သံကြား) မှထုတ်လွှင့်မှုများကို နားထောင်သူများနှင့် ကြည့်ရှုသူများကို စာရင်း ပြုစုထားရန် နှင့် စောင့်ကြည့်စစ်ဆေးခြင်းများ၊ လေ့လာစစ်တမ်းကောက်ယူခြင်းနှင့်ညှိနှိုင်းဆွေးနွေးမှုများ ဆောင်ရွက်ခြင်းနှင့် စမ်းသပ်မှုတစ်ခုကိုပြင်ဆင် ဆောင်ရွက်ခြင်းများပါဝင်ရန်၊ | ၂ | ပုဂ္ဂလိကကဏ္ဍမှ ပါဝင်သူများ | - ကုန်သွယ်မှုသတင်း အချက်အလက်များကို အသံလွှင့် ဖြန့်ဖြူး သွားနိုင်ရန် အတွက် အမျိုးသား အဆင့် မဟာဗျူဟာတစ်ရပ် ပေါ်ပေါက်လာစေရန်<br>- နားထောင်၊ ကြည့်ရှုသူဦးရေနှင့် | ပြန်ကြားရေး ဝန်ကြီးဌာန | အသံလွှင့်ဌာန များ | FM ၈ လိုင်း၊ ရုပ်မြင်သံကြား ၁၀ လိုင်း (လယ်သမား လိုင်းကဲ့သို့ ကုန်သည်များ အတွက် လိုင်း ထုတ်လွှင့်ပေးရန်) | ၆၀၀၀၀ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | | | | အစီအ စဉ်အမျိုးမျိုးကို ကြည့်ရှုသည့် အချိန် ကာလ စသည့် အချက်အလက်များကို ကောက်ယူစုဆောင်းထားရန် | | | | |
| ၂.၂ သတင်းအချက်အလက်များ ဖြန့်ဖြူးရာတွင် မိတ်ဖက်အသစ်များ ပါဝင်လာစေရန် | ၂.၂.၁ မိုဘိုင်းဖုန်း ကွန်ရက်များမှတဆင့် ကုန်သွယ်မှု သတင်းအချက်အလက်များကို ပျံ့နှံ့ရောက်ရှိစေရန်အတွက် မဟာဗျူဟာတစ်ရပ် ချမှတ်ဆောင်ရွက်ရန်၊ ၎င်း တွင် တောင်းဆိုမှုများကို သိရှိနိုင်ရန်အတွက် ညှိနှိုင်းဆွေး နွေးခြင်းများနှင့် စစ်တမ်းကောက်ယူခြင်းများနှင့် မိုဘိုင်း ဖုန်းနည်းပညာအသုံးပြုခြင်းအတွက် ဖြစ်နိုင်ချေများကို လေ့လာခြင်းများ ပါဝင်မည်ဖြစ်သည်။ မဟာဗျူဟာကို စတင်မဆောင်ရွက်မီ စမ်းသပ်မှုလုပ်ဆောင်ရန်၊ | ၃ | ပုဂ္ဂလိကကဏ္ဍမှ ပါဝင်သူများ | -မိုဘိုင်းသတင်းအချက်အလက် ဝန်ဆောင်မှုကို စတင်ဆောင်ရွက်ရန်<br>-အသုံးပြုသည့် လူအရေအတွက် | စီးပွား/ကူးသန်းဝန်ကြီးဌာန | လယ်/ဆည်ဝန်ကြီးဌာန၊ တယ်လီဖုန်းကုမ္ပဏီများ၊ မြန်မာ့ဆက်သွယ်ရေးနှင့် စာတိုက်လုပ်ငန်း၊ | | ၁၀၀၀၀၀ |
| | ၂.၂.၂ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ကုန်သွယ်မှုသင်တန်းကျောင်း (စီးပွား/ကူးသန်းဝန်ကြီးဌာန) နှင့် မြန်မာ့လယ် ယာလုပ်ငန်း ကဲ့သို့သော အဖွဲ့အစည်းနှင့် ဌာနအသစ် များမှတဆင့် ကုန်သွယ်မှုသတင်းအချက် အလက်များကို ဖြန့်ဖြူးရန်အတွက် မဟာဗျူဟာတစ်ခု ချမှတ်ရန်၊ အဆိုပါ အဖွဲ့အစည်းများက ထုတ်လုပ်သူများ နှင့် ကုန်သည်များသို့ သတင်းအချက်အလက်များ ပျံ့နှံ့ ရောက်ရှိစေရန် ကူညီ ပေးနိုင်သည်။ မဟာဗျူဟာကို ပြင်ဆင်ရာတွင် တောင်းဆိုမှုများကို သိရှိနိုင်ရန်အတွက် ညှိနှိုင်းဆွေးနွေးခြင်းများနှင့် စစ်တမ်းကောက်ယူခြင်းများ နှင့် ၎င်းတို့၏ ဆက်စပ်မှုနှင့် နှိုင်းယှဉ်အကျိုးကျေးဇူးများ | ၂ | ပုဂ္ဂလိကကဏ္ဍမှ ပါဝင်သူများ | သတင်းအချက်အလက်ပံ့ပိုးသူအသစ် များမှတဆင့် ကုန်သွယ်မှုသတင်း အချက်အလက်များကို ဖြန့်ဝေသွားရန်၊ | စီးပွား/ကူးသန်းဝန်ကြီးဌာန | လယ်/ဆည်ဝန် ကြီးဌာန၊ မွေး/ရေ/ကျေး လက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စီးပွားရေးသတင်းအချက်အလက်အဖွဲ့၊ အီလက်ထရောနစ်ကုန်သွယ်ရေး၊ | ငွေလဲနှုန်းများ၊ ကုန်စည်ဈေးနှုန်းများနှင့် ကုန်သွယ်မှုသတင်းအချက်အလက်များ ကဲ့သို့သော မြန်မာအီလက်ထရောနစ်ကုန်သွယ်ရေး (eTrade Myanmar) | ၁၀၀၀၀၀ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | အပေါ် အခြေခံ၍ အခြားသောအဖွဲ့အစည်းများကို အသုံး ပြုရန် ဖြစ်နိုင်ချေများကို လေ့လာသွားရန်၊ မဟာဗျူဟာကို စတင် မဆောင်ရွက်မီ စမ်းသပ်မှု လုပ်ဆောင်ရန်၊ | | | | | ကုန်စည်ဒိုင်များ စသည်ဖြင့် | မှ ပံ့ပိုးပေးသည့် ကုန်သွယ် မှုဆိုင်ရာအချက်အလက်များ | |
| | ၂.၂.၃ ကုန်သွယ်မှုသတင်းအချက်အလက် ပံ့ပိုးပေးသည့် အဖွဲ့အစည်းအသစ်များ (အကြံပေးလုပ်ငန်းများ၊ သုတေသနအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ အောက်ရှိ သုတေသနဌာနများ) အား ကုန်သွယ်မှု သတင်းအချက် အလက်များကို မည်ကဲ့သို့ စီစစ်၊ ဘာသာပြန်ဆို၊ တင်ပြရမည်ဆိုသည်အတွက် အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ် သင်တန်းပေးရန်၊ | ၂ | သတင်းအချက်အလက်ပံ့ပိုးသူများ | - TSIs အဖွဲ့ဝင်အသစ်များအား လေ့ကျင့်သင်ကြားပေးရန်၊<br>-သင်တန်းကို သုံးလတစ်ကြိမ် ပြုလုပ်ပေး ရန်၊ | စီးပွား/ကူးသန်းဝန်ကြီးဌာန | ပြန်ကြားရေးဝန်ကြီးဌာန၊ အကြံပေးလုပ်ငန်းများ၊ | | ၈၀၀၀၀ |
| ၂.၃ သတင်းအချက်အလက်များ ဖြန့်ဖြူးရန် အတွက် one-stop portal တစ်ခု တည် ဆောက် ပေးရန် | ၂.၃.၁ လစဉ် one-stop portal အတွက် အချိန်နှင့် တပြေးညီသတင်းများကို ပံ့ပိုးပေးနိုင်ရန် အတွက်ညှိနှိုင်းကြား ချက်များ ပြင်ဆင်ရေးဆွဲနိုင်ရန် ကုန်သွယ်မှုသတင်း အချက်အလက် ပံ့ပိုးသူများ အကြား နားလည်မှုစာချွန်လွှာရေးထိုး၍ ပူးတွဲအထူး လုပ်ငန်းအဖွဲ့ကို တည်ထောင် ဆောင်ရွက်သွားရန်၊ မည်သည့် ဝန်ဆောင်မှုလုပ်ငန်း အတွက် အခကြေးငွေယူမည်၊ မယူမည်ဆိုသည်ကို ဆုံးဖြတ်ရန်၊ | ၃ | TSIs, စီးပွားရေးလုပ်ငန်းများ၊ ပို့ကုန်လုပ်ငန်း စတင်လုပ်ကိုင်နေသူများ၊ | -ပင်မ ဝက်ဘ်ဆိုဒ်အတွက်ကုန်သွယ်မှုသတင်း အချက်အလက်ပံ့ပိုး နေသည့် TSIs များအားလုံးအတွက် အစီအစဉ်များ ချမှတ်ပေးရန်၊<br>-အထူးလုပ်ငန်းအဖွဲ့များ ဖွဲ့စည်းပြီး ညှိနှိုင်းကြားချက်များကို ပြင် ဆင်ဆောင်ရွက်ရန်၊ | စီးပွား/ကူးသန်းဝန်ကြီးဌာန | UMFCCI,<br>ပုဂ္ဂလိကအတိုင်ပင်ခံ လုပ်ငန်းများ သို့မဟုတ် ကုမ္ပဏီများ | | ၅၀၀၀၀ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | ၂.၃.၂ အသုံးပြုသူများ အလွယ်တကူ အသုံးပြုနိုင်မည့် ကုန်သွယ်မှုသတင်းအချက်အလက်ဝန်ဆောင်မှုအတွက် အဓိကဝင်ပေါက်ဖြစ်သည့် focal web portal တစ်ခု တည်ဆောက်ပေးရန်၊ ဥပမာ-<br>- ဈေးကွက်ဝင်ရောက်ရေးဆိုင်ရာ သတင်းအချက်အလက်များ<br>- မြန်မာနိုင်ငံ၏ ကုန်သွယ်မှုဆိုင်ရာ သဘောတူစာချုပ် များ<br>- မြန်မာနိုင်ငံနှင့် ကမ္ဘာတစ်ဝှမ်းတွင် ကျင်းပသည့် စီးပွား ရေးဆိုင်ရာပွဲများ၊ ကုန်စည်ပြပွဲများနှင့် အလုပ်ရုံဆွေး နွေးပွဲများ၊ ညီလာခံများ<br>- ပို့ကုန်တင်ပို့ရန်အတွက် လမ်းညွှန်ချက်များပေးရန်<br>- ပုံနှိပ်ထုတ်ဝေခြင်း၊ ဥပမာ- သတင်းလွှာများ<br>- စီးပွား/ကူးသန်းဝန်ကြီးဌာနအောက်ရှိ တိုင်းဒေသကြီး ရုံးများနှင့် ဆက်သွယ်နိုင်သည့် အချက်အလက်များ<br>- ပို့ကုန်/သွင်းကုန်လုပ်ငန်းရှင်များစာရင်းနှင့် ဆက်သွယ်ဆောင်ရွက်နိုင်မည့် အချက်အလက်များ<br>- ကုန်စည်ပို့ဆောင်သိုလှောင်မှုများ<br>- ဈေးကွက်အခြေအနေများ<br>ပုံနှိပ်ခြင်းနှင့် လူမှုရေးမီဒီယာများမှတဆင့် portal ကို အများပြည်သူသိရှိမှု တိုးမြင့်လာစေရန်အတွက် လှုံ့ဆော်မှုများ ပြုလုပ်သွားရန်၊ | ၃ | စီးပွားရေးလုပ်ငန်းများ၊<br>ပို့ကုန်လုပ်ငန်း စတင်လုပ်ကိုင်နေသူများ၊ | -portal အတွက် အရည်အချင်းပြည့်မီသည့် အုပ်ချုပ်သူနှစ်ဦး ရွေးချယ်ခန့်ထားရန်၊<br>- web portal တည် ထောင်ခြင်း | စီးပွား/ကူးသန်းဝန်ကြီးဌာန | UMFCCI, သံရုံးများနှင့် အကောက်ခွန် ဦးစီးဌာန | | ၁၇၀၀၀၀ |
| ၂.၄ အရေးကြီးသော သတင်းများကို ရယူဖြန့်ဖြူးနိုင်ရန်အတွက် အောက်ခြေအဆင့် | ၂.၄.၁ ကျေးလက်ဒေသများတွင် ကုန်သွယ်မှုသတင်း အချက်အလက်များကို ကောက်ယူရန်နှင့် ဖြန့်ဖြူးရန် အတွက် အသင့်တော်ဆုံး နည်းလမ်းကို ရရှိရန် ၎င်းကျေး လက်ဒေသများရှိ အဖွဲ့အစည်း | ၂ | အဖွဲ့အစည်း ခေါင်းဆောင်များ၊<br>TSIs | | စီးပွား/ကူးသန်းဝန်ကြီးဌာန | ပြန်ကြားရေး ဝန်ကြီးဌာန၊ လယ်/ဆည် ဝန်ကြီးဌာန၊ | | ၁၀၀၀၀၀ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| အထိ တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်သွားရန် | ခေါင်းဆောင်များနှင့် သတင်းအချက်အလက် ဖလှယ်သည့်စနစ်ကို ဆောင်ရွက်သွားရန်၊ သတင်း အချက်အလက်များကိုကောက်ယူရန်နှင့် ဖြန့်ဝေရန် အတွက် တရားဝင်အခြေအနေများ၊ ထိုကဲ့သို့သတင်း ဖလှယ်နိုင်ရန်အတွက် ဆွဲဆောင်မှုပြုရန်၊ နည်းပညာ လိုအပ်မှုနှင့် အဆိုပါမှုဘောင်ကို ရရှိရန်နိုင်ရန် အတွက်လိုအပ်မည့် အဆင့်များကို လေ့လာဆောင် ရွက်ရန်၊ | | | | | ပုဂ္ဂလိကမီဒီယာများ၊ ဒေသတွင်း အဖွဲ့အစည်း ခေါင်းဆောင်များ | | |
| | ၂.၄.၂ ကုန်သွယ်မှုသတင်း အချက်အလက်များကို ကောက်ယူ ရန်နှင့် ဖြန့်ဖြူးရန်အတွက်မြို့ပြလူမှုအဖွဲ့အစည်းများနှင့် သတင်းအချက်အလက်ဖလှယ်ရေး မှုဘောင်တစ်ရပ်ကို ဆောင်ရွက်သွားရန်၊ သတင်း အချက်အလက်များကို ကောက်ယူရန်နှင့် ဖြန့်ဝေရန်အတွက် တရားဝင်အခြေအနေများ၊ ထိုကဲ့သို့ သတင်းဖလှယ် နိုင်ရန်အတွက် ဆွဲဆောင်မှုပြုရန်၊ နည်းပညာလိုအပ်မှုနှင့် အဆိုပါ မှုဘောင်ကို ရရှိရန်နိုင်ရန်အတွက် လိုအပ်မည့် အဆင့်များကို လေ့လာဆောင်ရွက်ရန်၊ | ၂ | မြို့ပြလူမှုအဖွဲ့အစည်းများ၊ သတင်းအချက်အလက်ကောက်ယူသူများ | | စီးပွား/ကူးသန်း ဝန်ကြီးဌာန | ပြန်ကြားရေး ဝန်ကြီးဌာန၊ အလှူရှင်အဖွဲ့အ စည်းများ | | ၆၀၀၀၀ |

၁၉

| မဟာဗျူဟာဦးတည်ချက် (၃) - ကုန်သွယ်မှုသတင်းအချက်အလက်များ၏ အရည်အသွေးနှင့် အချိန်မီရရှိမှုကို မြှင့်တင်ရေး။ | | | | | | | | |
|---|---|---|---|---|---|---|---|---|
| လုပ်ငန်းပိုင်းဆိုင်ရာ ဦးတည်ချက် | ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ | ဦးစားပေး ၁- မြင့် ၂-လတ် ၃- နိမ့် | အကျိုးခံစားခွင့်ရှိသူများ | ဦးတည်သော အတိုင်းအတာ | ဦးဆောင်အကောင်အထည်ဖော်မည့် အဖွဲ့အစည်း | အထောက်အကူပေးမည့်ဌာန/ အဖွဲ့အစည်း | လက်ရှိစီမံကိန်းများနှင့် ရရှိလာနိုင်ချေရှိသည့် အထောက်အပံ့များ | ခန့်မှန်းကုန်ကျစရိတ် (အမေရိကန် ဒေါ်လာ) |
| ၃. ၁ ကုန်သွယ်မှုသတင်းအချက်အလက်များထောက်ပံ့ ခြင်းကို အချိန်နှင့် တပြေးညီ ဆောင် ရွက်ရန် | ၃. ၁. ၁ လူများ၊ အပင် သို့မဟုတ် တိရစ္ဆာန်များ၏ ကျန်းမာရေး၊ အထူးသဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောထွက်ပစ္စည်းကဏ္ဍများအတွက် ပိုးမွှားအန္တရာယ် နှင့် ပိုးသတ်ဆေးသုံးစွဲခြင်းများကို ကာကွယ်ရန် သို့မဟုတ် ကန့်သတ်ရန်ခြင်းပြုလုပ်ရန် အစိုးရနှင့် ပုဂ္ဂလိ ကကဏ္ဍမှ ဆောင်ရွက်သူများအားလုံး အကြား သတင်း အချက်အလက် ဖလှယ်ခြင်းဆောင်ရွက်ရာတွင် လွယ်ကူ စေရန်အတွက် အချက်ပေးသည့် စနစ်တစ်ခုကို ဆောင်ရွက်သွားရန်၊ အဆိုပါစနစ်ကိုမိုဘိုင်းကွန်ယက်နှင့် လယ်သမားများနှင့် ထုတ်လုပ်သူများအား မှတ်ပုံတင်စေ ခြင်းမှတဆင့် ဆောင်ရွက်ပေးသွားရန်၊ | ၂ | လယ်သမားများနှင့် အသေးစား လုပ်ငန်းရှင်များ | အချက်ပေးစနစ်ကို ဆောင်ရွက်ရန်၊ အချက်ပေးစနစ် | လယ်/မွေး/ ဆည် ဝန်ကြီး ဌာန | ပြန်ကြားရေး ဝန် ကြီးဌာန။ စိုက်ပျိုးရေးဆိုင်ရာ ဓာတုဗေဒ အဖွဲ့အစည်း များ | | ၁၅၀၀၀၀ |
| | ၃. ၁. ၂ ကုန်သွယ်မှုသတင်းအချက်အလက်များကို ပိုမို ကောင်းမွန်စွာ ဖြန့်ဖြူးနိုင်ရန်အတွက် စံချိန်မီ အဓိပ္ပါယ် ဖွင့်ဆိုချက်များအပါအဝင် အချက်အလက်များကို ကွန်ပျူတာစနစ်ဖြင့်ဆောင်ရွက်နိုင်ရန် အတွက် နိုင်ငံ အဆင့် အစီအစဉ်တစ်ခုကို ဆောင်ရွက်ရန်၊ | ၃ | TSIs | အချက်အလက်များကို ကွန်ပျူတာစနစ် ဆောင်ရွက်ရန်နှင့် ဖြန့်ဖြူးရန်အတွက် မဟာဗျူဟာတစ်ခု ပေါ်ပေါက်လာစေ | စီးပွား/ကူးသန်း ဝန်ကြီးဌာန | စီးပွားရေး သံမှူး များ၊ UMFCCI ပြန်ကြားရေး | International Monetary Fund in the field of macroecono -mic | ၁၅၀၀၀၀ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | | | | ရန်၊ | | ဝန် ကြီးဌာန၊ မြန်မာ့ကြေးနန်းနှင့် စာတိုက် | statistics, European Union with Comext | |
| | ၃. ၁. ၃ သတင်းအချက်အလက်များကို မှန်ကန်သောချန်နယ်များသို့ လျင်မြန်စွာ လွှဲပြောင်းပို့ဆောင်ပေးနိုင်ရန်အတွက် အိုင်တီစနစ်/အခြေခံအဆောက်အအုံကို တည်ထောင်သွားရန်၊ | ၃ | TSIs | အိုင်တီကွန်ယက်ကို တည်ထောင်ရန် | စီးပွား/ကူးသန်း ဝန်ကြီးဌာန | UMFCCI<br><br>မြန်မာ စာတိုက်နှင့် ကြေးနန်း ဆက်သွယ်ရေး<br><br>ပြန်ကြားရေး ဝန် ကြီးဌာန၊<br><br>သက်ဆိုင်ရာ ဝန် ကြီးဌာန များအားလုံး | ရင်းနှီးမြှုပ်နှံသူများ အတွက် One-stop ဝန်ဆောင်မှုပေးရန်၊ (မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်) ၎င်းကို နမူနာပုံစံတစ်ခုအဖြစ်အသုံးပြုသွားရန်၊ | ၃၀၀၀၀၀ |
| ၃. ၂ စီစစ်ခြင်းနှင့် အကျဉ်းချုပ်ရေးသားခြင်းဖြင့် သတင်းအ ချက်အလက်များကို ပိုမိုကောင်းမွန်အောင် ပြုလုပ်ရန်၊ | ၃. ၂. ၁ သတင်းအချက်အလက်များကောက်ယူခြင်း၊ သတင်းအချက်အလက်များကို ထုတ်လုပ်ခြင်း (သင့်တော်မှု၊ အရည်အသွေးနှင့် သတင်း အချက်အလက်များ၏ ယုံကြည်စိတ်ချရမှု၊ အသုံးပြုသည့်နည်းစနစ်၊ ကိရိယာများ စသည်ဖြင့်) အတွက် TSI မှကိုယ်စားလှယ်များ အတွက် training workshops များ ပြုလုပ်ပေးရန်၊ | ၃ | TSIs | Training workshops များကို သုံးလ တစ်ကြိမ်ပြုလုပ်ပေးသွားရန်၊ | စီးပွား/ကူးသန်း ဝန်ကြီးဌာန (မြန်မာကုန်သွယ်မှုမြှင့်တင်ရေး အဖွဲ့) | UMFCCI<br><br>အကောက်ခွန်၊ အကြံပေးလုပ်ငန်းများနှင့် ဥပဒေအဖွဲ့များ | | ၈၀၀၀၀ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | ၃. ၂. ၂ သတင်းအချက်အလက် ကောက်ယူခြင်းမှ ဖြန့်ဖြူးခြင်းအထိ တတိယဈေးကွက်သို့ ပို့ကုန် တင်ပို့ရန် အတွက် လိုအပ်မည့် သတင်းအချက် အလက် များကို တိုး မြှင့်ရရှိရန်အတွက် မဟာဗျူဟာ တစ်ရပ်ပေါ်ပေါက်လာ စေရန်၊ မဟာဗျူဟာသည် အကောင်းဆုံးလက်တွေ့ လုပ်ဆောင်မှုများနှင့် သက်ဆိုင်ရာ နယ်ပယ်ရှိ ကျွမ်းကျင်သူများနှင့် ပါဝင် ပတ်သက်သူများ အားလုံးအား လေ့လာစစ်တမ်း ကောက်ယူမှုအပေါ်တွင် အခြေခံမည် ဖြစ်သည်၊ | ၂ | ပို့ကုန်လုပ်ငန်းရှင် များနှင့် ပို့ကုန် လုပ်ငန်းကို စတင် လုပ်ကိုင်နေ သူများ | လက်ရှိနှင့် အလား အလာရှိသော ပို့ကုန် လုပ်ငန်းရှင် များအတွက် တတိယဈေး ကွက် သို့ ကောင်းမွန် စွာ ဝင်ရောက်နိုင်ရန် အတွက် လိုအပ် ချက်များသိရှိစေရန်၊ | စီးပွား/ကူးသန်း ဝန်ကြီးဌာန (မြန်မာကုန် သွယ်မှုမြှင့်တင် ရေး အဖွဲ့) | UMFCCI, ဆက်စပ်ဝန်ကြီး ဌာနများနှင့် စီးပွားရေးသံမှူး များ | | ၆၀၀၀၀ |

**မဟာဗျူဟာဦးတည်ချက် (၄) - မြန်မာနိုင်ငံအတွင်းရှိ ကုန်သွယ်မှုအထောက်အကူပြုအဖွဲ့အစည်းများအကြား ပေါင်းစပ်ညှိနှိုင်းမှုနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး။**

| လုပ်ငန်းပိုင်းဆိုင်ရာ ဦးတည်ချက် | ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ | ဦးစားပေး ၁- မြင့် ၂-လတ် ၃- နိမ့် | အကျိုးခံစားခွင့်ရှိသူများ | ဦးတည်သော အတိုင်းအတာ | ဦးဆောင်အကောင်အထည်ဖော်မည့် အဖွဲ့အစည်း | အထောက်အကူပေးမည့်ဌာန/ အဖွဲ့အစည်း | လက်ရှိစီမံကိန်းများနှင့် ရရှိလာနိုင်ချေရှိသည့် အထောက်အပံ့များ | ခန့်မှန်းကုန်ကျစရိတ် (အမေရိကန်ဒေါ်လာ) |
|---|---|---|---|---|---|---|---|---|
| ၄. ၁ ကုန်သွယ်မှုသ တင်းအချက်အလက်ကွန်ယက်အတွက် Focal Point တစ်ခု ကို ဖော်ဆောင် တည်ထောင်ပေးရန် | ၄. ၁. ၁ စီးပွား/ကူးသန်းဝန်ကြီးဌာနရှိ ကုန်သွယ်မှုမြှင့်တင်ရေးဌာနကို ကုန်သွယ်မှုသတင်းအချက်အလက်ကွန် ရက်အတွက် အဓိက Focal Point အဖြစ် ဆောင်ရွက်နိုင် ရန်အတွက် ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ - TPO (အခြား သော အာဆီယံနိုင်ငံများကဲ့သို့ သီးခြားရပ်တည်သော အဖွဲ့အစည်းအဖြစ်) သို့ အဆင့်မြှင့်တင်ဆောင်ရွက်ရန်၊ | ၁ | TSI နှင့် လုပ်ငန်းများ | -TPO ပေါ် ပေါက် လာရန် အတွက် အဆိုပြုချက်နှင့် လုပ်ငန်းစီမံချက်များ၊<br>-TPO တည်ထောင် ရန် အတွက် လိုအပ်မည့် ဥပဒေဆိုင်ရာ ကိစ္စရပ်များ၊<br>-TPO တည်ထောင် ခြင်းနှင့် လုံလောက် သော ရင်းမြစ်များ၊<br>- နိုင်ငံခြားဈေးကွက် တွင် မြန်မာ့ ထုတ် ကုန်များကို ပိုမိုသိရှိ လာစေရန်၊ | စီးပွား/ကူးသန်းဝန်ကြီးဌာန | စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန၊ | | ၁၀၀၀၀၀၀၀ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | | | | - မြန်မာ့ပို့ကုန် များ ကို ပိုမိုတင်ပို့နိုင်ရန် | | | | |
| | ၄. ၁. ၂ ခရိုင်အဆင့်ရှိ ပုဂ္ဂလိကမှ ပါဝင်ဆောင်ရွက်သူ များအတွက် ကုန်သွယ်မှုသတင်းအချက်အလက် ဗဟိုဌာန များ တည်ထောင်ပေးရန်၊ ထိုဗဟိုဌာနများသည် ကုန်သွယ် ရေးအဖွဲ့အစည်းများနှင့် အခြား TSIs များမှ ဆက်စပ် သတင်းအချက်များ ကောက်ယူပေးမည်ဖြစ်ပြီး အသုံးပြုသူများသို့ အီလက် ထရောနစ်၊ စာရွက်စာတမ်း သို့မဟုတ် အခြားသော နည်းလမ်းတစ်မျိုးမျိုးဖြင့် ရောက်ရှိအောင် ဆောင် ရွက်ပေးရန်၊ အဆိုပါဗဟိုဌာနများကို စီးပွား/ကူး သန်းဝန်ကြီးဌာနအောက်ရှိ တိုင်းဒေသကြီးရုံးများတွင် ထားရှိပြီး အင်တာနက်အခြေခံ သို့မဟုတ် CD-ROMs သို့မဟုတ် ပုံနှိပ်စာအုပ်များအဖြစ် ထားရှိ ဆောင်ရွက် ပေးရန်၊ | ၃ | ပို့ကုန်လုပ်ငန်းရှင်များ၊<br>စီးပွားရေးလုပ်ငန်းများ၊ | ကုန်သွယ်မှုသတင်းအချက်အလက် ဗဟို ဌာနများထားရှိဆောင်ရွက်ပေးရန် | မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့<br>( စီးပွား/ကူး သန်းဝန်ကြီးဌာန) | UMFCCI,<br>ကုန်သွယ်ရေးအသင်း ၃၈ သင်း | ပြည်နယ်/တိုင်းဒေသကြီးများအားလုံးတွင် ကုန်သွယ်မှု မြှင့်တင်ရေး သတင်းအချက်အလက် ဝန်ဆောင်မှုဌာန ၁၄ ခု၊ မြန်မာနိုင်ငံတစ် ဝှန်းတွင် လက် ရှိ ကုန်စည်ဒိုင် ၄၁ ခု၊ | ၇၅၀၀၀၀ |
| | ၄. ၁. ၃ ကုန်သွယ်မှုသတင်းအချက်အလက် ဗဟိုဌာန များနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်နှင့် သတင်း အချက်အလက် ဖလှယ်ခြင်းကို လွယ်ကူစေရန် ကုန်သွယ် မှုသတင်းအချက်အလက် ကွန်ရက်အတွက် Focal Point တစ်ခု တည်ထောင်ရန်၊ Focal Point သည် ပုဂ္ဂလိက ကဏ္ဍမှ ပါဝင်သူများ အားလုံးအား ကွန်ရက်အကြောင်း (အသိ | ၂ | TSIs များ၊<br>ပို့ကုန်လုပ်ငန်းရှင်များ | Focal Point တစ်ခု တည်ထောင်ခြင်း | စီးပွား/ကူးသန်းဝန်ကြီးဌာန | အခြားဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကကဏ္ဍမှအဖွဲ့ချုပ်များ | ကုန်သွယ်ရေးဦးစီးဌာန၊<br>ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန | ၁၅၀၀၀၀ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | ပညာပေးရေးဆောင်ရွက်မှုများ၊ သတင်းလွှာများ၊ သိမြင်နိုင်သောအရာများ စသည်ဖြင့်) အသိပေးရန် အဓိကအခန်းကဏ္ဍမှ ဆောင်ရွက်ပေးသွားရန်၊ Focal Point ကို မြန်မာကုန်သွယ်မှုဗဟို ဌာနတွင် ထားရှိ ဆောင်ရွက်ရန်၊ | | | | | | | |
| | ၄. ၁. ၄ မြို့နယ်အဆင့်တွင် စိုက်ပျိုးရေးလုပ်ငန်းများ အ တွက် သတင်းအချက်အလက် ဗဟိုဌာနများ တည်ထောင် ရန်၊ ထိုဗဟိုဌာနများသည် လယ်သမားများအား ထုတ်လုပ် မှုနည်းလမ်းများ၊ ပိုးသတ်ဆေး အသုံးပြုမှုများ၊ စံချိန်စံညွှန်းများ၊ ဈေးကွက်ဝင်ရောက်ရန် လိုအပ်ချက်များ စသည့် အကြောင်းအရာများကို အဓိကအားဖြင့် အသိပေးသွား ရန်၊ အဆိုပါဗဟိုဌာနများကို လယ်/မွေး/ဆည် ဝန်ကြီးဌာန လက်အောက်ရှိ တိုင်းဒေသကြီးရုံးများတွင် ထားရှိပြီး အင်တာနက် အခြေခံ သို့မဟုတ် CD-ROMs သို့မဟုတ် ပုံနှိပ်စာအုပ်များအဖြစ် ထားရှိဆောင်ရွက်ပေးရန်၊ | ၂ | စီးပွားရေးလုပ်ငန်းများ | မြို့နယ်များတွင် ဗဟို ဌာနများ တည်ထောင်ရန် | လယ်/မွေး/ဆည် ဝန်ကြီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန | မြန်မာနိုင်ငံ ဆန် စပါး အသင်း ချုပ်၊ မြန်မာနိုင်ငံ သစ်သီးဝလံနှင့် ဟင်းသီးဟင်း ရွက် ထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း | | ၅၀၀၀၀၀ |
| ၄. ၂ လုပ်ငန်းပိုင်းဆိုင်ရာဦးတည်ချက် ၄. ၁ အောင်မြင်အောင် ဆောင်ရွက်ပြီးပါက ကုန်သွယ်မှု သတင်းအချက်အလက် ကွန်ရက်ကို ပိုမိုအားကောင်း | ၄. ၂. ၁ ပြည်တွင်းထုတ်လုပ်မှု၊ အသင်းအဖွဲ့များ၊ စီးပွားရေး နှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ၊ အသိအမှတ်ပြု လက်မှတ်နှင့် စံချိန်စံညွှန်းများစသည့် web portal တွင် ရရှိနိုင်သည့် သတင်းအချက်အလက်များကို တိုးချဲ့ဆောင်ရွက်သွားရန်၊ | ၂ | စီးပွားရေးလုပ်ငန်းများ | - web portal တည် ထောင်ရန် -သတင်းအချက်အလက်များကို တစ်စုတစ်စည်းတည်း ရရှိ စေရန် | မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ | UMFCCI, နိုင်ငံခြား ကုန်သည်အသင်းချုပ် များ၊ စီးပွားရေး သံမှူးများ၊ မြန်မာသံရုံးများ နှင့် ကိုယ်စား လှယ်အဖွဲ့များ၊ | | ၆၀၀၀၀ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| အောင် ဆောင်ရွက်ရန် | ၄. ၂. ၂ ပြည်တွင်းနှင့် နိုင်ငံခြားမှ ကုန်သွယ်မှုနှင့် ပတ်သက်၍ စုံစမ်းမေးမြန်းလာမှုများကို လက်ခံ၍ ပြည့်စုံစွာ ပြန်လည်ဖြေကြားနိုင်ရန်အတွက်ကုန်သွယ်မှု သတင်းအချက်အလက်ကွန်ရက်အတွက်ကုန်သွယ်မှုဆိုင်ရာ စုံစမ်းမှုများကို ဖြေကြားသည့် စနစ်တစ်ခုကို ဆောင်ရွက်ပေးရန်၊ | ၂ | စီးပွားရေးလုပ်ငန်းများ | - ကုန်သွယ်မှုဆိုင်ရာ စုံစမ်းမှုများကို ဖြေ ကြားသည့် စနစ် တစ်ခုကို ဆောင်ရွက်ပေးရန်၊<br>- ပြန်လည်ဖြေကြားမှုများသည် ထိရောက် မှုရှိမရှိကို လေ့လာစစ် တမ်း ကောက်ယူခြင်းမှတဆင့် အကဲဖြတ်ဆောင်ရွက်ရန်၊ | မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ | UMFCCI,<br>နိုင်ငံခြား ကုန်သည်အသင်းချုပ်များ၊ စီးပွားရေးသံမှူးများ၊ မြန်မာ သံရုံးများနှင့်ကိုယ်စားလှယ် အဖွဲ့များ၊ | | ၁၀၀၀၀၀ |
| ၄. ၃ ကုန်သွယ်မှုသတင်းအချက်အလက်ကွန်ရက်စဉ် ဆက်မပြတ်ရရှိနိုင်မှု သေချာစေရန် | ၄. ၃. ၁ ဝန်ကြီးဌာနများနှင့် အသင်းအဖွဲ့များမှပါဝင် ပတ်သက်လုပ်ကိုင်သူများအားလုံးအကြားလုပ်ငန်းဆက် သွယ်လုပ်ကိုင်မှုနှင့် ဆက်သွယ်ဆောင်ရွက် မှုများ ခိုင်မာစေခြင်းဖြင့် ကုန်သွယ်မှုသတင်းအချက်အလက် ကွန်ရက်အတွင်းရှိ အဓိက မိတ်ဖက်များ၏ တက်ကြွစွာ ပူးပေါင်း ဆောင်ရွက်မှုကို ထိန်းသိမ်းသွားရန်၊ ထိုသို့ ပူးပေါင်း ဆောင်ရွက်မှု သေချာစေရန်အတွက် နားလည်မှုစာချွန်လွှာ သို့မဟုတ် တရားဝင် စာချုပ်စာတမ်းများ ရေးထိုး ဆောင်ရွက်သွားရန်၊ | ၃ | TSIs | ကုန်သွယ်မှုသတင်းအချက်အလက် ကွန် ရက်အတွက် တာဝန် ခံရန် အဖွဲ့ဝင် တစ်ခုလျှင် အနည်း ဆုံး တစ်ဦးစီ ရွေးချယ် ခန့် ထားရန်၊ | စီးပွား/ကူးသန်း ဝန်ကြီးဌာန | ဝန်ကြီးဌာနများနှင့် အသင်းအဖွဲ့ များအားလုံး | | ၁၀၀၀၀၀ |
| | ၄. ၃. ၂ ပြည်တွင်းနှင့် နိုင်ငံခြား ကုန်သွယ်မှုသတင်းအ ချက်အလက် အေဂျင်စီများနှင့် ရေရှည် မိတ်ဖက်ဆက်ဆံ မှုကိုတည်ဆောက်ရန် (ပူးတွဲအစီအစဉ်များ၊ | ၂ | TSIs | နိုင်ငံခြား ကုန်သွယ်မှု သတင်းအချက်အ လက် အေဂျင်စီ | စီးပွား/ကူးသန်း ဝန်ကြီးဌာန | UMFCCI<br>ဗြိတိန်နိုင်ငံ | | ၅၀၀၀၀၀ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | နားလည်မှု စာချွန်လွှာများ သို့မဟုတ် တရားဝင် စာချုပ်စာတမ်းများ ရေးထိုးခြင်းမှတစ်ဆင့်) နှင့် ကွန်ရက်ကို တိုးတက်စေရန် အတွက် အခြားသော သက်ဆိုင်သည့်အဖွဲ့အစည်းများ၏ နည်းပညာများ နှင့် ၎င်းတို့၏ အတွေ့အကြုံများမှ တဆင့် အကျိုး အမြတ် ရရှိအောင်ဆောင်ရွက်ရန်၊ (သတင်းအ ချက် အလက်ကောက်ယူခြင်းစနစ် နှင့် / သို့မဟုတ် သင်တန်းနှင့် စွမ်းဆောင်ရည် တည်ဆောက်ရေး ဆောင်ရွက်မှုများ) | | | များ နှင့် မိတ်ဖက် ဆက် သွယ်မှု ဆောင်ရွက် သွား ရန်နှင့် အသိ ပညာများ ဖလှယ် သွားရန်၊ | | ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုရှိ ကုန်သွယ်မှုသ တင်းအချက်အ လက်ဌာန၊ ITC ၊ ဂျပန် ပြည်ပ ကုန်သွယ်ရေး အဖွဲ့ နှင့် IT ကုမ္ပဏီ များမှ နည်း ပညာ အကူ အညီများ၊ | | |

# BIBLIOGRAPHY

Anukoonwattaka, W. & Mikic, M. (2012). Myanmar: opening up to its trade and foreign direct investment potential. UNESCAP Trade and Investment Division, Staff Working Paper 01/12. Bangkok: UNESCAP.

Financial Times (2013). *The fDi Report 2013.*

IMG (2012). *Instruments for Stability: Support to the Promotion of Reform in Burma / Myanmar Project.* Trade Mission Final Report.

International Finance Centre Advisory Services in East Asia and the Pacific (2013). *Microfinance in Myanmar Sector Assessment.*

International Monetary Fund (2013). Myanmar begins participation in the IMF's general data dissemination system. Press Release No. 13/449, 14 November.

International Monetary Fund (2013). Myanmar: staff-monitored program. Country Report No.13/13. Washington DC: IMF.

Petropolou, D. (2008). Information costs, networks and intermediation in international trade. Centre for Economic Performance Discussion Paper No. 848. London: CEP.

United Nations Economic and Social Commission for Asia and the Pacific (2001). Export Promotion for Economies in Transition: Central Asia and South-Caucasus, Studies in Trade and Investment No. 45.

World Bank (2013). *Doing Business 2014.*

Myanmar Ministry of Commerce

**Postal address:** Office No.3, Zeya Htani Road
Nay Pyi Taw
**Phone:** +95 67 408495 / +95 67 408266
**Fax:** +95 67 408256
**E-mail:** nesmyanmar@gmail.com

International Trade Centre

**Street address:** 54-56, rue de Montbrillant
1202 Geneva, Switzerland
**Postal address:** Palais des Nations
1211 Geneva 10, Switzerland
**Telephone:** +41-22 730 0111
**Fax:** +41-22 733 4439
**E-mail:** itcreg@intracen.org
**Internet:** www.intracen.org

Federal Ministry
for Economic Cooperation
and Development

giz Deutsche Gesellschaft
für Internationale
Zusammenarbeit (GIZ) GmbH